# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၄ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက် ၂၀၂၂ ခုနှစ်၊ ဇွန် ၈ ရက်၊ ဗုဒ္ဓဟူးနေ့ အတွဲ (၆၁)၊ အမှတ် (၂၄၆)


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သောသူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို(ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက် လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး သံအမတ်ခန့်အပ်လွှာပေးအပ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H.E. Mr. J. M. Janaka Priyantha Bandara နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် ဇွန် ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. J. M. Janaka Priyantha Bandara သည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

ထို့နောက် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် သီရိလင်္ကာနိုင်ငံသို့ မြန်မာနိုင်ငံမှ အကူအညီပေးရေး ကိစ္စရပ်များ၊ စီးပွားရေးဆိုင်ရာများနှင့် စိုက်ပျိုးရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု အခြေအနေများကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၅* ❒

## ယနေ့ ဖတ်စရာ

**ငြိမ်းချမ်းစွာအဖြေရှာခြင်း နောက်ကွယ်က စေ့စပ်ညှိနှိုင်းခြင်း စွမ်းရည်နှင့် ပင်ကိုအရည်အသွေး**

ဆောင်းပါး | စာ - ၈

**ဒို့တောင်သူတွေ ဝင်ငွေတိုးဖို့ သီးထပ်သီးညှပ် စိုက်ကြစို့**

ဆောင်းပါး | စာ - ၁၀



**တောင်ကိုရီးယားနှင့် အမေရိကန် ပင်လယ်ဝါဝေဟင်ထက်တွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်**

နိုင်ငံတကာသတင်း | စာ - ၁၄

# ပလတ်စတစ်ညစ်ညမ်းမှု ထိန်းချုပ်ရေး အစီအမံများ ချမှတ်အကောင်အထည်ဖော်

မိမိတို့၏ နေ့စဉ်လူမှုဘဝများတွင် ပလတ်စတစ်ပစ္စည်းအမျိုးမျိုးတို့ကို တွင်တွင်ကျယ်ကျယ် သုံးစွဲနေကြသော်လည်း ၎င်းပစ္စည်းတို့၏ အန္တရာယ်အကြောင်းကို စဉ်းစားမိသူများ လွန်စွာနည်းပါးမည် သို့မဟုတ် စဉ်းစားသူမရှိဟုပင် ယူဆနိုင်သည်။ ကမ္ဘာပေါ်တွင် နှစ်စဉ်ပလတ်စတစ်ပစ္စည်း မက်ထရစ်တန်ချိန် သန်း ၃၀၀ ခန့် ထုတ်လုပ်သုံးစွဲနေရာ ထက်ဝက်ခန့်မှာ တစ်ခါသုံးပစ္စည်းများဖြစ်ကြောင်း ခန့်မှန်းထားကြသည်။ ပလတ်စတစ်သည် ပြန်လည်ပြုပြင်ထုတ်လုပ်နိုင်သည့် ပစ္စည်းဖြစ်သော်လည်း ကောက်ယူစုဆောင်းပြီး ပြန်လည်ပြုပြင်ထုတ်လုပ်နိုင်မှုမှာ လွန်စွာနည်းပါး၍ စွန့်ပစ်မှုနှင့် နေရာအနှံ့အပြားသို့ ပြန့်ကျဲရောက်ရှိနေမှုရာခိုင်နှုန်းက လွန်စွာများပြားသည်။

စွန့်ပစ်ပလတ်စတစ်ပစ္စည်းများ ဆွေးမြည့်ရန် နှစ်ပေါင်း ၁၀၀၀ ခန့် ကြာမြင့်နိုင်ပြီး ဆွေးမြည့်နေစဉ်အတွင်း အဆိပ်အတောက်ဓာတ်ပစ္စည်းများ ထွက်လာကာ မြေထုနှင့်ရေထုထဲသို့ စိမ့်ဝင်သွားကြသည်။ ထို့အပြင် မိုက်ခရိုပလတ်စတစ် အပိုင်းအစလေးများမှာ သက်ရှိဇီဝများနှင့် ဂေဟစနစ်တို့အတွက် အန္တရာယ်များဖြစ်နေကြပြီဖြစ်သည်။ နှစ်စဉ် ပလတ်စတစ်တန်ချိန် ရှစ်သန်းခန့် သမုဒ္ဒရာများထဲသို့ စီးဝင်လျက်ရှိရာ ယင်းသို့ စီးဝင်သည့်ထဲတွင် မြန်မာနိုင်ငံမှ မက်ထရစ်တန်ချိန် တစ်သိန်းခန့်ပါသည်။ မြန်မာနိုင်ငံမှ တစ်နှစ်လျှင် စွန့်ပစ်ပလတ်စတစ် မက်ထရစ်တန် ၀ ဒသမ ၄၆ သန်းခန့်ရှိပြီး ၂၀၁၅ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ အချက်အလက်များအရ ပလတ်စတစ်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု အားနည်းသည့် နိုင်ငံများထဲတွင် မြန်မာနိုင်ငံက အဆင့် ၂၀ တွင် ရှိနေသည်။

"ယနေ့ကာလတွင် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်လာသည့် ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ရေးအတွက် ယခုနှစ် မတ်လတွင်ကျင်းပခဲ့သည့် ပဉ္စမအကြိမ် ကုလသမဂ္ဂပတ်ဝန်းကျင်ဆိုင်ရာညီလာခံ ဒုတိယအပိုင်းတွင် ဥပဒေအရ စည်းနှောင်မှုရှိသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရန် သဘောတူညီခဲ့ကြကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ပလတ်စတစ်ညစ်ညမ်းမှု ထိန်းချုပ်နိုင်ရေးအတွက် ကဏ္ဍစုံပေါင်းစပ်ပြီး အစီအမံများ ချမှတ်အကောင်အထည်ဖော် လိုက်နာဆောင်ရွက်ရန် တိုက်တွန်းလိုကြောင်း၊ မဖြစ်မနေအသုံးပြုရန် လိုအပ်သည့် နေရာများတွင်သာ ပလတ်စတစ်အိတ်ထုပ်ပိုးမှုနှင့် အသုံးအဆောင်များသာ သုံးစေလိုကြောင်း၊ Reuse, Reduce, Recircle ဆိုသည့် တိုက်တွန်းချက်အတိုင်း နိုင်ငံသူ နိုင်ငံသားအားလုံး လိုက်ပါဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံတော်အတွက် အကျိုးများစွာ ဖြစ်ထွန်းစေမည်ဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများက အထူးအားဖြင့် တိုက်တွန်းဆောင်ရွက်စေလိုကြောင်း" စသည်ဖြင့် ၂၀၂၂ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနား၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ပလတ်စတစ်ညစ်ညမ်းမှုသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်သကဲ့သို့ မြန်မာနိုင်ငံတွင်လည်း လျစ်လျူရှုထား၍ မရသည့် အရေးအရာတစ်ရပ်အဖြစ် ဆောင်ရွက်ကြရန်အချိန် ကျရောက်နေပြီဖြစ်သည်။ ပလတ်စတစ်အိတ်များ၊ ဘူးခွက်များအပါအဝင် ပလတ်စတစ်ထုပ်ပိုးကုန်များသုံးစွဲမှု၊ ပလတ်စတစ်တစ်ခါသုံး ပစ္စည်းများသုံးစွဲမှုကို တစ်ဆင့်ပြီးတစ်ဆင့် လျှော့ချသွားပြီး ပိတ်ပင်တားဆီးရန်၊ ပလတ်စတစ် အသုံးအဆောင်များအစားအခြားပစ္စည်းများ ထုတ်လုပ်သုံးစွဲမှုကို အားပေးမြှင့်တင်ရန်အတွက် ပြည်သူလူထုအား အသိပညာပေးမှုများ မြှင့်တင်ခြင်းမှစကာ လက်တွေ့အကောင်အထည်ဖော်မှုများပြုလုပ်၍ မြန်မာ့ရေ၊ မြန်မာ့မြေတွင် ပလတ်စတစ်ညစ်ညမ်းမှု ကင်းစင်ပါစေကြောင်း။ ။



## တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား သတ်မှတ်ရက် တိုးမြှင့် ဖိတ်ခေါ်ခြင်း

ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း၊ သွားလာမှုခက်ခဲခြင်းကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့သော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊အနစ်နာခံတတ်သော နာသုံးနာကိုရှေးရှု၍သင်ကြားရေးတာဝန်ကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့ လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာမြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ ၇-၆-၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က ထပ်မံသတင်းထုတ်ပြန်ဖိတ်ခေါ်ခဲ့ရာ ယနေ့အထိ ဆရာ ဆရာမ(၂၈၆၀)ဦး ဆက်သွယ်သတင်းပို့ခဲ့ပါသည်။

ဆက်သွယ်သတင်းပို့ရန် ဆန္ဒရှိပါသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသော အခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း သတင်းပို့နိုင်ခြင်းမရှိသော ဆရာ ဆရာမများအတွက် သတင်းပို့ဆက်သွယ်ရမည့်ရက်ကို (၁၄ - ၆ - ၂၀၂၂) ရက်နေ့အထိ ထပ်မံ၍တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အမျိုးသားမှတ်ပုံတင်နှင့် နိုင်ငံသားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထိန်ဝင်း ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ဟသ္သာတတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာနီလာမြင့် ကို ပင်လုံတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ခန္တီးမြို့တွင် ကျောင်းနေအရွယ်ကလေးများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံ

**ခန္တီး ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့တွင် ဇွန် ၇ ရက်က ကျောင်းနေအရွယ်ကလေးများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို မြို့မရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ၌ ထိုးနှံပေးသည်။

ထိုသို့ ကာကွယ်ဆေးထိုးရာတွင် အသက်(၅ နှစ်မှ ၁၁ နှစ်)အရွယ်ကလေးကို Sinopharm ဆေး ကိုလည်းကောင်း၊ အသက် (၁၂ နှစ်မှ ၁၇နှစ်) အရွယ်ကလေးကို Myancopharm ဆေးကိုလည်းကောင်း ထိုးနှံပေးမည်ဖြစ်ကြောင်း ခရိုင်ဆေးရုံအုပ် ဒေါက်တာဒေါ်နန်းမြတ်မြတ်မွေးထံမှ သိရသည်။

အဆိုပါ ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ခန္တီးတပ်နယ်မှူး ဗိုလ်မှူးကြီးသက်ထူးစံ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ယွန်း(မုံရွာ/ကိုယ်ပွား)**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇွန် ၇**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများကို သဇင် FM ၏ " ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် PDF အမည်ခံ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းရှိ စာသင်ကျောင်းဆောင် နှစ်ဆောင်နှင့် စာသင်ခုံများ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည့်ဖြစ်စဉ် "** ခေါင်းစဉ်ဖြင့် ဇွန် ၈ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"နောင်ချိုမြို့နယ် ပညာရေးမှူးရုံး နှစ်ထပ်ကျောင်းဆောင် အစည်းအဝေးခန်းမ၌ ပညာရေးဆိုင်ရာ အစည်းအဝေးပြုလုပ်နေစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက ယုတ်မာရိုင်းစိုင်းစွာ မိုင်းထောင်ဖောက်ခွဲ၊ အခြေခံပညာမူလတန်းလွန် ကျောင်းအုပ်ဆရာမကြီးတစ်ဦး သေဆုံး၊ ကျောင်းအုပ်၊ ဆရာ၊ ဆရာမ ခြောက်ဦးနှင့် အရပ်သားဝန်ထမ်းတစ်ဦး ထိခိုက်ဒဏ်ရာရရှိမှုဖြစ်စဉ်"** နှင့် ပတ်သက်သည့် ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ် လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ကသာမြို့နယ်၌ မိုးစပါးနည်းပညာပေးသင်တန်းနှင့် ပွံ့ပိုးပစ္စည်းများ ပေးအပ်

**စစ်ကိုင်း ဇွန် ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးကိုလေးသည် မိုးစပါးမျိုးစေ့ထုတ်စံပြစိုက်ခင်းစိုက်ပျိုးမည့် တောင်သူများအား မိုးစပါးနည်းပညာပေး သင်တန်းပေးအပ်ခြင်းနှင့် မိုးစပါးဆင်းကေရီ(၃) မျိုးစေ့များ ပေးအပ်ခြင်းကို ဇွန် ၆ ရက်က မြို့နယ်စိုက်ပျိုးရေးရုံးရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားသို့ ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးကိုလေး၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးစောထွေးဦးနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ တောင်သူများ တက်ရောက်ပြီး ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ စိုက်ပျိုးရာသီတွင် မိုးသီးနှံစုစုပေါင်း ၁၂၇၂၀၄ ဧကလျာထားစိုက်ပျိုးမည်ဖြစ်ပြီး မိုးစပါးအနေဖြင့် ဧက ၃၈၅၀၀ လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**



တောင်သူများအား မိုးစပါးဆင်းကေရီ(၃) မျိုးစေ့များ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး H.E. Mr. J. M. Janaka Priyantha Bandara က ၎င်း၏ သံအမတ်ခန့်အပ်လွှာပေးအပ်စဉ်။

**" နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များ၊ ခရီးသွားလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် သီရိလင်္ကာနိုင်ငံသို့ မြန်မာနိုင်ငံမှ အကူအညီပေးရေး ကိစ္စရပ်များ၊ စီးပွားရေးဆိုင်ရာများနှင့် စိုက်ပျိုးရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံ နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု အခြေအနေများကို ရင်းရင်းနှီးနှီးဆွေးနွေး "**

❒ *ရှေ့ဖုံးမှ*

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးတို့သည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝဏ္ဏဟန်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ၏ (၂/၂၀၂၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၇**

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ၏ (၂/၂၀၂၂) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ယာပုံ)






**ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်**

အစည်းအဝေးသို့ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ(၁) အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဥက္ကဋ္ဌ (၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ကော်မတီဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရခိုင်ပြည်နယ် အစိုးရအဖွဲ့ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

**ထိရောက်လျင်မြန်စွာ ဆောင်ရွက်**

ရှေးဦးစွာ ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရေး၊ ပြန်လည်နေရာချထားပြီးနောက် ပြန်လည်ဝင်ရောက်လာသူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ပညာရေး၊ ကျန်းမာရေးကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရေး ကိစ္စရပ်များအားလည်းကောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသတွင်း လူမှုစီးပွား ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီက ရေးဆွဲဆောင်ရွက်လျက်ရှိသည့် စီမံချက်ပါ လုပ်ငန်းများအပေါ် ထိရောက်အကျိုးရှိသည့် အကြံပြုချက်များ ရရှိနိုင်ရေးအတွက် လည်းကောင်း ဝိုင်းဝန်းသုံးသပ်ဆွေးနွေးကြစေလိုပါကြောင်း၊ လုပ်ငန်းကော်မတီများအနေဖြင့် ရှေ့ဆက်လက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ရေးဆွဲထားသည့် စီမံချက်များနှင့်အညီ အောင်မြင်အောင် ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းကော်မတီများနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့အနေဖြင့် စဉ်ဆက်မပြတ် ပေါင်းစပ်ညှိနှိုင်း၍ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ထိရောက်လျင်မြန်စွာ ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ယင်းနောက် ဒုတိယဥက္ကဋ္ဌ (၁) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌ (၂) ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ပြန်လည်ဝင်ရောက်လာသူများအား လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

**ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေး**

ဆက်လက်၍ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေး၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားစိစစ်ရေး၊ ဒေသတွင်း လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေးနှင့် ပြန်လည်နေရာချထားရေးဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် ရှင်းလင်းတင်ပြကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုဆွေးနွေးမှုများအပေါ် ညှိနှိုင်းပေါင်းစပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

**သတင်းစဉ်**

## မုတ်သုံလေ အားကောင်းနေ

**နေပြည်တော် ဇွန် ၇**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။

မုတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ ကော့သောင်းမြို့တွင် ၂ ဒသမ ၇၁ လက်မ၊ ရေးမြို့တွင် ၂ ဒသမ ၆၀ လက်မ၊ မုဒုံမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ ဂွမြို့နှင့် မော်လမြိုင်မြို့တို့တွင် ၂ ဒသမ ၁၂ လက်မစီ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၁ ဒသမ ၉၀ လက်မ၊ ဟိုင်းကြီးကျွန်းမြို့တွင် ၁ ဒသမ ၈၁ လက်မ၊ မိုးကုတ် မြို့တွင် ၁ ဒသမ ၇၄ လက်မ၊ မအူပင်မြို့၊ သထုံမြို့နှင့်ချောင်းဆုံမြို့တို့တွင် ၁ ဒသမ ၇၀ လက်မစီနှင့် ပေါင်မြို့၊ ထားဝယ်မြို့နှင့် လောင်းလုံးမြို့တို့တွင် ၁ ဒသမ ၅၄ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသော H.E. Mr. J. M. Janaka Priyantha Bandara ကို လက်ခံတွေ့ဆုံ



နေပြည်တော် ဇွန် ၇

**နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ခံရသည့် H.E. Mr. J. M. Janaka Priyantha Bandara ကို ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။** (ဝဲပုံ)

**အမြင်ချင်းဖလှယ် ဆွေးနွေး**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မြန်မာ-သီရိလင်္ကာ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် အကျိုးတူ ပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေး၊ ကုလသမဂ္ဂနှင့် ဘင်းမ်စတက်အဖွဲ့ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ဥပဒေရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၇**

ဥပဒေရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲနှင့် ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အဆိုပါ ဝန်ကြီးရုံးဝင်း၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ရုံးအဝင်လမ်းဘေးရှိ တစ်ဖက်ပိတ်ဆည်အတွင်းသို့ ငါးကြင်းသားပေါက်များကို စိုက်ထည့်ပေးသည်။ ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ အမြဲတမ်းအတွင်းဝန်နှင့် ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများက ဆည်အတွင်းသို့ ငါးကြင်း သားပေါက်ကောင်ရေ ၃၀၀၀ ကို စိုက်ထည့်ပေးကြသည်။ ယင်းနောက် ရုံးအနောက်ဘက် ကွန်ကရစ်လမ်းဝဲ/ယာရှိသတ်မှတ်နေရာအသီးသီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း/ အမှုထမ်းများက ကျွန်း၊ ငု၊ ငုချယ်ရီ၊ ကံ့ကော်၊ ခရေ၊ သပြေ၊ စိန်ပန်းပင်ကြီး၊ ပျဉ်းမ၊ သီဟိုဠ် စုစုပေါင်း ၁၃၅ ပင်ကို စိုက်ပျိုးပေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အရာထမ်း/ အမှုထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။(ယာပုံ) **သတင်းစဉ်**




# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သနပ်ပင်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**သနပ်ပင် ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း(သနပ်ပင်)သို့ ရောက်ရှိပြီး တိုင်းဒေသကြီးအစိုးရ ခွင့်ပြုရန်ပုံငွေဖြင့် ကျောင်းအတွင်း ရေဝင်ရောက်မှု ကာကွယ်ရန်မြေဖို့ဆောင်ရွက်ပြီးစီးမှု၊ အသက် ၅ နှစ်မှ ၁၂ နှစ်အထိ ကျောင်းသားကျောင်းသူ ကလေးငယ်များ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုနှင့် ပျော်ရွှင်အေးချမ်းစွာ ပညာသင်ကြားနေမှုများကို ကြည့်ရှုအားပေးပြီး ကိုဗစ်-၁၉ ရောဂါ စည်းကမ်းချက်နှင့်အညီ ပညာသင်ကြားနိုင်ရေးနှင့် လုံခြုံရေး အလေးထား ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားကာ အားကစား အထောက်အကူပြုပစ္စည်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် မွမ်းမံသင်တန်းတက်ရောက်နေသော သစ်လွင်ဆရာ ဆရာမများအတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သနပ်ပင်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသို့ သွားရောက်ပြီး ငါးကြင်း၊ ငါးမုတ်၊ ငါးသိုင်း၊ ငါးဖယ်အောင်း၊ တောင်ပေါ် ငါးသလောက်နှင့် ငါးခုံးမကြီးများ မျိုးငါးမွေးမြူထားရှိမှုနှင့် ငါးသားပေါက်များ မွေးမြူထားရှိမှုကို လည်းကောင်း၊ (ပဲခူး-သနပ်ပင်-ခရမ်း-သန်လျင်) လမ်းပေါ်ရှိ မြို့တွင်းတံတား တည်ဆောက်နေမှုကို လည်းကောင်း၊ သနပ်ပင်မြို့ ဈေးပိုင်းရပ်ကွက်နေ ဦးမောင်၏ နေအိမ်၌ ဇီဝဇိုးငှက် သဘာဝအတိုင်း မွေးမြူထားရှိမှုကို လည်းကောင်း၊ သနပ်ပင်မြို့အဝင် ဘုရားကြီးပိုင်း ကန်ညီနောင်၌ မိုးရာသီ သစ်ပင်စိုက်ပျိုးနေမှုကို လည်းကောင်း၊ ပဲခူးမြို့ ဟင်္သာကုန်း ခတ်လေှကားတည်ဆောက်နေမှု၊ ပဲခူးမြို့မဈေး နှစ်ထပ်ဆောင်နှင့် ဗဟိုကုန်စိမ်းသားငါးဈေးသို့ လည်းကောင်း ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

**သတင်းစဉ်**




# ကျောက်တော်၌ တောင်သူများအား မျိုးစပါးများ ထောက်ပံ့

**ကျောက်တော် ဇွန် ၇**

ကျောက်တော်မြို့နယ်၌ စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးမျိုးစေ့ထုတ် စံပြကွက်၊ စမ်းသပ်ကွက်စိုက်ပျိုးမည့် တောင်သူ များအား (RS)မိုးစပါးမျိုးစေ့ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးထွန်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာညွန့်က ယခုနှစ်မှစ၍ ယခင်နှစ်များထက် အထွက်ကောင်း မျိုးသန့်စပါးများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် စိုက်ပျိုးသင့်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးဇော်သန့်အောင်က မိုးစပါးမျိုးစေ့ထောက်ပံ့ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မိုးရာသီမိုးစပါးမျိုးစေ့ထုတ် စံပြကွက်၊ စမ်းသပ်ကွက်စိုက်ပျိုးမည့် ကျေးရွာအုပ်စု ခြောက်အုပ်စုမှ တောင်သူ ၃၀ အတွက် (RS) မိုးစပါး မျိုးစေ့၊ မျိုးသန့်၊ မျိုးပွားများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရှမ်းပြည်နယ်တောင်ပိုင်းအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၇**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းနှင့်အဖွဲ့သည် ဇွန် ၆ ရက်နှင့် ၇ ရက်တို့တွင် ရှမ်းပြည်နယ်တောင်ပိုင်း အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင် အထည်ဖော် ဆောင်ရွက်နေမှုနှင့် ကျေးလက်နေ ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**တွေ့ဆုံအားပေး**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယမန်နေ့ ညနေပိုင်းက တောင်ကြီးမြို့ရှိ သမဝါယမ စာရင်းရေး စာရင်းကိုင်သင်တန်းကျောင်းသို့ ရောက်ရှိပြီး ဇွန် ၁၆ ရက်တွင် သင်တန်းများ အဆင်ပြေချောမွေ့စွာ ဖွင့်လှစ်သင်ကြားပို့ချနိုင်ရေး အတွက် သင်ကြားပို့ချမည့် စာသင်ခန်းများ၊ ကျောင်းဆောင်များ၊ သင်တန်းသား သင်တန်းသူ အိပ်ဆောင်များ ပြင်ဆင်ထားရှိမှုများကို ကြည့်ရှု စစ်ဆေးကာ သင်တန်းတက်ရောက်ကြမည့် သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးသည်။

**အလုပ်အကိုင်အခွင့်အလမ်းများ ပေးနိုင်**

ထို့နောက် သမဝါယမစာရင်းရေး စာရင်းကိုင် သင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီးက သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာ သင်တန်း ဖွင့်လှစ်ရန် စီစဉ်ထားရှိမှုအခြေအနေများကို တင်ပြရာ ပြည်ထောင်စုဝန်ကြီးက အကြောင်း အမျိုးမျိုးကြောင့် အခြေခံပညာ အဋ္ဌမတန်း အောင်မြင်ပြီး ပညာဆက်လက်သင်ကြားရန် အခက် အခဲရှိသူများကို သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်း နှစ်နှစ် တက်ရောက် ပြီးပါက အသိအမှတ်ပြုလက်မှတ်ရရှိမည်ဖြစ်ကြောင်း၊ ပြင်ပတွင် အလုပ်အကိုင်အခွင့်အလမ်းများ ပေးနိုင် မည်ဖြစ်ကြောင်း၊ သမဝါယမ ဒီဂရီကောလိပ်သို့လည်း ပေါင်းကူးဆက်လက် တက်ရောက်နိုင်မည်ဖြစ်ပြီး နှစ်နှစ်တက်ရောက်ပြီးပါက ဒီပလိုမာ လက်မှတ်ရရှိ မည်ဖြစ်ကြောင်း၊ သင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ ပိုမိုမွေးထုတ်ပေးနိုင်ရေး ကြိုးစား ဆောင်ရွက်ရန်နှင့် ကျောင်းဆင်းပါက အလုပ်အကိုင် အခွင့်အလမ်းများရရှိရေး ဌာနဆိုင်ရာများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ချိတ်ဆက်ပေးရန်နှင့် သင်ကြား ရေး၊ နေထိုင်ရေး၊ စားသောက်ရေး၊ ကျန်းမာရေး လိုအပ်သည်များ ကူညီပံ့ပိုးပေးရန် ဆွေးနွေးမှာကြား ပြီး သင်တန်းသားများအတွက် အားကစားပစ္စည်းများ ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူ သည်။



**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့ နံနက်ပိုင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနမှ ရပ်စောက်မြို့နယ်၊ ဆတ်သေကျေးရွာ၌ အိမ်ခြေ ၁၂၀ လူဦးရေ ၅၉၆ ဦး သောက်သုံးရေ ဖူလုံစွာရရှိရေး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လ တာကာလတွင် အကောင်အထည်ဖော် ဆောင်ရွက် ခဲ့သည့် အရှည် တစ်မိုင် လေးဖာလုံ စိမ့်စမ်းရေသွယ် တန်းခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း၊ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် အကောင် အထည်ဖော်ဆောင်ရွက်ခဲ့သော ဘက်စုံသုံးခန်းမ အလျား ပေ ၅၀၊ အနံပေ ၄၀၊ အမြင့် ၁၂ ပေ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို လည်းကောင်း၊ ဆတ်သေကျေးရွာတွင် ရပ်စောက် မြို့နယ် သမဝါယမအသင်းစုမှ စမ်းသပ်ထုတ်လုပ် လျက်ရှိသည့် စွမ်းထက်သဘာဝ ဓာတ်မြေဩဇာ ထုတ်လုပ်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

**လိုအပ်သည်များမှာကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ သည် ရပ်စောက်မြို့နယ် ဘုရားဖြူကျေးရွာတွင် ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် ခြောက်လတာကာလတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော လူဦးရေ ၄၂၉ ဦး အကျိုးပြုမည့် ကျေးရွာတွင်း အရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မဒု ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကိုလည်းကောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် တည်ဆောက်ထားသော ဘက်စုံ သုံးခန်းမ၌ ကျေးရွာနေပြည်သူများ၊ မြစိမ်းရောင် စီမံကိန်း အသင်းသားများနှင့် တွေ့ဆုံ၍ ကျေးရွာ ကော်မတီဝင်များက စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၆၀၀ ကျော်ဖြင့် ဆောင်ရွက်လျက်ရှိသည့် အသင်းသား ၁၀၃ ဦးတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆောင်ရွက် နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ် သည်များ မှာကြားသည်။

ယင်းနောက် ရပ်စောက်ဒေသရှိ သရက်စိုက် တောင်သူအစုအဖွဲ့များနှင့် တွေ့ဆုံ၍ ပြည်တွင်း ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနေမှု အခြေအနေ နှင့် သရက်စိုက်တောင်သူများအတွက် သရက်သီးနှံ ဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးရေးသင်တန်း ဖွင့်လှစ် ပို့ချနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး ဟိုပုံးမြို့နယ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်



**ဟိုပုံး ဇွန် ၇**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ ဟိုပုံးမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီက လွယ်အွန့် ကျေးရွာအုပ်စု နောင်ခုံးကျေးရွာ၌ ကျင်းပခဲ့သည်။

မိုးရာသီ သစ်ပင်စိုက်ပျိုး ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်းက သစ်ပင်စိုက်ပျိုးခြင်းနှင့် ပတ်သက် ၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပအိုဝ်း ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ် ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေး၊ တပ်မတော် ကွန်ပျူတာနှင့် နည်း ပညာသိပ္ပံကျောင်း ကျောင်းအုပ် ကြီး ဗိုလ်မှူးချုပ် သိန်းနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ထွန်း၊ မြို့နယ် သစ်တောဦးစီးအရာရှိ ဦးနိုင်လွင် တို့က ပျိုးပင်များ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူကြ သည်။(ဓာတ်ပုံ) ထို့နောက် မြို့နယ် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးတင်ဆန်းက သစ်ပင်များ စိုက်ပျိုးခြင်းလုပ်ငန်း အဆင့်ဆင့် ကို ပြောကြားသည်။

မိုးရာသီ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲသို့ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ် ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် များ၊ တပ်မတော်ကွန်ပျူတာ နှင့် နည်းပညာသိပ္ပံကျောင်း ကျောင်းအုပ်ကြီးနှင့် အရာရှိ စစ်သည်များ၊ မြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဒေသ/မြို့နယ် အဆင့်ဌာနဆိုင်ရာ များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများက ပျိုးပင် စုစုပေါင်း ၂၀၀၀ ကို စုပေါင်းစိုက်ပျိုးကြကြောင်း သိရ သည်။

**နေမင်းထွန်း(ပအိုဝ်းဒေသ)**

# ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍများ တိုးတက်မြင့်မားစေရေး ကွင်းဆင်းဆောင်ရွက်

**နတ်တလင်း ဇွန် ၇**

နတ်တလင်းမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဒေသကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန် မြှင့် ဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ဌာနဆိုင်ရာများမှ ဇွန် ၆ ရက်က သရက်တပင်ကျေးရွာအုပ်စုသို့ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရ သည်။

ထို့သို့ဆောင်ရွက်ရာတွင် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျေးရွာ များ၏ ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာစေရေးအတွက် လက်တွေ့ သရုပ်ပြခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ဒေသခံတောင်သူများ သိရှိလိုသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ဆွေးနွေးမေးမြန်းချက်များအပေါ် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။

နတ်တလင်းမြို့နယ်အတွင်း ယနေ့ထိ ကျေးရွာ ၂၃ ရွာအား ကွင်းဆင်းဆောင်ရွက်နိုင်ခဲ့ပြီး ကျန်ရှိနေသည့် ကျေးရွာအုပ်စုများသို့ လည်းကွင်းဆင်း၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်မှု တိုးတက် ရေး၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများဆိုင်ရာ သင်တန်းနှင့် လက်တွေ့သရုပ်ပြခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်ဦးထံမှ သိရသည်။

**ဝေယံဖြိုး(ပြန်/ဆက်)**

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

- ပြင်ပအလင်းရောင်ကို အသုံးချပါ။ မလိုအပ်သော အိမ်တွင်း လျှပ်စစ်မီးများကို လျှော့သုံးပါ။
- အိမ်ပြင်ပ၌ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။
- အမှန်တကယ် ကြည့်မည့်အချိန်၌သာ တီဗွီကို ဖွင့်ပါ။ ကြည့်သူ မရှိဘဲ အချိန်ပြည့်ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။
- လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက် ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။

# ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၇

**ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့နံနက်ပိုင်းက ဝန်ကြီးဌာနကျောက်စိမ်းခန်းမ၌ Tourism vs Skills Development ဟိုတယ်နှင့် ခရီးသွားကဏ္ဍ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်သည်။**




အလုပ်ရုံဆွေးနွေးပွဲသို့ ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းများ၊ အလုပ်သမားဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ တက္ကသိုလ်/ကောလိပ်များမှ ဆရာ ဆရာမများ၊ နယ်ရုံးခွဲများမှ ရုံးခွဲတာဝန်ခံများနှင့် ဖိတ်ကြားထားသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က မေ ၂၆ ရက်တွင် ကျင်းပခဲ့သော အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ အစည်းအဝေး၌ ဟိုတယ်နှင့် ခရီးသွားကဏ္ဍတွင် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားချက်အရ ယနေ့ အလုပ်ရုံ ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ပါကြောင်း၊ ဝန်ထမ်းများ၏ အရည်အသွေးကို ဖော်ထုတ်ရန်အတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခဲ့ရာ (၁၂) ကြိမ်မြောက် ရှိပြီဖြစ်ပါကြောင်း၊ အထူးသဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသည် နယ်ပယ်ကျယ်ပြန့်စွာ ဝန်ဆောင်မှုပေးရသော လုပ်ငန်းဖြစ်သောကြောင့် ဝန်ထမ်းများ၏ ဘာသာရပ်အပေါ် ကျွမ်းကျင်စွာ တတ်ကျွမ်းနားလည်မှု လိုအပ်ပါကြောင်း။

အဓိကအားဖြင့် Personal Skill နှင့် Professional Skill ဟူ၍ ကျွမ်းကျင်မှုအရည်အသွေး နှစ်မျိုးရှိရာ Personal Skill ဖြစ်သည့် Soft Skill များအပြင် Professional Skill ဖြစ်သည့် Hard Skill များသည် လုပ်ငန်းအောင်မြင်မှုအတွက် အလွန်အရေးကြီးပါကြောင်း၊ ထို့အပြင် လုပ်ငန်းနှင့် ပတ်သက်သော တုံ့ပြန်ချက်များအား ပြန်လည်သုံးသပ်ပြီး လိုအပ်သည့် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ခြင်းဖြင့် အောင်မြင်မှုများရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ပြင် အလုပ်သမားဝန်ကြီးဌာနရှိ လုပ်သားများကျွမ်းကျင်မှုစံ သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) နှင့် ပူးပေါင်း၍ မြန်မာနိုင်ငံ ဟိုတယ်နှင့် ခရီးသွားကဏ္ဍရှိလုပ်သားများ၏ ကျွမ်းကျင်မှုအရည်အသွေးများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်နိုင်ငံလုံးတွင် NSSA မှ အသိအမှတ်ပြုထားသော ဟိုတယ်နှင့်ခရီးသွားအလုပ်အကိုင် ကျွမ်းကျင်မှု "စံ" သတ်မှတ်အကဲဖြတ်သော Assessment Center ၃၅ ခုရှိပြီး Assessor ၄၀ နှင့် Chief Assessor ခုနစ်ဦးဖြင့် လုပ်ငန်းစဉ်များကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအလုပ်ရုံဆွေးနွေးပွဲ ကျင်းပခြင်းဖြင့် ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အပံ့ဖြစ်စေမည်ဟု ယုံကြည်ပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများအနေဖြင့် စိတ်ဝင်တစား လေ့လာမှတ်သားပြီး ဝိုင်းဝန်းဆွေးနွေးကြခြင်းဖြင့် ရလဒ်ကောင်းများ ပေါ်ထွက်လာမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်း၊ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်မြမြသက်၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ လေ့ကျင့်ရေးနှင့် ပညာပေးရေးဌာနခွဲမှ ညွှန်ကြားရေးမှူး ဦးနောင်နောင်လင်းအောင်၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ အလုပ်အမှုဆောင် ဒေါက်တာလူမွန်တို့က ကဏ္ဍအလိုက် ဆွေးနွေးရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးဌာနမှ ဝန်ထမ်းများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍရှိ ဝန်ထမ်းများ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိကနှင့် လုပ်သားဈေးကွက်အခြေအနေနှင့် အာဆီယံနှင့် အာဆီယံဒေသတွင်းနိုင်ငံများ ဆောင်ရွက်ချက်၊ အပြန်အလှန် အသိအမှတ်ပြုမှု အစီအစဉ်များ စသည့်ခေါင်းစဉ်လေးခုအပေါ် အသီးသီးတင်ပြဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲ၏ သဘာပတိက ထွက်ပေါ်လာသော ရလဒ်များအပေါ် သုံးသပ်ဖော်ထုတ်တင်ပြကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး ပါဝင်ဆွေးနွေးကြသူများကို ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အတွက် ကြေးခေတ်၊ သံခေတ်သမိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဇွန် ၇**



မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ မြန်မာ့သမိုင်းအဖွဲ့မှ ရေးသားပြုစုလျက်ရှိရာ ပရိုင်းမိတ်ကာလ၊ ကျောက်ခေတ်ကာလ၊ ကြေးခေတ်၊ သံခေတ်ကာလ၊ သမိုင်းတင်ခေတ်ဦးပိုင်း၊ ပျူခေတ်ကာလတို့နှင့် ပတ်သက်၍ မူကြမ်းရေးသားပြီးစီးနေပြီ ဖြစ်သည့် ရှေးဟောင်း သုတေသနဆိုင်ရာ တူးဖော်သုတေသနပြုတွေ့ရှိချက်များ၊ ခေတ်မီသိပ္ပံနည်းကျ သက်တမ်း တွက်ချက်မှုများ၊ ပြည်တွင်း/ပြည်ပ ပညာရှင်များ၏ သုတေသနပြု ဖော်ထုတ်တွေ့ရှိချက်များကို ပေါင်းစပ်ဖြည့်စွက်၍ ခိုင်မာသော သမိုင်းစဉ်ရရှိနိုင်ရန်အတွက် လက်တွေ့တူးဖော်သုတေသနပြုသည့် ပညာရှင်များ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ အတွေ့အကြုံရင့် အရာရှိကြီးများ၊ လက်တွေ့ ဆောင်ရွက်နေသည့် ဝန်ထမ်းများနှင့် မြန်မာ့သမိုင်းအဖွဲ့မှ ပညာရှင်ကြီးများ၊ ဝန်ထမ်းများ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၆ ရက်နှင့် ၇ ရက်တို့တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြန်မာ့ သမိုင်းစဉ်အတွက် အရေးကြီးသော ဆွေးနွေးပွဲဖြစ်သည့် အားလျော်စွာ မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ (၂) ဒေါက်တာတိုးလှနှင့် မြန်မာ့သမိုင်းအဖွဲ့ဝင် ပညာရှင်ကြီးများ၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် အရာရှိကြီးများ၊ ကြေးခေတ်၊ သံခေတ် သုတေသနတူးဖော်မှုလုပ်ငန်းများတွင် နှစ်ပေါင်း ၂၀ ကျော် ပါဝင်ဆောင်ရွက်ခဲ့ကြသော ပြင်ပပညာရှင်များ၊ အရာရှိကြီးများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လေ့လာသူ ဌာနဝန်ထမ်းများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံသည် ဘူမိပထဝီဖွဲ့စည်းမှုအရ လွန်ခဲ့သောနှစ်ပေါင်း သန်းရာနှင့်ချီသည့် ကာလကပင် ရေ၊ မြေ၊ တော၊ တောင်ဖြင့် ဖွဲ့စည်းတည်ရှိခဲ့ပြီး ပုံတောင်၊ ပုံညာတောင်တန်းရှိ ဗဟင်း ကျေးရွာမှ လွန်ခဲ့သောနှစ် သန်း ၄၀ က သက်တမ်းဟု နိုင်ငံတကာ ပညာရှင်များ သတ်မှတ်ခဲ့သည့် လူတူပရိုင်းမိတ်၏ ညာဘက် အောက်မေးရိုးတစ်ခြမ်းကို စတင် တွေ့ရှိခဲ့ပြီး နောက်ပိုင်းတွင်လည်း လူတူပရိုင်းမိတ် အစိတ်အပိုင်းများ ဆက်လက်ရှာဖွေ တွေ့ရှိခဲ့ပါကြောင်း၊ ထို့ကြောင့်လည်း မြန်မာ့ ရေမြေပေါ်တွင်လူတူပရိုင်းမိတ်များ ပေါက်ဖွား ရှင်သန်လာပြီး လွန်ခဲ့သောနှစ် ၇၅၀၀၀၀ မှ ၁၀၀၀၀ အကြားကာလတွင် အညာသား ယဉ်ကျေးမှုဟူ၍ အမေရိကန်ပညာရှင် T.O.Morris, Dr. H.L.Movius နှင့် Dr. H.de Terra တို့ အမည်ပေးခဲ့သည့် ကျောက်ခေတ်ဦး (သို့မဟုတ်) ကျောက်ခေတ်ဟောင်းကာလ ထွန်းကားခဲ့ကြောင်း၊ ထို့နောက် ကျောက်ခေတ်လယ်၊ ကျောက်ခေတ်သစ်များသို့ အဆင့်ဆင့်ဖြတ်သန်းခဲ့ပြီး ကြေးခေတ်၊ သံခေတ်များသို့ပါ ကူးပြောင်း ထွန်းကားခဲ့သည်ကို ၂၀၀၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ နိုင်ငံတကာ ပညာရှင်များနှင့် ပူးပေါင်းတူးဖော် သုတေသနပြုမှုအရ တွေ့ရှိခဲ့ရကြောင်း၊ ကြေးခေတ်၊ သံခေတ်မှ ပျူခေတ်၊ ထို့နောက် ပုဂံခေတ်စသည်ဖြင့် မြန်မာသမိုင်းတို့၏ ခေတ်အဆင့်ဆင့်ကို ဖြတ်ကျော်ကာ ယခုခေတ်ကာလအထိ ယဉ်ကျေးမှုမြင့်မားတိုးတက်လာသည်ကို တွေ့ရှိရပါကြောင်း။

ယခင်က မြန်မာနိုင်ငံသမိုင်းကို လေ့လာဖော်ထုတ်မှုများအရ ကြေးခေတ်၊ သံခေတ်ကို ကျော်လွှားပြီး ကျောက်ခေတ်သစ်မှ ပျူခေတ်သို့ ကျော်လွှားဖြတ်သန်းခဲ့သည်ဟု ပြည်တွင်း/ပြည်ပမှ ပညာရှင်ကြီးများက ပြောဆိုမှတ်သား ရေးသားကြကြောင်း၊ မြန်မာနိုင်ငံ၏ သမိုင်းခေတ်များနှင့် ပတ်သက်၍ ၁၉၇၀ ပြည့်နှစ်တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီလက်ထက် ပညာရှင်များ စုဖွဲ့ရေးသားထုတ်ဝေခဲ့သော **"အခြေပြမြန်မာနိုင်ငံရေးသမိုင်း"** ကိုသာ ကိုးကားခဲ့ကြောင်း၊ နှစ်ပေါင်း ၅၀ ကျော်လွန်ပြီဖြစ်သည့် ယခုကာလတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနအနေဖြင့် ဂျပန်၊ ပြင်သစ်၊ အမေရိကန်၊ အီတလီ၊ စင်ကာပူ စသည့်နိုင်ငံများမှ အဖွဲ့အစည်းများစွာဖြင့် မြန်မာနိုင်ငံအနှံ့အပြားတွင် ယခုကာလအထိ ပူးတွဲသုတေသနပြုမှုအကြိမ်ပေါင်း ရာချီရှိခဲ့ပြီး အသစ်အသစ်သော တွေ့ရှိချက်များ၊ သိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှုများကြောင့် အချို့သမိုင်းခေတ်များမှာ များစွာပီပြင်ပုံပေါ်လာပြီဖြစ်သဖြင့် မြန်မာနိုင်ငံ၏ သမိုင်းခေတ်များကို ပြန်လည်ပြင်ဆင်ရေးသားပြုစုထုတ်ဝေရန် လိုအပ်လာပြီဖြစ်ကြောင်း၊ သို့မှသာ ပြည်တွင်း/ပြည်ပ သုတေသီများ၊ ကျောင်းသားလူငယ်များ၊ ပြည်သူလူထုများအနေဖြင့် မြန်မာနိုင်ငံ၏ သမိုင်းစဉ် ပြောင်းလဲဖြစ်တည်မှုကို သိရှိကိုးကားနိုင်မည်ဖြစ်ကြောင်း၊ ထို့အတူ မြန်မာလူမျိုးများသည် မြန်မာ့ရေမြေတွင် ပေါက်ဖွားကြီးပြင်းလာပြီး သမိုင်းခေတ်ကာလ အဆင့်ဆင့်ကို ကျော်ဖြတ်လျက် ယနေ့ခေတ်ကာလအထိ ရောက်ရှိခဲ့သည်ကို ခိုင်ခိုင်မာမာ ဖော်ထုတ်နိုင်ပြီး မိမိလူမျိုး၊ မိမိနိုင်ငံနှင့် မိမိတို့သမိုင်းအတွက် ဂုဏ်ယူနိုင်မည်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြသည်။

ထို့ကြောင့် ဆွေးနွေးပွဲတွင် မြန်မာ့သမိုင်းအဖွဲ့ ပညာရှင်များ ပြုစုရေးသားထားသော သမိုင်းစဉ် (မူကြမ်း)များအနက်မှ "ကြေးခေတ်၊ သံခေတ် မြို့ပြအကြိုခေတ်" အကြောင်းကို တာဝန်ယူပြုစုသော ဒေါက်တာစိန်မြင့်က ရှင်းလင်းတင်ပြသည်။ ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်က

*စာမျက်နှာ ၇ သို့*

# အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ကောဒသမအစည်းအဝေးကျင်းပမည်

**နေပြည်တော် ဇွန် ၇**

အဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ကောဒသမအစည်းအဝေးကို ၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း(၃၊ ၄၊ ၅၊ ၆) ရက်၊ ၂၀၂၂ ခုနှစ်၊ ဇွန် (၃၀) ရက်နှင့် ဇူလိုင် (၁၊ ၂၊ ၃)ရက်၊ ကြာသပတေး၊ သောကြာ၊ စနေ၊ တနင်္ဂနွေနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း (၇၊ ၈)၊ ၂၀၂၂ ခုနှစ်၊ ဇူလိုင် (၄၊ ၅)ရက်၊ တနင်္လာ၊ အင်္ဂါနေ့များတွင် ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဆရာတော်ကြီးများသည် ၁၃၈၄ ခုနှစ်၊ ဝါဆိုလဆန်း (၂)ရက်၊ ၂၀၂၂ ခုနှစ်၊ ဇွန် (၂၉)ရက်၊ ဗုဒ္ဓဟူးနေ့အရောက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

# ဒီပလိုမာ(ဗုဒ္ဓဓမ္မ) အောင်လက်မှတ်များ ချီးမြှင့်အပ်နှင်းပွဲနှင့် ပညာသင်နှစ် သင်တန်းသားသစ်ကြိုဆိုပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် ဇွန် ၇**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၀၁၉-၂၀၂၀)၊ (၂၀၂၀-၂၀၂၂) ပညာသင်နှစ်များတွင် ဒီပလိုမာသင်တန်းအသီးသီးသို့ တက်ရောက်အောင်မြင်ခဲ့ကြသော ပြည်တွင်း၊ ပြည်ပ သင်တန်းသားများအား ဒီပလိုမာ(ဗုဒ္ဓဓမ္မ) အောင်လက်မှတ်များ ချီးမြှင့်အပ်နှင်းပွဲနှင့် (၂၀၂၂-၂၀၂၃) ပညာသင်နှစ် သင်တန်းသားသစ်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ ကိုဗစ်-၁၉ စည်းကမ်းများနှင့်အညီ ကျင်းပသည်။



အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ မထေရ်မြတ် အမှူးပြုသော သင်ကြားဆရာတော်ကြီးများ၊ သင်ကြားသီလရှင်ဆရာကြီးများ၊ (၂၀၁၉-၂၀၂၀) (၂၀၂၀-၂၀၂၂) ပညာသင်နှစ်များတွင် ဒီပလိုမာ (ဗုဒ္ဓဓမ္မ) သင်တန်းအသီးသီးသို့ တက်ရောက်အောင်မြင်ခဲ့ကြသောပြည်တွင်း၊ပြည်ပသင်တန်းသားများနှင့် (၂၀၂၂-၂၀၂၃) ပညာသင်နှစ်တွင် တက်ရောက်ကြမည့် ပြည်တွင်း၊ ပြည်ပသင်တန်းသားသစ်များ ကြွရောက်တော်မူကြသည်။

အစီအစဉ်အရ ခေတ္တပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက ဩဝါဒကထာနှင့် သမ္မောဒနိယသန္ဒေသကထာ ချီးမြှင့်တော်မူပြီး အဖွင့်အမှာစကား မိန့်ကြားသည်။

ထို့နောက် ခေတ္တပါမောက္ခချုပ် ဆရာတော်က (၂၀၁၉-၂၀၂၀)၊ (၂၀၂၀-၂၀၂၂) ပညာသင်နှစ်များတွင် ဒီပလိုမာသင်တန်းအသီးသီးသို့ တက်ရောက်အောင်မြင်ခဲ့ကြသော ပြည်တွင်း၊ ပြည်ပ သင်တန်းသားများအား ဒီပလိုမာ(ဗုဒ္ဓဓမ္မ)အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ပြီး အောင်လက်မှတ်ရ သင်တန်းသားများက အဓိဋ္ဌာန်ပြုကြသည်။

ထို့နောက် (၂၀၂၂-၂၀၂၃) ပညာသင်နှစ် သင်တန်းအသီးသီးသို့ တက်ရောက်ကြမည့် ပြည်တွင်း၊ ပြည်ပ သင်တန်းသားသစ် ရဟန်းတော်များအား တက္ကသိုလ်တံဆိပ်ပါ ကတ္တီပါယပ်များကို လည်းကောင်း၊ သင်တန်းသားသစ် သီလရှင်များ၊ အမျိုးသားများနှင့် အမျိုးသမီးများအား တက္ကသိုလ်တံဆိပ်ပါ ယောဂီလောဘက်များကိုလည်းကောင်း သင်တန်းသားသစ်များအဖြစ် အသိအမှတ်ပြုသောအားဖြင့် အပ်နှင်းချီးမြှင့်သည်။

အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ၁၉၉၈ ခုနှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ထေရဝါဒဗုဒ္ဓသာသနာတော် ကမ္ဘာတစ်ဝန်းလုံးတွင် ပြန့်ပွားစေရန်၊ သင်္ဂါယနာခြောက်တန်တင် ထေရဝါဒပိဋကတ်စာပေများကို မူရင်းအတိုင်း သင်ယူခွင့်ရရှိပြီး လိုက်နာကျင့်သုံးနိုင်စေရန်၊ အကုသိုလ်ဖြစ်စေမည့် ဒုစရိုက်မှုများကို သိရှိရှောင်ကြဉ်၍ ကုသိုလ်ဖြစ်စေမည့် သုစရိုက်မှုများကို သိရှိဖြည့်ဆည်းကျင့်သုံးနိုင်စေရန်၊ ကမ္ဘာတစ်ဝန်းလုံး ဖြဟ္မစိုရ်တရားထွန်းကား၍ ငြိမ်းချမ်းသာယာသည့် လူ့ဘောင်လောကကြီး ဖြစ်လာနိုင်စေရန်၊ ပရိယတ္တိဆိုင်ရာ ပိဋကတ်စာပေကျွမ်းကျင်နှံ့စပ်၍ ပဋိပတ္တိဆိုင်ရာ အကျင့်သီလနှင့် ပြည့်စုံသော သာသနာပြုပုဂ္ဂိုလ်များ တိုးပွားလာစေရန်၊ ထေရဝါဒ ပိဋကတ်တော်များကို မူရင်းအတိုင်း လေ့လာသင်ယူလိုသည့် ပြည်တွင်း၊ ပြည်ပ သင်တန်းသားများအား လေ့ကျင့်သင်ကြားပေးနိုင်ရန်၊ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် ပြည်တွင်း၊ ပြည်ပရှိ ဗုဒ္ဓဘာသာဆိုင်ရာတက္ကသိုလ်များ၊ တက္ကသိုလ်၏ ရည်မှန်းချက်ကို အထောက်အကူပြုစေမည့် အခြားတက္ကသိုလ်များနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊ ထေရဝါဒဗုဒ္ဓ သာသနာ ပြန့်ပွားထွန်းကားရေးအတွက် နိုင်ငံတကာသို့ သာသနာပြုစေလွှတ်နိုင်ရန် အစရှိသော ရည်ရွယ်ချက်များဖြင့် ထေရဝါဒဗုဒ္ဓသာသနာပြုသင်တန်းအသီးသီးကို ဖွင့်လှစ်သင်ကြားလျက်ရှိပြီး (၂၀၂၀-၂၀၂၂) ပညာသင်နှစ်အထိ ဒီပလိုမာ(ဗုဒ္ဓဓမ္မ) အောင်လက်မှတ်ရ ပြည်တွင်း၊ ပြည်ပ သင်တန်းသားဦးရေ ၁၁၂၀ ပါး/ဦး၊ ဝိဇ္ဇာ(ဗုဒ္ဓဓမ္မ)ဘွဲ့ရ ပြည်တွင်း၊ ပြည်ပသင်တန်းသားဦးရေ ၈၀၄ ပါး/ဦး၊ မဟာဝိဇ္ဇာ (ဗုဒ္ဓဓမ္မ)ဘွဲ့ရ ပြည်တွင်း၊ ပြည်ပသင်တန်းသား ဦးရေ ၂၂၈ ပါး/ဦး၊ ပါရဂူ (ဗုဒ္ဓဓမ္မ) ဘွဲ့ရ ပြည်တွင်း၊ ပြည်ပ သင်တန်းသားဦးရေ ၃၆ ပါး/ဦး ရှိပြီဖြစ်ကြောင်းနှင့် တက္ကသိုလ်တွင် ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ၊ ပါဠိနှင့် ပဋိပတ္တိဘာသာရပ်များအား မြတ်ဗုဒ္ဓ၏ ထေရဝါဒ ဒေသနာတော်နှင့်အညီ ဦးစားပေး သင်ကြားပို့ချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

ၚင်းလက်တွေ့တူးဖော် သုတေသနပြုခဲ့သော **"ကြေးခေတ်၊ သံခေတ် တူးဖော်မှုအကြောင်း"**ကို အသေးစိတ်ရှင်းလင်းတင်ပြရာ ပြင်သစ်ပညာရှင်များ၏ အယူအဆနှင့် သက်တမ်းတွက်ချက်မှုကိုပါ မြန်မာ့ကြေး/သံခေတ် သမိုင်းစဉ်တွင်ပါ ထည့်သွင်းနိုင်ရန် ဆွေးနွေးတင်ပြသည်။ မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌများနှင့် ပညာရှင်များ၊ မန္တလေးရှေးဟောင်းသုတေသနဌာနခွဲ ညွှန်ကြားရေးမှူး(ငြိမ်း) ဦးပေါက်ပေါက်နှင့် ကြေးခေတ်၊ သံခေတ် ဒေသများကို လက်တွေ့တူးဖော် သုတေသနပြုခဲ့သော အရာရှိကြီးများက ဖြည့်စွက်ရှင်းလင်း ဆွေးနွေးတင်ပြခဲ့သည်။ မြန်မာ့သမိုင်းစဉ်ဆိုင်ရာ ကြေးခေတ်၊ သံခေတ် ဆွေးနွေးပွဲကို ဇွန် ၆ ရက်နှင့် ၇ ရက် စုစုပေါင်းနှစ်ရက် ပြုလုပ်ခဲ့ပြီး ဆွေးနွေး ဖြည့်စွက်ချက်များကို ပြန်လည်ထည့်သွင်း ထပ်မံဆွေးနွေး၍ အတည်ပြုမည်ဖြစ်ကြောင်း၊ အလားတူ မြန်မာ့သမိုင်းစဉ်ဆိုင်ရာ ကျောက်ခေတ်ဆွေးနွေးပွဲကို ဇွန် ၁၃ ရက်နှင့် ၁၄ ရက် တို့တွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲတွင် ဆက်လက်ကျင်းပပြုလုပ်မည်ဖြစ်ပြီး ပညာရှင်များ ပါဝင်ဆွေးနွေးနိုင်ကြောင်း၊ ပါဝင်ဆွေးနွေးလိုသူ ပညာရှင်များအနေဖြင့် ၎င်းသုတေသနပြုတွေ့ရှိချက်များ၊ ခိုင်မာသော အထောက်အထားများကိုပါ ပူးတွဲ ယူဆောင်လာပါရန်နှင့် **ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ညွှန်ကြားရေးမှူး ဖုန်း - ၀၉၅၀၆၁၈၃၂၊ Email : <u>departmentofarchaeologyygn@gmail.com</u>** များသို့ ကြိုတင်ဆက်သွယ်ရန် လိုအပ်ပါကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် ဇွန် ၇**



ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့နယ်ရှိ ကြောင်ပန်းကျောင်းတိုက်သို့ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်ရှိ မဟာပညာဗိမာန် စာသင်တိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ အရှေ့ကံ့ကော်ကျောင်းတိုက်သို့ လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်ရှိ မှန်ကျောင်းကျောင်းတိုက်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ရတနာသီခကျောင်းတိုက်သို့ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ အောင်မြေဘုံသာ ပရိယတ္တိစာသင်တိုက် (သီတဂူဗုဒ္ဓကောလိပ်)သို့ လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇွန် ၇**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၁ ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ငြိမ်းချမ်းစွာအဖြေရှာခြင်းနောက်ကွယ်က စေ့စပ်ညှိနှိုင်းခြင်းစွမ်းရည်နှင့် ပင်ကိုအရည်အသွေး

*မိုးကေနိုင်*

**တစ်ဦးနဲ့တစ်ဦး၊ တစ်ဖွဲ့နဲ့တစ်ဖွဲ့အကြား ကွဲပြားခြားနားချက်တွေရှိနေလို့၊ မကျေလည်ကြလို့ သဘောထားတွေမတိုက်ဆိုင်ကြလို့ သဘောတူညီချက်တွေရအောင်ဆိုပြီး စေ့စပ်ညှိနှိုင်းခြင်းဆိုတာ ရှိလာရပါတယ်။ နှစ်ဦးနှစ်ဖက်အတွက် မှန်ကန်တဲ့ အဖြေတစ်ခုရဖို့ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ ဖြေရှင်းမယ်ဆိုရင် ညှိနှိုင်းခြင်းနည်းလမ်းကလွဲပြီး အခြားမရှိပါဘူး။**

အကောင်းဆုံးရလဒ်ကိုလိုချင်တယ်၊ လက်တွေ့ကျပြီးတရားမျှတတဲ့ ရလဒ်လည်း ဖြစ်ရမယ်၊ ဆက်ဆံရေးလည်းမပျက်ဘဲ အပြန်အလှန်အကျိုးရှိတဲ့ အခြေအနေမျိုး ရရှိဖို့ဆိုရင် နှစ်ဦးနှစ်ဖက် အကျေအလည် စေ့စပ်ညှိနှိုင်းခြင်းကိုပဲ ထိရောက်အောင်မြင်အောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**အကြမ်းမဖက် အနုပညာဆန်တဲ့ ကျွမ်းကျင်မှုအရည်အသွေး**

တကယ်တော့ စေ့စပ်ညှိနှိုင်းခြင်းဆိုတာကို အကြမ်းမဖက်၊ အနုပညာဆန်တဲ့ ကျွမ်းကျင်မှုအရည်အသွေးတစ်ခုအဖြစ် တင်စားချင်ပါတယ်။ ဘာကြောင့်လဲဆိုရင် အဲဒီကျွမ်းကျင်မှုကသာ မတူကွဲပြားခြားနားသူတွေအကြား ပိုပြီးမကွဲပြားသွားအောင်၊ မခြားနားရအောင်၊ ဝေးနေတဲ့အရာတွေကို ပိုပြီးနီးကပ်သွားအောင် ဆောင်ကြဉ်းနိုင်စွမ်း ရှိလို့ဖြစ်ပါတယ်။

ရှုပ်ထွေးသိမ်မွေ့တဲ့ အခြေအနေတစ်ရပ်အောက်မှာ ညှိနှိုင်းမှုကောင်းသူတစ်ဦးရဲ့ အရည်အသွေးကြောင့်ပဲ တစ်ဦးတစ်ယောက်သောသူဆီမှာ အပြုသဘောခံစားချက်တွေ ရရှိသွားနိုင်သလို လူ့အဖွဲ့အစည်းတစ်ရပ်ရဲ့ ကောင်းကျိုး၊ ဆိုးကျိုးများအထိ သက်ရောက်မှုများရှိသွားနိုင်ပါတယ်။ ဥပမာ– ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးမှုတစ်ခုမှာ ပါဝင်နေတဲ့သူတိုင်းဟာ အချုပ်အခြာနဲ့ နိုင်ငံတော်အတွက် တာဝန်ရှိကြပြီး ငါ့ပြည်ထောင်စု၊ ငါ့နိုင်ငံသား၊ ငါ့တိုင်းရင်းသားတွေနဲ့ တစ်သားတည်း ရှိနေတယ်လို့ သဘောထားနိုင်မယ်ဆိုရင် ဒီဆွေးနွေးပွဲကနေ ငါ့အတွက်လည်းအကျိုးအမြတ် တစ်ခုရလိုက်ပါလား၊ ငါ့ရဲ့အမြင်တွေ၊ ရှုထောင့်တွေ၊ ငါ့ရဲ့အကျိုးစီးပွားတွေကို တစ်ဖက်သူကလည်း ထည့်သွင်းစဉ်းစားပေးနေပါလားလို့ ခံစားမိကြမှာပဲ ဖြစ်ပါတယ်။ ဒီအချက်ဟာ နှစ်ဦးနှစ်ဖက် အပြန်အလှန်အကျိုးရှိပြီး တကယ်ကို ကောင်းမွန်တဲ့ အပေါင်းလက္ခဏာဆောင်တဲ့ အလားအလာကောင်းတွေအဖြစ် မျှော်မှန်းလို့ရနိုင်ပါတယ်။

**အပေးအယူ အလျှော့အတင်းနဲ့**
**သူ့ဆီကရဖို့ထက် ကိုယ့်ဘက်က ပိုပေးသင့်**

အားလုံးဟာ နေ့စဉ်နေ့တိုင်း ရှောင်လွှဲလို့မရနိုင်တဲ့ ညှိနှိုင်းစေ့စပ်မှုတစ်ခုမဟုတ်တစ်ခု ကြုံကြရမှာပါ၊ သဘောထားချင်း မတူတာတွေ၊ ကွာဟချက်တွေ၊ ပဋိပက္ခတွေ၊ နားလည်မှုမရှိတာတွေ၊ တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုပျောက်ဆုံးနေတာတွေ စသဖြင့်ပေါ့။ ကိုယ့်မိသားစု၊ ကိုယ့်အလုပ်ခွင်၊ ရုံးဌာနမှသည် ကြီးမားတဲ့အဖွဲ့အစည်းကြီးများအထိ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စအားလုံးမှာ ... ညှိနှိုင်းရမှာတွေ ရှိနိုင်ပါတယ်။ တစ်ဦးတစ်ယောက်ရဲ့ နေ့စဉ်ဘဝအစိတ်အပိုင်းမှသည် နိုင်ငံတစ်ခုရဲ့ ကြီးမားတဲ့အရေးအရာများ အထိပေါ့။ တစ်ယောက်တည်းနေရင်တောင် ညှိမရတာတွေရှိနေတာ၊ အများကြားမှာဆို ပိုလိုတာပေါ့၊ နှစ်ဦးနှစ်ဖက်ကြားရော၊ အားလုံးဆိုတဲ့ အတိုင်းအတာမှာပါ သဘောတူလက်ခံနိုင်ဖို့ လိုအပ်ချက်တွေ ရှိလာနိုင်တယ်။

အားလုံးသဘောတူမှ အောင်မြင်မယ်ဆိုရင် အပေးအယူတစ်ခုခုလုပ်ကို လုပ်ရတော့မှာပါ။ တကယ်က စေ့စပ်ညှိနှိုင်းခြင်းဆိုတာ အပေးအယူလုပ်၊ အလျှော့အတင်းနဲ့ ဈေးဆစ်ရတဲ့သဘောပါပဲ။ ကိုယ့်ဘက်က ဘယ်လောက်ပေးမလဲ၊ သူ့ဆီက ဘယ်လောက်ရမှ အဆင်ပြေမလဲပေါ့၊ သူ့ဆီကရဖို့ထက် ကိုယ့်ဘက်က ပိုပေးနိုင်ရင်ရော ဆိုတဲ့ သတ္တိတစ်ခုဟာ ညှိနှိုင်းခြင်းစွမ်းရည်တစ်ခုဆိုရင် ငြင်းစရာမရှိပါဘူး။ ဒီအချက်က အလွန်ကိုအရေးပါ ပါတယ်။ သဘောတူညီချက်မရဘူး၊ မအောင်မြင်ဘူး၊ ညှိလို့မရဘူးဆိုတဲ့ နောက်ကွယ်မှာ ကိုယ့်ဘက်ကပေးဖို့ထက် သူ့ဆီက တောင်းဖို့လောက်ပဲ အာသီသရှိနေကြခြင်းက ညှိနှိုင်းမှုမအောင်မြင်ရခြင်းရဲ့ အချက်တစ်ချက်ဖြစ်နေလို့ပါပဲ။ ဒီအချက်ကို မေ့မထားသင့်ပါဘူး။ အများအတွက် တကယ်ဆန္ဒရှိရင် ညှိနှိုင်းမှုအောင်မြင်ချင်ရင် ကိုယ့်ဘက်က ယူဖို့ထက် ပေးဖို့ဆိုတဲ့ စေတနာလေးထားရှိစေချင်ပါတယ်။

**ဦးတည်ချက်တူတဲ့ အကျိုးစီးပွားမျိုးထားကြည့်ပါ**

**စေ့စပ်ညှိနှိုင်းခြင်းဟာ နှစ်ယောက်နှစ်ဖွဲ့ချင်းလည်းဖြစ်နိုင်သလို** နှစ်ယောက်မက နှစ်ဖွဲ့မကကြားမှာ စေ့စပ်ညှိနှိုင်းရတာမျိုးတွေလည်း ရှိနိုင်ပါတယ်။ ဦးတည်ချက်လည်း တူချင်မှတူမယ်၊ အကျိုးစီးပွားချင်းလည်း တူချင်မှတူမယ့် အနေအထားမျိုးတွေလည်း ရှိနိုင်တယ်။ ဒါကြောင့် ညှိနှိုင်းမှုမှာ တိကျတဲ့ဘုံရည်မှန်းချက်တစ်ခုထားဖို့ ခက်နေတတ်ပါတယ်။ ဒီအခါမှာ ဦးတည်ချက်တူညီတဲ့ အကျိုးစီးပွားမျိုး ဦးစားပေး ထားကြမလား၊ စဉ်းစားရပါမယ်..၊ ဘာကြောင့် ယခုလို ညှိနှိုင်းစေ့စပ်ကြရပါသလဲ။ အမြင့်ဆုံးသဘောတူညီချက် ဘယ်အထိ ထားမလဲ။ အနိမ့်ဆုံးဘယ်အဆင့်လောက် အထိ ရည်မှန်းထားမလဲ။ ဖြစ်နိုင်ခြေကြည့်ပြီး ဘုံရည်မှန်းချက်တစ်ခု ထားရပါလိမ့်မယ်၊ ဖြစ်နိုင်ရင် အမြင့်ဆုံးအဆင့် ဒါမှမဟုတ် အနိမ့်ဆုံးအဆင့်နဲ့ အနီးစပ်ဆုံးရောက်အောင် ကြိုးစားကြည့်ကြရတာပေါ့၊ သဘောတူညီချက်တစ်ခုကို မဖြစ်မနေ မရရအောင် ရယူချင်တဲ့ စိတ်ဝင်စားမှုမျိုးရှိမယ်ဆိုရင် ဦးတည်ချက်မတူညီတဲ့ မိမိအကျိုးစီးပွားကို ဘေးဖယ်ထားကြည့်ပါလား.. အဆင်ပြေလာပါလိမ့်မယ်။ ဒီလိုထားနိုင်ဖို့ဆိုတာ တကယ်ကို ညှိနှိုင်းမှုကိုအောင်မြင်ချင်တဲ့ စိတ်ဆန္ဒအမှန်ရှိမှ၊ အောင်မြင်တဲ့ စေ့စပ်ညှိနှိုင်းရေးမှူးကောင်းတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ ကိုယ်ရည်ကိုယ်သွေး အစွမ်းအစတွေ ကိုယ့်ထံမှာရှိနေမှသာ ဖြစ်နိုင်လိမ့်မယ်ဆိုတာ ယုံကြည်ထားစေချင်ပါတယ်။

**"စေ့စပ်ညှိနှိုင်းခြင်းဟာ နှစ်ယောက်နှစ်ဖွဲ့ချင်းလည်းဖြစ်နိုင်သလို နှစ်ယောက်မက နှစ်ဖွဲ့မကကြားမှာ စေ့စပ်ညှိနှိုင်းရတာမျိုးတွေလည်း ရှိနိုင်ပါတယ်။ ဦးတည်ချက်လည်း တူချင်မှတူမယ်၊ အကျိုးစီးပွားချင်းလည်း တူချင်မှတူမယ့် အနေအထားမျိုးတွေလည်း ရှိနိုင်တယ်။ ဒါကြောင့် ညှိနှိုင်းမှုမှာ တိကျတဲ့ဘုံရည်မှန်းချက်တစ်ခုထားဖို့ ခက်နေတတ်ပါတယ်။ ဒီအခါမှာ ဦးတည်ချက်တူညီတဲ့ အကျိုးစီးပွားမျိုး ဦးစားပေးထားကြမလား၊ စဉ်းစားရပါမယ်..၊ ဘာကြောင့် ယခုလို ညှိနှိုင်းစေ့စပ်ကြရပါသလဲ။ အမြင့်ဆုံးသဘောတူညီချက် ဘယ်အထိ ထားမလဲ။ အနိမ့်ဆုံး ဘယ်အဆင့်လောက်အထိ ရည်မှန်းထားမလဲ။ ဖြစ်နိုင်ခြေကြည့်ပြီး ဘုံရည်မှန်းချက်တစ်ခု ထားရပါလိမ့်မယ်၊ ဖြစ်နိုင်ရင် အမြင့်ဆုံးအဆင့် ဒါမှမဟုတ် အနိမ့်ဆုံးအဆင့်နဲ့ အနီးစပ်ဆုံးရောက်အောင် ကြိုးစားကြည့်ကြရတာပေါ့၊ သဘောတူညီချက်တစ်ခုကို မဖြစ်မနေမရရအောင် ရယူချင်တဲ့ စိတ်ဝင်စားမှုမျိုးရှိမယ်ဆိုရင် ဦးတည်ချက်မတူညီတဲ့ မိမိအကျိုးစီးပွားကို ဘေးဖယ်ထားကြည့်ပါလား.. အဆင်ပြေလာပါလိမ့်မယ်။ ဒီလိုထားနိုင်ဖို့ဆိုတာ တကယ်ကို ညှိနှိုင်းမှုကို အောင်မြင်ချင်တဲ့ စိတ်ဆန္ဒအမှန်ရှိမှ၊ အောင်မြင်တဲ့ စေ့စပ်ညှိနှိုင်းရေးမှူးကောင်းတစ်ယောက်မှာ ရှိသင့်ရှိထိုက်တဲ့ ကိုယ်ရည်ကိုယ်သွေး အစွမ်းအစတွေ ကိုယ့်ထံမှာရှိနေမှသာ ဖြစ်နိုင်လိမ့်မယ်ဆိုတာ ယုံကြည်ထားစေချင်ပါတယ်"**

ဒီလိုမျိုး မိမိအကျိုးစီးပွားလေး လျှော့နိုင်သမျှလျှော့ပြီး အများရောက်ချင်တဲ့ ဆုံမှတ်ပန်းတိုင်ရောက်ဖို့ တူညီတဲ့ စမှတ်ဦးတည်ချက်တွေကို ဦးစားပေးချနိုင်ဖို့ကတော့ တကယ့်သတ္တိလိုအပ်ပါတယ်၊ မှန်ကန်တဲ့ ကိုယ်ရည်ကိုယ်သွေးတွေ လိုအပ်ပါတယ်။ အဓိကအချက်နှစ်ခုပါ၊ စည်းရုံးဆွဲဆောင်နိုင်စွမ်းနဲ့ အပေးအယူလုပ်နိုင်စွမ်းလို့ပဲ ဆိုကြပါစို့..၊ တစ်ခုနဲ့တစ်ခုက အထောက်အကူပြုပါတယ်၊ စည်းရုံးဆွဲဆောင်နိုင်စွမ်းက အလျှော့အတင်းလုပ်ရာမှာ အရေးပါသလို ကိုယ့်ဘက်က လျှော့နိုင်တင်းနိုင်စွမ်းကလည်း တစ်ဖက်ကို စည်းရုံးဆွဲဆောင်နိုင်အား ကြီးပါတယ်။ ဒီအချက်နှစ်ခုအတွက် ဘယ်လိုကိုယ်ရည်ကိုယ်သွေးတွေလိုအပ်ပါသလဲ။

**ရိုးသားဖြောင့်မတ်တည်ကြည်မှုကို အခြေခံ၍သာ**

စာရေးသူအနေနဲ့တော့ ရိုးသားဖြောင့်မတ်တည်ကြည်မှုဆိုတဲ့ အရည်အသွေး တစ်ခုကို ရှေ့တန်းတင်ကြည့်ချင်ပါတယ်။ တစ်ဖက်နဲ့ တစ်ဖက်ညှိနှိုင်းပြောဆို ဆက်ဆံကြရမှာ ကိုယ့်ရဲ့ကိုယ်နှုတ်အမူအရာက ကိုယ့်ရဲ့အတွင်းစိတ်သန္တာန်နဲ့ အပြင်နဲ့အတွင်း တစ်ထပ်တည်းကျတာကိုပဲ တစ်ဖက်ကလည်း လိုချင်မယ် ထင်ပါတယ်။ မလိမ်တတ်ဘူး၊ မညာတတ်ဘူး၊ အမှန်ပဲပြောတယ်၊ အမှားကိုဝန်ခံတတ်တယ်၊ ပွင့်ပွင့်လင်းလင်းရှိတယ်ပေါ့.. ဒီအရည်အချင်းတွေဟာ စေ့စပ်ညှိနှိုင်းမှုတစ်ခု အောင်မြင်ဖို့ အဓိကသော့ချက်တွေဖြစ်တဲ့ အပြန်အလှန်ယုံကြည်မှု၊ တစ်ဦးနဲ့တစ်ဦး နားလည်မှုတို့ကို ပေးစွမ်းပါတယ်။ လူတွေဟာ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အတူယှဉ်တွဲနေထိုင်ဖို့ အတွက်ရော၊ အကျိုးစီးပွားချင်း ထပ်တူလုပ်ဆောင်ကြဖို့အတွက်ပါ စဉ်းစားရင် ရိုးသားခြင်း အရင်းခံဂုဏ်ဒြပ်တွေကို ဦးစားပေးစဉ်းစားကြတယ်ဆိုတာ မမေ့ဖို့ လိုပါတယ်။

နောက်တစ်ချက်က ဖြောင့်မတ်မှန်ကန်စွာနဲ့ ညှိညှိနှိုင်းနှိုင်း လုပ်တတ်သူ တစ်ဦးရဲ့ ဆုံးဖြတ်ချက်တွေဟာ မှန်ကန်ဖို့များတယ်ဆိုတဲ့အချက်ပါ။ ဖြောင့်မတ်မှုဟာ ကိုယ်ကျင့်တရား ကျင့်ဝတ်စည်းမျဉ်းစည်းကမ်းလိုက်နာခြင်း စတာတွေနဲ့တွဲနေတဲ့အတွက် သူ့မှာ အဂတိဖြစ်နိုင်ခြေနည်းသွားတဲ့အချက်ဟာ ဆန့်ကျင်ဘက် တစ်ဖက်နဲ့ တစ်ဖက်အကြား ယုံကြည်မှုတိုးစေတဲ့ အဓိပ္ပာယ်ကိုသက်ရောက်ပါတယ်။

**ရိုးသားဖြောင့်မတ်မှုမှ နားလည်မှု ယုံကြည်မှုဆီသို့**

လှည့်ဖြားတတ်ခြင်းမရှိတဲ့ ရိုးသားဖြောင့်မတ်တဲ့သူတွေဟာ ခင်မင်နှစ်လိုဖွယ်ကောင်းပြီး ဆက်ဆံရေးလည်း ကောင်းလှပါတယ်။ ဒီအချက်ဟာ ညှိနှိုင်းမှုမှာ အရေးကြီးတဲ့ ကိုယ်ရည်ကိုယ်သွေးတစ်ခုပါပဲ၊ ယုံကြည်မှုကို ရိုးသားဖြောင့်မတ်မှုကပဲ ရှာလို့ရပါမယ်၊ တာဝန်ယူ၊ တာဝန်ခံမှုအပြည့်ရှိလေတော့ ခေါင်းမရှောင်တတ်တဲ့အပြင် အလုပ်ကို တိတိကျကျလုပ်တတ်တဲ့အတွက် ယုံကြည်စိတ်ချလို့ရသွားပါတယ်။ ညှိနှိုင်းရေးအဖွဲ့မှာ ဒီလိုလူမျိုးပါလာလို့ကတော့ မအောင်မြင်စရာအကြောင်းမရှိဘူးလို့ မြင်ပါတယ်။ ဘာပဲဖြစ်ဖြစ် နှစ်ဦးနှစ်ဖက် နားလည်မှုအပေါ် အခြေခံပြီး သံသယတွေ ဖယ်ဖျောက်ထားနိုင်ရင် ယုံကြည်မှုတိုးလာပြီး ရှိနေတဲ့သံသယတွေတောင် ပပျောက်သွားနိုင်ပါတယ်။ အပြန်အလှန်အားဖြင့် ယုံကြည်မှုကြောင့်ပဲ နားလည်နိုင်စွမ်းအားတွေ ကြီးမားလာတယ်၊ ယုံကြည်မှုနဲ့နားလည်ပေးနိုင်မှုက အပြန်အလှန်လေးစားမှုနဲ့ အသိအမှတ်ပြုမှုကိုတိုးစေပြီး ပူးပေါင်းဆောင်ရွက်မှုကိုလည်း အားကောင်းသွားစေတယ်ဆိုတာ အောင်မြင်စွာ ညှိနှိုင်းစေ့စပ်ဖူးသူတွေကသာ အသိဆုံးဖြစ်ပါလိမ့်မယ်။

ရိုးသားဖြောင့်မတ်မှုအပေါ်အခြေခံတဲ့ နားလည်မှုယုံကြည်မှုက စေ့စပ်ညှိနှိုင်းသူတွေကို လိုက်လျောညီထွေဖြစ်အောင်လည်း တွန်းအားပေးပါတယ်။ ထိုလက္ခဏာအားလုံးက အားလုံးအတူတကွပူးပေါင်းဆောင်ရွက်ကြမယ်ဆိုတဲ့ ခွန်အားတစ်ခုကိုလည်း ဖြစ်စေပါပြီ။

*စာမျက်နှာ ၉ သို့*

# အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်မှ ပြန်လည်ထွက်ခွာ

**နေပြည်တော် ဇွန် ၇**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ဖိတ်ခေါ်ကမ်းလှမ်းမှုအရ နေပြည်တော်၌ ငြိမ်းချမ်းရေးဆွေးနွေးမှုဆောင်ရွက်ခဲ့သည့် အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား) ဒုတိယဥက္ကဋ္ဌ ဦးစန်ပေ့ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီ မိနစ်၂၀ တွင် နေပြည်တော်မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့သို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

အဆိုပါ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ NDAA (မိုင်းလား) မှ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီမှ တာဝန်ရှိသူများ၊ ယဉ်ကျေးမှုဦးစီးဌာနမှ တိုင်းရင်းသားတိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူများက ထာဝရငြိမ်းချမ်းရေးကိုရရှိရေးသည် ပြည်သူတစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်းရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ်သည်၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေးကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်းတည်ငြိမ်အေးချမ်းရစသည့်စာသားပါဆိုင်းဘုတ်များ ကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော်အလံငယ်များ ကိုင်ဆောင်၍လည်းကောင်း နေပြည်တော် တပ်မတော်လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်ကြသည်။

အဆိုပါ ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ကျိုင်းတုံမြို့သို့ ရောက်ရှိကြရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပါတီနိုင်ငံရေးအဖွဲ့အစည်းများ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံ တိုင်းရင်းသားများက ကျိုင်းတုံလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။



သတင်းစဉ်

# ဝေါမြို့နယ်၌ ၂၀၂၂ခုနှစ် မိုးရာသီစုပေါင်း သစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ



**ဝေါ ဇွန် ၇**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ၂၀၂၂ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းက ကြာလဟာကျေးရွာအုပ်စု ဦးမိုးစုကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ ပဲခူးမြို့နယ်သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်ထွန်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမော်နှင့် အဖွဲ့ဝင်များ၊ သစ်ပင်စိုက်ပျိုးပွဲ တက်ရောက်လာသူများအား ပျိုးပင်များ ပေးအပ်သည်။ ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ကြာလဟာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၃၀၀ ခန့်တို့ဖြင့် မန်ကျည်းပင်၊ မဲဇလီ ၊ ပျဉ်းမ၊ မဟော်ဂနီ၊ ငုရွှေဝါ၊ စိန်ပန်းကြီး၊ ခရေ၊ ငုချယ်ရီ စသည့် ပျိုးပင်ပေါင်း ၃၂၀ ကို စုပေါင်း စိုက်ပျိုးကြသည်။

စိုးမိုး(ပြန်/ဆက်)

စာမျက်နှာ ၈ မှ

### စိတ်ရှည်သည်းခံထိန်းချုပ်နိုင်စွမ်းနဲ့ ခံစားမှုဦးစားမပေးတဲ့ အကျင့်ကောင်း

အောင်မြင်သွားတဲ့ ညှိနှိုင်းမှုတိုင်းမှာ ပါဝင်ခဲ့ကြတဲ့သူတွေကို ပြန်ကြည့်ရင် ဒီလိုပုဂ္ဂိုလ်တွေမှာ သူများထက်ထူးခြားတဲ့ ကိုယ်ရည်ကိုယ်သွေးတချို့ရှိနေတယ်ဆိုတာ မြင်နိုင်ပါလိမ့်မယ်။ ကြံ့ခိုင်တဲ့စိတ်ဓာတ်နဲ့ စိတ်ရှည်သည်းခံမှု၊ တုံ့ပြန်မှုတွေအပေါ် စိတ်လှုပ်ရှားမှုမရှိဘဲ ထိန်းချုပ်နိုင်စွမ်း၊ ခံစားချက်ကို ဦးစားမပေးတဲ့အခါ ထားနိုင်လာတဲ့ အကောင်းမြင်စိတ် စတဲ့အရည်အသွေးတွေဟာ အောင်မြင်မှုတစ်ခုအတွက် ကောင်းမွန်တဲ့အကျင့်တွေပဲ ဖြစ်ပါတယ်။ ခံစားမှုများလွန်းရင် တည်ငြိမ်မှုကင်းတတ်ပြီး အဆိုးမြင်မှုများလာတဲ့သဘောဟာ တကယ့်လက်တွေ့ဘဝနဲ့ ကင်းကွာသွားတဲ့ အခြေအနေမျိုးအထိ ရောက်ရှိသွားတတ်ပါတယ်။ ဒီလိုအခြေအနေမှာ ညှိနှိုင်းမှုဟာ မအောင်မမြင်ဖြစ်သွားနိုင်တဲ့အပြင် ယခင်ကရှိခဲ့တဲ့ တက်ကြွမှု၊ နိုးကြားမှုတွေဟာ ပျောက်ချင်းမလှ ပျောက်သွားပြီး မထင်မှတ်တဲ့ နောက်ဆက်တွဲဆိုးကျိုးတွေနဲ့အတူ ဘယ်လိုမှ ညှိနှိုင်းပေါင်းစပ်လို့ မရတော့တဲ့ အခြေအနေထိ ဆိုက်ရောက်သွားနိုင်တယ်ဆိုတာ အထူးသတိထားဖို့လိုပါတယ်။

### ဆွေးနွေးပွဲပုံစံမျိုးနဲ့ ကြိုတင်ပြင်ဆင်သင့်သည်များ

ညှိနှိုင်းမှုတချို့ကို တစ်ခါတစ်ရံ ဆွေးနွေးပွဲပုံစံနဲ့ ချဉ်းကပ်အဖြေရှာရတာမျိုးလည်း ရှိနိုင်တယ်။ အထူးသဖြင့် နိုင်ငံရေးကိစ္စတွေ၊ စီးပွားရေးကိစ္စတွေမှာ ဖြစ်နိုင်ပါတယ်။ ငြိမ်းချမ်းရေးစားပွဲ၊ ညှိနှိုင်းရေးစားပွဲပေါ်မှာ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်း စသည်ဖြင့် ခေါ်ဝေါ်လေ့ရှိကြတယ်။ ဆွေးနွေးပွဲပုံစံနဲ့ ညှိနှိုင်းမှုမျိုးဆိုရင်တော့ ကြိုတင် ပြင်ဆင်ရမယ့်အပိုင်းတွေကို အချိန်ယူပြီး အလေးအနက်ထားရတော့မှာ ဖြစ်ပါတယ်။ ကိုယ့်ဘက်ကလည်း ညှိနှိုင်းမှုစွမ်းရည်ရှိတဲ့ ပုဂ္ဂိုလ်မျိုး favourable person မျိုးတွေကို ဦးစားပေးရွေးချယ်ရတော့မှာ ဖြစ်ပါတယ်။ ပြဿနာနဲ့ပတ်သက်ပြီး ကြိုပြီးလေ့လာထားရမယ့် အသေးစိတ်အချက်အလက်တွေ အပါအဝင် ပြောဆိုမေးမြန်းဖြေကြားနိုင်မယ့် အချက်အလက်တွေနဲ့ ပတ်သက်လို့ကတော့ အထူးပြောစရာလိုမယ်မထင်ပါဘူး။ တစ်ဖက်အဖွဲ့မှာ ဘယ်သူပါမလဲ၊ ဦးဆောင်သူက ဘယ်လိုပုဂ္ဂိုလ်မျိုးလဲ၊ သူ့ရဲ့ စွမ်းရည်နဲ့ ကိုယ်ရည်ကိုယ်သွေး၊ သူတို့ရဲ့ လိုလားချက် အစစ်အမှန်၊ သူ့ဘက်ကိုယ့်ဘက် အဆင်ပြေနိုင်မယ့် ဆွေးနွေးပွဲလုပ်မယ့် နေရာ၊ အချိန်ရွေးချယ်မှု၊ အစားအသောက်၊ အလေ့အထကအစ အရေးကြီးပါတယ်။ ဖြစ်နိုင်ဖွယ်ရာအတွက်ကော မျှော်လင့်မထားတာတွေအတွက်ပါ ကြိုတင်ခန့်မှန်း ကြိုတင်မျှော်တွေးပြီး ပြင်ဆင်ဆောင်ရွက်ထားခြင်း proactive ၊ မဖြစ်နိုင်ဘူးဆိုတဲ့အဖြေအတွက် ကိုယ့်ဘက်က မြန်မြန်ဆန်ဆန် ပြန်လည် တုံ့ပြန်နိုင်မယ့် plan B , plan C စသည်ဖြင့် မျှော်တွေးပြင်ဆင်ထားရမှာ ဖြစ်ပါတယ်။

> ❑ လှည့်ဖြားတတ်ခြင်းမရှိတဲ့ ရိုးသားဖြောင့်မတ်တဲ့သူတွေဟာ ခင်မင်နှစ်လိုဖွယ်ကောင်းပြီး ဆက်ဆံရေးလည်းကောင်းလှပါတယ်။ ဒီအချက်ဟာ ညှိနှိုင်းမှုမှာ အရေးကြီးတဲ့ ကိုယ်ရည်ကိုယ်သွေးတစ်ခုပါပဲ၊ ယုံကြည်မှုကို ရိုးသားဖြောင့်မတ်မှုကပဲ ရှာလို့ရပါမယ်၊ တာဝန်ယူ၊ တာဝန်ခံမှုအပြည့်ရှိလေတော့ ခေါင်းမရှောင်တတ်တဲ့အပြင် အလုပ်ကို တိတိကျကျလုပ်တတ်တဲ့အတွက် ယုံကြည်စိတ်ချလို့ရသွားပါတယ်။ ညှိနှိုင်းရေးအဖွဲ့မှာ ဒီလိုလူမျိုးပါလာလို့ကတော့ မအောင်မြင်စရာအကြောင်းမရှိဘူးလို့ မြင်ပါတယ်။ ဘာပဲဖြစ်ဖြစ် နှစ်ဦးနှစ်ဖက် နားလည်မှုအပေါ်အခြေခံပြီး သံသယတွေဖယ်ဖျောက်ထားနိုင်ရင် ယုံကြည်မှုတိုးလာပြီး ရှိနေတဲ့သံသယတွေတောင် ပပျောက်သွားနိုင်ပါတယ်။ အပြန်အလှန်အားဖြင့် ယုံကြည်မှုကြောင့်ပဲ နားလည်နိုင်စွမ်းအားတွေ ကြီးမားလာတယ်၊ ယုံကြည်မှုနဲ့နားလည်ပေးနိုင်မှုက အပြန်အလှန်လေးစားမှုနဲ့ အသိအမှတ်ပြုမှုကိုတိုးစေပြီး ပူးပေါင်းဆောင်ရွက်မှုကိုလည်း အားကောင်းသွားစေတယ်ဆိုတာ အောင်မြင်စွာညှိနှိုင်းစေ့စပ်ဖူးသူတွေကသာ အသိဆုံးဖြစ်ပါလိမ့်မယ်

### Win-Win ဆိုတဲ့ သူသာ ကိုယ်သာ၊ သူလည်းနိုင် ကိုယ်လည်းအနိုင်

ထိရောက်အောင်မြင်တဲ့ စေ့စပ်ညှိနှိုင်းမှုတစ်ခုဆိုတာ အပေးအယူ၊ အလျှော့အတင်းများစွာ လုပ်နိုင်ကြပြီးမှ သူရော၊ ကိုယ်ရောအကျိုးရှိ Win-Win အနေအထားမှာ မှန်ကန်တဲ့ဆုံးဖြတ်ချက်နဲ့အတူ ကောင်းမွန်တဲ့ ရလဒ်တစ်ခုရရှိခြင်းပဲ ဖြစ်ပါတယ်။ ညှိနှိုင်းမှုမှာ ပါဝင်တဲ့ တစ်ဦးတစ်ယောက်ချင်းရဲ့ ညှိနှိုင်းမှုဟန်ပန်တွေ၊ စွမ်းရည်နဲ့ ကိုယ်စွမ်းကိုယ်စတွေကြောင့် နှစ်ဖက်စလုံးက အနိုင်ရသွားကြတာပဲ ဖြစ်ပါတယ်။ မိမိနဲ့ဆက်စပ်ပြီး မိမိတာဝန်ယူရတဲ့ လူ့အဖွဲ့အစည်းရဲ့လိုအပ်ချက်တွေအပေါ်မှာလည်း အပေါင်းလက္ခဏာဆောင်တဲ့ သက်ရောက်မှုတွေအဖြစ်များစွာတွေ့မြင်ရတော့မှာ ဖြစ်ပါတယ်။

ဒါကြောင့် အဆုံးသတ်ပြောချင်တာက စေ့စပ်ညှိနှိုင်းခြင်းကို မစိုးရိမ်ပါနဲ့၊ မကြောက်ပါနဲ့၊ ဘုံအကျိုးစီးပွားအခြေခံတဲ့ ရည်မှန်းချက်တစ်ခုအောင်မြင်ဖို့နဲ့ ရှုပ်ထွေးတဲ့ ပြဿနာတွေကို စစ်ပွဲတွေမပါဘဲ ငြိမ်းချမ်းစွာဖြေရှင်းဖို့ဆိုရင် စိတ်ရှည်သည်းခံခြင်းများစွာနဲ့အတူ အချိန်တော့ပေးရမှာပဲ ဖြစ်ပါတယ်။ ညှိနှိုင်းနိုင်စွမ်းရှိတဲ့ အရည်အချင်းတွေကြောင့် ပြဿနာပြေလည်သွားသလို ရည်မှန်းချက်နဲ့ အကျိုးစီးပွားအပျက်မခံဘဲ မလျှော့တဲ့ဇွဲလုံ့လနဲ့ စေတနာပါပါ ကြိုးစားညှိနှိုင်းမှုကြောင့်လည်း မိမိရဲ့ ညှိနှိုင်းမှု အရည်အချင်းတွေ ကိုယ်ရည်ကိုယ်သွေးတွေလည်း တိုးတက်လာပါလိမ့်မယ်။ တစ်ဖက်နဲ့တစ်ဖက် သူစိမ်းတွေ အနေအထားကနေ ကောင်းမွန်လာတဲ့ နှစ်ဖက်ဆက်ဆံရေးဟာ မြင့်ပြီးရင်း မြင့်နေပြီး သူနိုင် ကိုယ်နိုင်၊ သူလည်းသာ ကိုယ်လည်းသာ Win-Win ဖြစ်တဲ့အတွက် အားလုံးအတွက် အပြန်အလှန် မလွဲကေန် အကျိုးကျေးဇူး ဖြစ်ထွန်းနေကြမည်ကို မျှော်လင့်လို့ရနေပြီလည်း ဖြစ်ပါတယ်။ ။

# ဒို့တောင်သူတွေ ဝင်ငွေတိုးဖို့ သီးထပ်သီးညှပ် စိုက်ကြစို့

မောင်အောင်

**“မိုးကလေးတစ်ပြိုက်ပဲရွာသေးတယ် ဂျာကြီးက နေကြာစိုက်ခိုင်းတော့ ပထမတော့ အတော်လေး စိတ်ထဲကသိကအောက် ဖြစ်သွားတယ်။ ကျွန်တော် တို့ဆီမှာ တစ်ခါမှ ဒီအချိန် နေကြာစိုက်တာရှိမှ မရှိဘဲ။ အဲ ဒါပေမယ့် အောက်ခံအစိုဓာတ်ကလေး ကလည်းရှိနေတော့ နေကြာစိုက်ဖြစ်တယ်။ သူစိုက်ခိုင်းတာက မျိုးစေ့ထုတ်ဖို့တဲ့ဗျ။ ဈေးကောင်းရမယ် ပြောတယ်။ တကယ်တော့ မျိုးစေ့ထုတ်တယ်ဆိုတာ သူတို့ဘာသာ စိုက်ပျိုးရေးဦးစီးဌာနက လုပ်ရမယ့် အလုပ်လေ။ ကျွန်တော်တို့ တောင်သူတွေလုပ်ဖို့မှ မဟုတ်ဘဲ။ အဲ ဒါပေမယ့် ထွက်လာတဲ့မျိုးကို ဈေးကောင်းပေးပြီး ပြန်ဝယ်မယ်ဆိုတာကြောင့် သကြိန်မတိုင်ခင်လေး မှတ်မှတ်ရရ လေးလပိုင်း ၁ ရက်နေ့မှာ စိုက်ဖြစ်လိုက်တာပဲ။”**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် မြောက်ရှားတောကျေးရွာ တောင်သူ ကိုခင်မောင်လွင်၏ နေကြာစိုက်ခင်းအရောက်တွင် ကိုခင်မောင်လွင်က ကျွန်တော့်အား ရှင်းပြနေခြင်းဖြစ်သည်။ ကိုခင်မောင်လွင် စိုက်ခင်းက ကျွန်တော်တို့ရောက်သွားတော့ ၅၈ ရက်သားရှိနေပြီ။ အပင်သန်ပြီး ပင်စည်အလုံးတုတ်သည်။ အချို့အပင်များ အဖူးလေးများပင်ဖူး၊ အပွင့်ကလေး လေးငါးပွင့် ပွင့်နေကြသည်။

“ခင်ဗျား နေကြာခင်းက အတော်လေးကောင်းတာပဲ။ အပင်လည်းညီတယ်။ ဖြစ်ထွန်းမှုကလည်း ကောင်းတယ်။ ဘာမျိုးစိုက်တာလဲ။ ဘာတွေဘယ်လို ပြုစုထားလို့ ဒီလောက်ကောင်းနေတာလဲ ပြောပြစမ်းပါဦး။”

ကျွန်တော်က တစ်ကေသာသာရှိသည့် နေကြာခင်းကို ခြုံ၍ ကြည့်လိုက်ရင်း မေးလိုက်ခြင်း ဖြစ်သည်။

“အဘတို့ ရေဆင်းစိုက်ပျိုးရေးသုတေသနက ထုတ်လုပ်တဲ့ ရေဆင်းစပ်မျိုးနေကြာ -၁ လေ အဘ။ ဂျာကြီးတို့ပေးတာပဲ။ လေးလပိုင်း ၁ ရက်နေ့က စစိုက်ပြီး ၁၅ ရက်နေ့မှာ အပင်သားခွဲတယ်။ ပင်ညှပ်တွေနုတ်ပစ်လိုက်တယ်။ အဲ ပြီးတော့ တစ်လအကြာ ၅ လပိုင်း ၁ ရက်နေ့မှာ မြေဩဇာပက်တယ်။ ရေသွင်းပေးတယ်။ ကျွန်တော်တို့ ဒီနယ်က ယာ အတော်များများက ဆည်ရေသောက်ပဲ။ အဲ ဒါပေမယ့် မြစ်နဲ့လည်း သိပ်ပြီးမဝေးတော့ မြေအောက်ရေလည်း ရတယ်။ စိုက်တာက တန်းကြား နှစ်ပေနှင့် ပင်ကြား ကိုးလက်မပဲ။ အဲဒါအပြင် အဘတို့ စပ်မျိုးကလည်း ကောင်းလွန်းတော့ အခုလိုအပင်ဖြစ်တာပါ။”

ကိုခင်မောင်လွင်က ရေဆင်း -၁ နေကြာစပ်မျိုး ကောင်းကြောင်း ဝမ်းသာအားရ ပြောနေသဖြင့် ကျွန်တော်က ကျွန်တော်နှင့်အတူ ပါလာသည့် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အား လက်မထောင်ပြလိုက်ရင်း-

“အဲဒီစပ်မျိုးက ဟောဒီဆရာကြီးရဲ့ စိုက်ပျိုးရေးသုတေသနဦးစီးဌာနက ထုတ်လုပ်တာပေါ့ဗျာ။ အဲဒီတော့ ဘာပင်ပဲစိုက်စိုက် မျိုးကောင်းဖို့ အရေးကြီးတယ်။ အဖြစ်မစိုက်ဘဲ စနစ်တကျမျိုးရွေးချယ်ပြီး စိုက်ပျိုးဖို့လိုတယ်ဆိုတာ ခင်ဗျားတို့တောင်သူတွေ လက်ခံရင်ကျေနပ်ပါပြီ။”

“ဟာ အဘကလည်း ဘယ်လက်မခံဘဲ နေပါ့မလဲဗျ။” **“လူမှာအမျိုး ကြက်မှာအရိုးတဲ့”** မျိုးရိုးကောင်းဖို့က လိုမှလိုဗျ။ **“မျိုးစေ့မမှန် ပင်မသန်က သီးနှံငုံကင်း အသီးဖျင်း၏”** လို့ဆိုစကားတောင် ရှိတယ်မဟုတ်လား။ မျိုးကောင်းဖို့ လွတ်ပြီးလိုတာပေါ့။”

ကျွန်တော်တို့နှင့်အတူ နေကြာခင်းအတွင်း ရောက်နေသည့် တောင်သူဦးကြီးတစ်ဦးက ဖြည့်စွက်ပြောလိုက်ခြင်းဖြစ်သည်။

“အေး ဟုတ်ပါပြီဗျာ။ ကျွန်တော်တို့ တောင်သူတွေ အခုလိုမျိုးနဲ့ပတ်သက်ပြီး အလေးထားဆောင်ရွက်တာ ကြားရတာ အများကြီးဝမ်းသာပါတယ်။ အဲဒါနဲ့ ဒီအခင်းဆိုရင် အကြမ်းဖျင်း ဘယ်လောက် ထွက်မယ်မှန်းသလဲ။ အဲ နောက်ပြီး အထွက်နှုန်းကို ဘယ်လိုမှန်းရသလဲဆိုတာ ပြောစမ်းပါဦး။”

ကျွန်တော့်စကားကြောင့် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး စောစောကတောင်သူကြီးက ကိုခင်မောင်လွင်ကို မေးငေါ့ပြီး “ကဲ ခင်မောင်လွင် မင်းအကွက်ပဲ။ အဘကိုမင်းပဲ ရှင်းပြလိုက်။”

“ဟုတ်ကဲ့ပါ အဘ။ ကျွန်တော့်ဒီအကွက်ဆိုရင် အနည်းဆုံးနေကြာစေ့တင်းအစိတ် ၂၅ တင်းဆိုတာ အောက်ထစ်ပဲ။ ဘာ့ကြောင့်လဲဆိုတာ ကျွန်တော် စောစောကပြောတဲ့ တန်းကြား၊ ပင်ကြား အတိုင်း စိုက်တာကြောင့် တစ်ကေမှာ အပင်ရေ ၂၆၀၀၀ ကနေ ၂၉၀၀၀ လောက်အထိ ဝင်တယ်။ ပျမ်းမျှ ၂၇၅၀၀ ပဲထားပါတော့။ နေကြာက တစ်ပင်မှာ တစ်ပွင့်ပွင့်တာကြောင့် ပွင့်ရေ ၂၇၀၀၀လောက် ရမယ်။ နေကြာတစ်ပွင့်မှာ အစေ့အရေအတွက် ၂၅၀ ကနေ ၃၀၀ အထိရှိတယ်။ အဲပြီးတော့ နေကြာစေ့တစ်ထောင်ဆိုရင် ပျမ်းမျှအလေးချိန် ၅၅ ဂရမ်လောက်ရှိတာကြောင့် ဒီတစ်ကေက အနည်းဆုံး ၂၅ တင်းကနေ တင်း ၃၀ လောက် ထွက်မယ်လို့ ကျွန်တော်ခန့်မှန်းတာပါ။”

ကိုခင်မောင်လွင်ကား အသက် (၃၅) (၄၀) ခန့်ပင်ရှိသေးသည်။ သူ၏ ဖြေကြားချက်များက တိကျလွန်းလှသဖြင့် ကျွန်တော်မအံ့ဩဘဲ မနေနိုင်သကဲ့သို့ ကြည်နူးဝမ်းမြောက်မိ ဖြစ်မိပါသည်။ ကျွန်တော်တို့ပြောဆိုဆွေးနွေးနေမှုများကိုလည်း နေကြာစိုက်တောင်သူများ ဝိုင်းအုံ၍ နားထောင်နေကြခြင်းကြောင့် အားရစရာကောင်းလှသည်။

**“တယ် တိကျပါလား ကိုခင်မောင်လွင်ရဲ့ ဟုတ်ရော ဟုတ်ရဲ့လား”**

ကျွန်တော်မယုံ၍ မေးခြင်းမဟုတ်ပါ။ သူတို့ရင်ထဲက စကားများကို ကြားလို၍ ဆွပေးလိုက်ခြင်းဖြစ်သည်။

**“သိပ် ဟုတ်တာပေါ့ အဘရ”** ဒီကောင်က ပွင့်ဖြူ စိုက်ပျိုးရေးအထက်တန်းကျောင်းဆင်းလေ။ ဘာပဲလုပ်လုပ် စာရင်းဇယားနဲ့လုပ်တာ။”

“အေးဗျာ ကောင်းတယ်။ ကြားရတာ ဝမ်းသာပါတယ်။ ကိုခင်မောင်လွင်တို့လို စိုက်ပျိုးရေးအထက်တန်းကျောင်းဆင်းတွေ၊ ပညာတတ်တွေ ကိုယ်တိုင်မိဘလက်ငုတ်လက်ရင်း တောင်သူအလုပ်ကိုလုပ်တယ်ဆိုတော့ အားရစရာပေါ့ဗျာ။ ကဲ ဒါနဲ့ ခင်ဗျား စိုက်စရိတ်ဘယ်လောက်ရှိပြီး ဒီနေကြာတစ်ကေက အကျိုးအမြတ် ဘယ်လောက်ရမယ်မှန်းသလဲ။”

ကျွန်တော်က ကျွန်တော်တို့ တောင်သူများ နေကြာစိုက်လျှင် ဘယ်လောက် အကျိုးအမြတ်ရမည်ကိုသိလို၍ မေးလိုက်ခြင်းဖြစ်သည်။ ကျွန်တော့်နည်းတူ နားထောင်နေကြသော တောင်သူအားလုံးကလည်း နေကြာစိုက်ပျိုးမှု၏ အကျိုးအမြတ်ကို သိချင်နေကြပုံရသည်။

“အဘ နေကြာစိုက်ဖို့ မြေပြင်တာက ထယ်တစ်စပ် ထွန်တစ်စပ်ဆိုရင် ၄၅၀၀၀ ကျတယ်။ စိုက်စရိတ်က ၃၃၅၀၀၊ အပင်ပြုစုတာ၊ ကြားပေါင်းလိုက်တာ၊ ပေါင်းနုတ်တာက ၅၁၀၀၀၊ သွင်းအားစုဖြစ်တဲ့ ပုလဲမြေဩဇာက ၈၁၅၀၀၊ ရိတ်သိမ်းချိန်မှာ ကုန်ကျမည့်ငွေက ၆၀၀၀၀ ကျပ်ဖြစ်တာကြောင့် တစ်ကေစိုက်စရိတ်ကုန်ကျငွေစုစုပေါင်း ၂၇၁၀၀၀ လောက်ကျတယ်။ စောစောကပြောသလို ဒီတစ်ကေက အနည်းဆုံးနေကြာစေ့ ၂၇ တင်းထွက်ပြီး ဆီကြိတ်လိုက်ရင် ပျမ်းမျှ ၈၃ ပိဿာလောက်တော့ ရမယ်။ လက်ရှိဆီတစ်ပိဿာပေါက်ဈေးက ၉၀၀၀ ကျပ်ဖြစ်နေတာကြောင့် ၇၄၇၀၀၀ လောက်ရမယ်။ အဲဒီတော့ စိုက်စရိတ်အရင်းက ၂၇၁၀၀၀ ကုန်တာကြောင့် ၄၇၀၀၀၀ ကျော်ကျော် တစ်ကေအမြတ်ဝင်ငွေရမယ်၊ ဒါ ကျွန်တော်ပျမ်းမျှခြင်း တွက်တာ။ ဒီထက် ပိုပြီး ရဖို့ပဲရှိတယ်။”

**“အဲဒီတော့ ကိုခင်မောင်လွင် အချိန်မကျလို့ မစိုက်ချင်တာကို အတင်းစိုက်ခိုင်းတဲ့ ဂျာကြီးကို စိတ်မဆိုးဘူးလား။”**

“စိတ်မဆိုးတဲ့အပြင် ထိုင်တောင်ကန်တော့ချင်တယ် အဘရေ။ ဂျာကြီးတိုက်တွန်းလို့ စိုက်ဖြစ်တာ။ ကျွန်တော်တို့ စိုက်တဲ့အချိန်မှာ ဂျာကြီးတို့စိုက်ပျိုးရေးအဖွဲ့တွေက နေ့တိုင်းနီးပါးလာပြီး ကြည့်ပေးနေတော့ ကျွန်တော်တို့က အလွန်ကျေးဇူးတင်နေတာ။”

“ဂျာကြီးတို့ လာလွန်းလို့ ခင်ဗျားအိမ်က ကြက်တွေကုန်တော့မှာ မဟုတ်ဘူးလား။”

ကျွန်တော့်စကားကြောင့် နားထောင်နေသူများ အားလုံးဝိုင်းပြီး ရယ်လိုက်ကြသည်။

“ကြက်တွေ မကုန်ပါဘူး အဘရယ်။ စိုက်ပျိုးရေးအဖွဲ့က သူတို့ထမင်းချိုင့်နဲ့ သူတို့လာကြတာပါ။ တစ်ခါတလေ သူတို့ချက်လာတဲ့ ဟင်းတောင် ကျွန်တော်တို့ကိုမျှပြီး ကျွေးပါသေးတယ်။”

“အေး ကောင်းတာပေါ့ဗျာ။ ခင်ဗျာတို့ ရှားတောက စလင်းမြို့နယ်ဆိုပေမယ့် ဆင်ဖြူကျွန်းထဲမှာ ပါနေတော့ စိုက်တာပျိုးတာ စလင်းနဲ့ သိပ်ပြီးမတူဘူးနဲ့တူတယ်။ ပြီးတော့ စလင်းဆည်တမံက ရေကလည်း ခင်ဗျားတို့ဆီကျတော့ နည်းနည်းအလှမ်းဝေးတော့ အဆင်ရောပြေရဲ့လား။”

“ကျွန်တော်ဆို့ဆီက ဆည်ရေတော့ ဒီလောက်အားမထားဘူး။ နောက်ပြီး ရောဝတီမြစ်နဲ့ နီးတော့ မြစ်ရေ၊ ချောင်းရေလည်း ဝင်တယ်။ ပြီးတော့ မြစ်နဲ့နီးတော့ ရေတွင်းတူးပြီးသုံးရင် မြေအောက်ရေကလည်း သိပ်ပြီးမဝေးဘူး။ သုံးလို့ရတယ်။ အဲဒီနှစ်ပိုင်းမှာခက်တာက စက်သုံးဆီ ဈေးကြီးတာပဲ။ ဝယ်လို့တော့ ရတယ်။ ဒါပေမယ့် ဆီဈေးကြီးတော့ စိုက်စရိတ်နဲ့ ဝန်ဆောင်ခတွေ ဈေးကြီးတာပေါ့။ စက်သုံးဆီကိစ္စလည်း အဘတို့ ဘာလုပ်ပေးလို့ရမလဲ။ လုပ်ပေးလို့ရရင် လုပ်ပေးစမ်းပါဦး။”

ကျွန်တော်၏ ရင်းရင်းနှီးနှီးပြောဆိုဆက်ဆံမှုများက ကိုခင်မောင်လွင်အပါအဝင် ကျေးလက်တောင်သူများက သူတို့၏ ခံစားချက်များအား တရင်းတနှီးရင်ဖွင့်လာစေပါသည်။

“အေး စက်သုံးဆီကတော့ ကျွန်တော်တို့နိုင်ငံက ထွက်တာကနည်းနည်းပဲ သုံးတာက များတယ်။ ဒီကြားထဲမှာ လူတွေကလည်း အရင်ကနဲ့စာရင် ပိုပြီးချမ်းသာလာတော့ ရွာတွေမှာ ဆိုင်ကယ်မရှိတဲ့ အိမ်က ခပ်ရှားရှား။ တချို့အိမ်ဆို ကားတောင်ရှိကြတယ်။ ဒီတော့စက်သုံးဆီက ပိုပြီးကုန်တာပေါ့ဗျာ။ ပြီးခဲ့တဲ့နှစ်က ကိုဗစ်ဖြစ်တော့ စက်သုံးဆီ ထုတ်လုပ်တဲ့ နိုင်ငံတွေမှာ

*စာမျက်နှာ ၁၁ သို့*



နှမ်းခင်းတွင် နေကြာသီးညှပ်စိုက်ပျိုးထားရှိပုံ။

**ကျွန်တော်တို့နိုင်ငံမှာ စိုက်ကေ ၃၃ သန်း ရှိတယ်တဲ့။ သီးထပ်သီးညှပ်ပေါင်းလိုက်ရင် ၄၈ သန်း ရှိတယ်တဲ့။ အဲဒီတော့ မြေကေ ၁၅ သန်းလောက်ပဲ၊ သီးထပ်စိုက်ပြီး ကျန်တာက သီးထပ်သီးညှပ်စိုက်ဖို့ လိုတာကို ထောက်ပြတယ်။ တကယ်လို့သာ ကျန်တဲ့မြေတွေကိုပါ သီးထပ်သီးညှပ်စိုက်နိုင်ရင် စိုက်ပျိုးရေးထွက်ကုန်တွေ ဒီထက် နှစ်ဆတိုးနိုင်မယ်**

# ရှမ်းပြည်နယ်၌ ကော်ဖီစိုက် ဧက ၂၇၀၀၀ ကျော်ရှိသည့်အတွက် တစ်နိုင်ငံလုံး ကော်ဖီစိုက်ရေိယာ၏ ထက်ဝက်ကျော်ရှိ

နေပြည်တော် ဇွန် ၇

**ရှမ်းပြည်နယ်၏ ကော်ဖီနှင့် လက်ဖက်စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် အားကောင်းလာစေရေး အတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ တောင်ကြီးဟိုတယ် အစည်း အဝေးခန်းမ၌ ကျင်းပသည်။**




ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး ကော်ဖီစိုက်တောင်သူများအား အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်စဉ်။

### စီးပွားဖြစ်ထုတ်ကုန်တစ်ခု

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ကော်ဖီကို စီးပွားဖြစ်ထုတ်ကုန် တစ်ခုအဖြစ် ဆောင်ရွက်ရန် ရွာငံ၊ နောင်ချို၊ ပင်လောင်း၊ ဟိုပုံး စသည့်ကော်ဖီအဓိကစိုက်ပျိုးနေ သည့် ဒေသများရှိတောင်သူအစုအဖွဲ့များကို အားပေး ပြီး ကော်ဖီစိုက်ပျိုးသည့် ဧရိယာတိုးချဲ့ရေး၊ ဒေသနှင့် သင့်တော်ပြီး ဈေးကွက်က နှစ်သက်လိုလားသည့် ကော်ဖီမျိုးများ ရွေးချယ်စိုက်ပျိုးရေး၊ အထူးတန်းဝင် ကော်ဖီရရှိရေးအတွက် ထုတ်လုပ်မှုဆိုင်ရာ နည်းစနစ် များ အဆင့်မြှင့်တင်အသုံးပြုရေး၊ အလားတူ အရည်အသွေးကောင်း လက်ဖက်စို၊ လက်ဖက် ခြောက်များ ထွက်ရှိရေးနှင့် လက်ဖက်စိုက်ပျိုး ထုတ်လုပ်မှုတိုးတက်ရန် စိုက်စနစ်များ၊ စိုက်ခင်းပုံစံ များ၊ မျိုးများ စနစ်တကျ ပြန်လည်ဆောင်ရွက်ပေးရေး ဆိုင်ရာ ကိစ္စ၊ ရှမ်းပြည်နယ်၏ အဓိကထုတ်ကုန်တစ်ခု ဖြစ်သော ပြောင်းဖူးသီးနှံနှင့် တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် ထုတ်လုပ်မှုမြှင့်တင်ရေး၊ ပြောင်းဖူး စိုက်ပျိုးထုတ်လုပ်ရာတွင် ရိတ်သိမ်းချိန်လွန် နည်းပညာအသုံးပြုနိုင်ရေး၊ ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးပြီး ရှမ်းပြည်နယ်ကို မြန်မာနိုင်ငံ၏ တတိယဆီအိုးကြီးအဖြစ် အကောင်အထည်ဖော် ဆောင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြား သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ကျေးလက်ဒေသနေပြည်သူများ၏ ဝင်ငွေ တိုးတက် ရေး၊ လူမှုစီးပွားမြှင့်တင်နိုင်ရေးအတွက် တောင်သူ များ စိုက်ပျိုးထွက်ရှိလာသည့် ကော်ဖီသီးနှံများ ရောင်းဝယ်ဖောက်ကားခြင်း၊ ပြုပြင်ထုပ်ပိုးခြင်း၊ တန်ဖိုးမြှင့်ထုတ်လုပ်ခြင်း လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုး ရေးဝန်ကြီးဌာနက ဖြည့်ဆည်းကူညီပေးသွားမည့် အခြေအနေများ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သူများ နှင့် လက်ဖက်စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ ကုန်ထုတ်သမဝါယမအသင်းများ ဖွဲ့စည်းဆောင်ရွက် နိုင်ရေး၊ သမဝါယမချေးငွေဖြင့် လုပ်ငန်းတိုးချဲ့ဆောင် ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးပြော ကြားသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းနှင့် အစည်းအဝေး တက်ရောက်လာကြ သူများက သက်ဆိုင်ရာကဏ္ဍများအလိုက် တင်ပြ ဆွေးနွေးခဲ့ကြသည်။

### ကမ္ဘာ့ဈေးကွက်တွင် ထိုးဖောက်နိုင်ရေး

မြန်မာ့ကော်ဖီကို အရည်အသွေးမြင့်မြင့်ဖြင့် ကမ္ဘာ့ဈေးကွက်တွင် ထိုးဖောက်နိုင်ရေးနှင့် ပြည်ပသို့ အဓိကတင်ပို့သည့် ကုန်စည်တစ်ခုဖြစ်စေရေး အတွက် ကော်ဖီစိုက်ပျိုးထုတ်လုပ်မှု၊ ရောင်းဝယ် ဖောက်ကားမှု၊ ပြုပြင်ထုပ်ပိုးမှု၊ ရင်းနှီးမြှုပ်နှံမှု၊ ပြည်ပ ဈေးကွက်ချိတ်ဆက်မှု စသည့်ကွင်းဆက် တစ်လျှောက် အရှိန်အဟုန်ကောင်းစွာ ဖွံ့ဖြိုးလာ စေရန် ကော်ဖီဗဟိုအဖွဲ့ကို ဆက်စပ်ဝန်ကြီးဌာနများ၊ ကော်ဖီစိုက်ပျိုးထုတ်လုပ်သည့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများဖြင့် ပေါင်းစပ်ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ ကော်ဖီအသင်း ဥက္ကဋ္ဌ၊ ကော်ဖီထုတ်လုပ် ရောင်းဝယ်တင်ပို့သူများ အဖွဲ့နှင့် ကော်ဖီစိုက်ပျိုးသူအဖွဲ့များ စသည့်ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များလည်း ပါဝင်ကြောင်း၊ ကော်ဖီဗဟိုအဖွဲ့အနေဖြင့် ကော်ဖီစိုက်ဧရိယာ တိုးချဲ့ ရေး၊ မျိုးကောင်းမျိုးသန့် ရွေးချယ်အသုံးပြုရေး၊ အထွက်နှုန်း တိုးတက်ရေးနှင့်အတူ အထူးတန်းဝင် အရည်အသွေးကောင်း ကော်ဖီထုတ်လုပ်ရေးနှင့် ပြည်ပဈေးကွက်တိုးချဲ့ရေးကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ရွာငံဒေသတွင် ကော်ဖီစိုက် ဧက ၇၀၀၀ ကျော်၊ နောင်ချိုဒေသတွင် ကော်ဖီစိုက် ဧက ၁၀၀၀၀ ကျော်ရှိကာ ရှမ်းပြည်နယ်၌ စုစုပေါင်း ကော်ဖီစိုက်ဧရိယာ ဧက ၂၇၀၀၀ ကျော်ရှိသည့် အတွက် တစ်နိုင်ငံလုံး ကော်ဖီစိုက် ဧရိယာ၏ ထက်ဝက်ကျော်ရှိပြီး ကော်ဖီတိုးတက်စိုက်ပျိုး ထုတ်လုပ်ရန် အခြေခံကောင်းများ ရှိနေကြောင်း သိရသည်။

### ကော်ဖီစိုက်တောင်သူများအား တွေ့ဆုံ

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟိုပုံးမြို့နယ် လုံပေားကျေးရွာ ကော်ဖီစိုက်ခင်းအနီးတွင် မြန်မာ နိုင်ငံ ကော်ဖီအသင်းမှ တာဝန်ရှိသူများ၊ ကော်ဖီအစု အဖွဲ့ ကိုယ်စားလှယ်များ၊ လုံပေား၊ တုတ်စောက်၊ တမ်းဖုရား၊ ငိုချီးကျေးရွာများမှ ကော်ဖီစိုက်တောင်သူ များအား တွေ့ဆုံ၍ လက်ရှိကော်ဖီစိုက်ပျိုးထုတ်လုပ် မှုနှင့် ဈေးကွက်အခြေအနေများ၊ အထူးတန်းဝင် ကော်ဖီတိုးချဲ့စိုက်ပျိုးရေးအတွက် ဝန်ကြီးဌာန၊ ပြည်နယ်အစိုးရနှင့် ကော်ဖီစိုက်တောင်သူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုးပမ်းဆောင်ရွက် ရန် လိုအပ်ချက်များ၊ ကျေးလက်ဒေသနေ ပြည်သူ များ၏ မိသားစုဝင်ငွေ တိုးတက်စေရေးအတွက် အိမ်တွင်းမှုလုပ်ငန်းများ ဆောင်ရွက်ရန် သင်တန်းများ စီစဉ်ပေးခြင်းနှင့် လုပ်ငန်းလည်ပတ်ရန် ပံ့ပိုးမှုများ ဆောင်ရွက်ပေးနေမှုတို့ကို ရင်းနှီးခင်မင်စွာ ဆွေးနွေး ကြပြီး ဒေသနေပြည်သူများ၏ ကုန်ထုတ်လမ်းနှင့် ကျေးလက်လမ်းရရှိရေး ၊ လျှပ်စစ်မီးအသုံးပြုနိုင်ရေး တင်ပြချက်များအပေါ် ဖြည့်ဆည်းပေးနိုင်ရေး ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အရည်အသွေးကောင်း ကော်ဖီစိုက်ပျိုးထုတ်လုပ်ရေးအတွက် လိုအပ်သော အထောက်အကူပြုပစ္စည်းများကို ပေးအပ်ရာ ကော်ဖီအစုအဖွဲ့ကိုယ်စားလှယ်များက လက်ခံရယူ ပြီး ကျေးဇူးတင်စကား ပြောကြားကြသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟိုပုံးမြို့ အလင်း ပွင့် ကော်ဖီစေ့သန့်စင်စက်ရုံသို့ ရောက်ရှိကြပြီး ကော်ဖီအခွံချွတ်စက်၊ ကော်ဖီစေ့သန့်စင်စက်များဖြင့် ကော်ဖီစေ့ထုတ်လုပ်နေမှုကို ကြည့်ရှုအားပေးခဲ့ကြ ကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၀ မှ*

ထုတ်လုပ်မှုက လျော့လာတယ်။ ဒါ့အပြင် စက်သုံး ဆီထုတ်လုပ်တဲ့ အိုပက်နိုင်ငံတွေကလည်း ထိန်းထား တာတွေပါတယ်။ အစိုးရကတော့ ကိုယ့်ပြည်သူတွေ လုံလုံလောက်လောက် သုံးရအောင် တင်သွင်းခွင့် လည်း ပြုတယ်။ စက်သုံးဆီ တင်သွင်းတဲ့ကုမ္ပဏီ တွေကို အမေရိကန်ဒေါ်လာကို ဗဟိုဘဏ်ဈေးနဲ့ ရောင်းပေးနေတာပဲ။ အဲ ဒါပေမယ့် ပစ္စည်းဝယ်လို့ ရတာနည်းတာရယ်၊ လောဘသားတွေက နည်းနည်း မှုမမှန်တာရယ်ကြောင့် ဈေးကြီးတာတော့ ရှိနေ တယ်။ အရေးကြီးတာက ကျွန်တော်တို့အဖွဲ့တွေ ချွေတာသုံးစွဲကြဖို့ပဲ။ မလိုတဲ့နေရာ ဆိုင်ကယ်၊ ကားနဲ့မသုံးဘဲ ဆီချွေတာရင်တော့ ဒီအကျပ် အတည်းကာလကို ကျော်လွှန်သွားမှာပေါ့ဗျာ။”

“အဲဒါနဲ့ ခင်ဗျားတို့ ဒီမှာသီးထပ်သီးညှပ်ရော စိုက်ကြသေးလား။ ဘာသီးနှံတွေ ဘယ်လို စိုက်ကြ သလဲ။ ပြောကြစမ်းပါဦး။ ခင်ဗျားတို့ရွာက ရွာလို့ သာပြောရတာ အိမ်ကြီးအိမ်ကောင်းတွေ တယ်ပြီး ပေါပါလား။”

“အင်း အဘကတော့ ပြောရှော့မယ်။ တစ်သီး တည်း စိုက်နေလို့ကတော့ ဒီလိုဘယ်နေလို့ ရပ့ါမလဲ အဘရဲ့။ ကျွန်တော့် ဒီအကွက်က ဒီနှစ်သာ ဂျာကြီး ပြောလို့ နေကြာစိုက်ဖြစ်လိုက်တာ။ အရင်နှစ်တွေ ကဆို မိုးတွင်းမှာ ကြက်သွန်နီနဲ့ အာလူးစိုက်တယ်။ ဒီပြင် အခင်းတွေကတော့ မိုးကြိုမှာတော့ စပါးသိမ်း ပြီးရင် အဲဒီအစိုဓာတ်လက်ကျန်လေးနဲ့ နှမ်းစိုက်ကြ



နေကြာနှင့် ပဲတီစိမ်း သီးညှပ်စိုက်ပျိုးထားပုံ။

တယ်။ အဘလည်း တွေ့မှာပဲ နှမ်းခင်းတွေကလည်း ကောင်းမှ ကောင်းပဲလေ။ ဇွန်လမှာ နှမ်းသိမ်းပြီးရင် ထယ်ထိုး ထွန်ပြန်မွှေ၊ မြေဆီထည့်ပြီး ဇူလိုင်လမှာ မိုးစပါးပြန်ပြီး စိုက်ကြတယ်။ အောက်တိုဘာ၊ နိုဝင်ဘာမှာ စပါးသိမ်းပြီးရင်တော့၊ ကုလားပဲတို့ ပဲတီစိမ်းတို့ စိုက်ဖြစ်ကြတယ်။ ကျွန်တော်တို့ လူတွေက ဆင်းရဲတာရဲ့ ခါးသီးမှုကို ခံစားပြီးကြပြီ။ ဒီတော့ လူသာနားရင် နားမယ် မြေကိုအနားမပေး ဘူး။”

ကိုခင်မောင်လွင်က သူတို့ရွာသားများ အလုပ် ကြိုးစားပုံကို ပြောပြရသဖြင့် ကျေနပ်အားရနေပုံ ရပါသည်။

“အဘကလည်း ပြီးခဲ့တဲ့ အပတ်ထဲကပဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အစိုးရ အဖွဲ့အစည်းအဝေးမှာ ပြောခဲ့တယ်မဟုတ်လား။ ကျွန်တော်တို့နိုင်ငံမှာ စိုက်ဧက ၃၃ သန်း ရှိတယ်တဲ့။ သီးထပ်သီးညှပ်ပေါင်းလိုက်ရင် ၄၈ သန်းရှိတယ်တဲ့။ အဲဒီတော့ မြေဧက ၁၅ သန်းလောက်ပဲ သီးထပ် စိုက်ပြီး ကျန်တာက သီးထပ်သီးညှပ်စိုက်ဖို့ လိုတာ ကို ထောက်ပြတယ်။ တကယ်လို့သာ ကျန်တဲ့မြေ တွေကိုပါ သီးထပ်သီးညှပ်စိုက်နိုင်ရင် စိုက်ပျိုးရေး ထွက်ကုန်တွေ ဒီထက်နှစ်ဆတိုးနိုင်မယ်။ “ဆီကို ရေချိုး ဆေးရိုးမီးလှုံ စပါးတောင်လိုပုံမည့်ခေတ်”ကို ပြန်ပြီး ရောက်ကြရဦးမှာ။”

“အဲဒီခေတ်ကိုလည်း ပြန်ပြီးရောက်မယ့်အပြင် ကျုပ်တို့တောင်သူတွေ ဝင်ငွေနှစ်ဆ တိုးမယ့်အပြင် ပြည်သူတွေအတွက် စားနပ်ရိက္ခာတွေ တိုးပြီး ထုတ်လုပ်ပေးလို့ ကုသိုလ်တွေလည်း အများကြီး ရကြဦးမှာ။”

ကျွန်တော်တို့ စကားဝိုင်းတွင် တစ်ချိန်လုံးငြိမ်၍ နားထောင်နေသည့် ကတုံးနှင့်အဘပင် ဝမ်းမြောက် ဝမ်းသာတက်ကြွစွာ ပါဝင်ဆွေးနွေးလာသည်။ ရွာတောရွာသားများ၏ မျက်လုံးများက ဝင်းလက် တောက်ပပြီး ကျွန်တော်စည်းရုံးပြောဆိုချင်သည့် ဒို့တောင်သူတွေ ဝင်ငွေတိုးဖို့ သီးထပ် သီးညှပ် စိုက်ကြစို့ဟူသော ခေါင်းစဉ်ကို ကျွန်တော်အကျယ် ချဲ့၍ စည်းရုံးပြောဆိုနေစရာ မလိုတော့ပါ။ သူတို့၏ ခံစားချက်များဖြင့် သူတို့ကိုယ်တိုင်ပြောဆိုလာနေ ခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍လည်း ကျွန်တော်တို့ နိုင်ငံအတွင်းရှိ သီးထပ်၊ သီးညှပ်မစိုက်သေးသော တောင်သူများ သို့သာ ဒို့တောင်သူတွေ ဝင်ငွေတိုးဖို့ သီးထပ် သီးညှပ်စိုက်ကြစို့ ဟု ကျွန်တော်ပြောချင်ပါတော့ သည်။ ။

# နည်းပညာအခြေပြုသိုလှောင်ရုံထိန်းသိမ်းနည်းစနစ် သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် ဇွန် ၇

**နည်းပညာအခြေပြု သိုလှောင်ရုံထိန်းသိမ်းနည်းစနစ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



သင်တန်းဖွင့်ပွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်က ယနေ့ဖွင့်လှစ်သည့် သင်တန်းသည် မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ဒေသတွင်း နိုင်ငံများနည်းတူ ရင်ပေါင်တန်းလိုက် ပါဆောင်ရွက်နိုင်မှု တစ်ခုပင်ဖြစ်ပါကြောင်း၊ သိုလှောင်ရုံများတွင် ထိန်းသိမ်းသိုလှောင်ထားရှိသော ထောက်ပံ့ပစ္စည်းများနှင့် ပတ်သက်၍ ဆောင်ရွက်နေသည့် ဝန်ထမ်းများအနေဖြင့် သိုလှောင်ရုံစီမံခန့်ခွဲ လုပ်ဆောင်ရာတွင် မူလက အသုံးပြုနေသည့် Manual System နေရာတွင် Online အသုံးပြုထားသော Inventory Management Software ကို စနစ်တကျ အသုံးပြုနိုင်စေရန်ဖြစ်ပါကြောင်း၊ မူလက ဆောင်ရွက်နေသည့် စာရွက်စာတမ်း အခြေပြုစနစ်မှ ယခု Electronic စနစ်၊ Computerized စနစ်ကို အသုံးပြုပြီး စနစ်တကျရေးသွင်းထားရှိခြင်းဖြစ်၍ သိုလှောင်ပစ္စည်းများ၏ အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ အလွယ်တကူသိရှိနိုင်ပြီး စီမံခန့်ခွဲသူများအနေဖြင့် Online မှတစ်ဆင့် အလွယ်တကူ ကြည့်ရှု၍ ဆုံးဖြတ်ချက်ချမှတ်နိုင်မည်ဖြစ်ပါကြောင်း၊ Manual စနစ်ဖြစ်သည့် Bin Card၊ လယ်ဂျာများတွင် စာရင်းရေးသွင်းမှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ Manual စနစ်နှင့် Electronic စနစ်တို့ကို ယှဉ်တွဲဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သင်တန်းသား/ သင်တန်းသူများအနေဖြင့် သင်တန်းတွင် သင်ယူရသည့် Inventory Management Software ဆိုင်ရာ လေ့လာမှတ်သားစရာများကို နားလည်အောင် လေ့လာသင်ယူပြီး စနစ်တကျ ကိုင်တွယ် အသုံးပြုနိုင်သည်အထိ လေ့ကျင့်ကြရန်၊ မရှင်းလင်းသည်များရှိပါက သေချာမေးမြန်းဆွေးနွေးလေ့ကျင့်ကြရန်နှင့် စဉ်ဆက်မပြတ်အသုံးပြုဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအားလုံးက အလေးထား ဆောင်ရွက်ကြရန်တို့ကို တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၏ အဓိကတာဝန်တစ်ခုဖြစ်သည့် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့မှုနှင့် ပတ်သက်၍ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းကာလမှာ တစ်ကိုယ်ရည်သုံးနှင့် အိမ်သုံးပစ္စည်း ထောက်ပံ့မှုအနေဖြင့် တစ်အိမ်ထောင်ကို ပစ္စည်း ခြောက်မျိုး၊ တန်ဖိုးအားဖြင့် ၁၁၀၀၀၊ ၂၀၁၃ ခုနှစ်တွင် ပစ္စည်းရှစ်မျိုး၊ တန်ဖိုးအားဖြင့် ၁၅၀၀၀၊ ၂၀၁၈ခုနှစ်တွင် ပစ္စည်း ၁၇ မျိုး၊ တန်ဖိုးအားဖြင့် တစ်အိမ်ထောင်လျှင် ၄၀၀၀၀ မှ ၅၀၀၀၀အကြားအထိ ထောက်ပံ့နိုင်ခဲ့သဖြင့် ၁၀နှစ်တာ ကာလအတွင်းတွင် တစ်အိမ်ထောင်လျှင် ငွေကျပ် ၄၀၀၀၀အထိ တိုးမြှင့်ထောက်ပံ့နိုင်ခဲ့ပါကြောင်း၊ Inventory Management Software အသုံးပြုမှုနှင့်ပတ်သက်၍ ကနဦးအနေဖြင့် ဦးစီးဌာန(ရုံးချုပ်)၊ ဗဟိုသိုလှောင်ရုံ (ရန်ကုန်/ မန္တလေး)နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့်အထိ အသုံးပြုနိုင်ရေး ဆောင်ရွက်ထားသော်လည်း နောင်တွင် ဝန်ထမ်းများအနေဖြင့် Software ကို ကျွမ်းကျွမ်းကျင်ကျင် အသုံးပြုနိုင်သည့်အခါတွင် ခရိုင်/ မြို့နယ်အဆင့်အထိ အသုံးပြုနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ Software လုံခြုံမှုနှင့်ပတ်သက်၍ အသုံးပြုနိုင်သည့် User Level သတ်မှတ်ပေးထားသဖြင့် လုံခြုံရေးကို သေချာသတိထားဆောင်ရွက်ကြရန်လိုပါကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများက တစ်ဦးချင်းအလိုက် မိတ်ဆက်ခဲ့ကြသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၆-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၀၅ | ၂၂၅၀ | ၂၂၄၅ | ၂၂၁၅ | ၂၂၅၀ | ၂၂၇၅ | ၂၂၆၀ | ၂၂၃၅ | ၂၃၃၀ | ၂၃၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၂၈၅ | ၂၂၈၅ | ၂၂၉၀ | ၂၅၁၀ | ၂၆၆၀ |
| 95 Ron | ၂၂၉၅ | ၂၃၄၅ | ၂၃၄၀ | ၂၃၀၅ | ၂၃၄၀ | ၂၃၆၅ | ၂၃၅၀ | ၂၃၂၅ | ၂၄၂၀ | ၂၄၃၅ | ၂၃၃၅ | ၂၃၅၀ | ၂၃၇၅ | ၂၃၈၀ | ၂၃၈၀ | ၂၆၀၀ | ၂၇၁၅ |
| HSD (500 ppm) | ၂၅၇၀ | ၂၆၁၅ | ၂၆၁၅ | ၂၅၈၀ | ၂၆၁၅ | ၂၆၄၀ | ၂၆၃၅ | ၂၆၀၅ | ၂၇၁၅ | ၂၇၁၀ | ၂၆၁၀ | ၂၆၁၅ | ၂၆၅၀ | ၂၆၅၅ | ၂၆၅၅ | ၂၈၇၅ | ၂၈၂၅ |
| HSD (50 ppm) | ၂၆၀၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၁၀ | ၂၆၄၅ | ၂၆၆၅ | ၂၆၆၅ | ၂၆၃၀ | ၂၇၄၅ | ၂၇၄၀ | ၂၆၃၅ | ၂၆၅၀ | ၂၆၈၀ | ၂၆၈၀ | ၂၆၈၅ | ၂၉၀၅ | ၂၈၅၅ |
| HSD (10 ppm) | ၂၆၀၀ | ၂၆၄၅ | ၂၆၄၅ | ၂၆၁၀ | ၂၆၄၅ | ၂၆၆၅ | ၂၆၆၅ | ၂၆၃၀ | ၂၇၄၅ | ၂၇၄၀ | ၂၆၃၅ | ၂၆၅၀ | ၂၆၈၀ | ၂၆၈၀ | ၂၆၈၅ | ၂၉၀၅ | ၂၈၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၀၁ | ၂၁၇၆ |
| 95 Ron | ၂၁၈၉ | ၂၂၆၆ |
| HSD (500 ppm) | ၂၄၅၆ | ၂၅၃၅ |
| HSD (50 ppm) | ၂၄၈၄ | ၂၅၆၃ |
| HSD (10 ppm) | ၂၄၈၄ | ၂၅၆၃ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## အိမ်မဲမြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**အိမ်မဲ ဇွန် ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ယမန်နေ့နံနက် ၈ နာရီက ကျောက်ဝိုင်း မဟာစည်ရိပ်သာဝင်းအတွင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်မှုဖြင့် သစ်တောဦးစီးဌာနမှ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်ပြီး သစ်တောဦးစီးဌာနမှ တာဝန်ရှိသူများက မြို့နယ်စီမံအုပ်ချုပ်ရေးဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသို့ ပျိုးပင်များ ပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်းဇော်နှင့် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၊ မြို့နယ်ကြက်ခြေနီ သူနာပြုအသင်းနှင့် တာဝန်ရှိသူများက မန်ဂျန်ရှားအပင် ၆၀၀ ကို တစ်ပြိုင်တည်း စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ စိုက်ခင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇွန် ၇**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံ အပူပိုင်းသစ်တောကြိုးဝိုင်းများ၏ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဒေသတွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်ရေးစီမံကိန်းဖြင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်ထားသည့် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် မယ်ညိုတောင်ကြိုးဝိုင်း အကွက်အမှတ် (၁၁)ရှိ (၆/၂၀၂၀) တံခွန်တိုင်ဆည် ရေဝေရေလဲစိုက်ခင်း ဧက ၆၀ နှင့် ဝမ်းတွင်းမြို့နယ် မယ်ညိုတောင်ကြိုးဝိုင်း အကွက်အမှတ် (၁၀)ရှိ (၈/၂၀၂၀) ရေဝေရေလဲစိုက်ခင်းဧက ၂၀၀ သို့ရောက်ရှိရာ တာဝန်ရှိသူများက စိုက်ခင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက စိုက်ခင်းများ ရှင်သန်အောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် မယ်ညိုတောင်စိမ်းလန်းစိုပြည်စေရေးအတွက် မယ်ညိုတောင်ကြိုးဝိုင်းအတွင်း သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ ရေဝေရေလဲ စိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောကျန်များ ထိန်းသိမ်းကာကွယ်ခြင်း၊ ကွက်လပ်ဖြည့် စိုက်ပျိုးခြင်း၊ ရေရရှိရေးနှင့် မြေဆီလွှာထိန်းသိမ်းကာကွယ်ခြင်း၊ အပူပိုင်းဒေသ ဒေသမျိုးရင်း သစ်မျိုးများနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကာကွယ်ထိန်းသိမ်းခြင်း လုပ်ငန်းစဉ်များကို စီမံကိန်းကာလ ၂၀၁၈ မှ ၂၀၂၃ ခုနှစ်အထိ သတ်မှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ တပ်ကုန်းမြို့နယ်အသင်း တံခွန်စိုက်ဆုဖလားရရှိ



**နေပြည်တော် ဇွန် ၇**

၂၀၂၂ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပေါင်းလောင်း အားကစားခန်းမ ဘော်လီဘော အားကစားရုံ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် (၃)ဦးမြင့်စိုး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်(၂) ဦးဇေယျာလင်း၊ နေပြည်တော် ကောင်စီအတွင်းရေးမှူး ဒေါ်ဆွေဆွေနိုင်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးခဲ့ကြသည်။

ယနေ့ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် တပ်ကုန်းမြို့နယ် အသင်းနှင့် ဇမ္ဗူသီရိမြို့နယ် အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ တပ်ကုန်းမြို့နယ်အသင်းမှ ဇမ္ဗူသီရိမြို့နယ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ တတိယနေရာ လုပွဲတွင် ပျဉ်းမနားမြို့နယ် အသင်းနှင့် လယ်ဝေးမြို့နယ် အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ပျဉ်းမနားမြို့နယ်အသင်းမှ လယ်ဝေးမြို့နယ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။

အဆိုပါပြိုင်ပွဲ၌ တံခွန်စိုက် ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုများသာမက အကောင်းဆုံး အားကစားသမား ပိတ်ဆို့ဆု၊ အကောင်းဆုံး အားကစားသမား ရိုက်ခုတ်ဆု၊ အကောင်းဆုံးအားကစားသမား ဆယ်မဆု၊ အကောင်းဆုံး အားကစားသမား ပင့်ထောင်ဆု၊ အကောင်းဆုံး အားကစားသမား စပေးဘောဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုများကိုပါ ရွေးချယ်ချီးမြှင့်ခဲ့ကြရာ ပြိုင်ပွဲတွင် တတိယဆုရရှိသည့် ပျဉ်းမနားမြို့နယ်အသင်းကို နေပြည်တော်ကောင်စီအဖွဲ့ဝင်(၂) ဦးဇေယျာလင်းက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကျပ်သုံးသိန်းကို လည်းကောင်း၊ ဒုတိယဆုရရှိသည့် ဇမ္ဗူသီရိမြို့နယ်အသင်းကို နေပြည်တော် အား/ကာ ကော်မတီဥက္ကဋ္ဌ နေပြည်တော်ကောင်စီ အဖွဲ့ဝင် (၃) ဦးမြင့်စိုးက တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသား ဆုကျပ်ငါးသိန်းကို လည်းကောင်း၊ ပထမဆုရရှိသည့် တပ်ကုန်းမြို့နယ်အသင်းကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က တစ်ဦးချင်း ဆုတံဆိပ်နှင့် ငွေသားဆုကျပ်ခုနစ်သိန်းကိုလည်းကောင်း၊ ပထမဆုဖြင့် တံခွန်စိုက်ဆုဖလား ရရှိသွားသည့် တပ်ကုန်းမြို့နယ်အသင်းကို နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က တံခွန်စိုက် ဆုဖလားနှင့် ငွေသား ဆုကျပ် နှစ်သိန်းတစ်သောင်းကို လည်းကောင်း ချီးမြှင့်ခဲ့ကြသည်။

၂၀၂၂ ခုနှစ် နေပြည်တော် ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား ဘော်လီဘောပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ရှစ်သင်း၊ အုပ်ချုပ်သူ/နည်းပြနှင့် အားကစားသမားအင်အား စုစုပေါင်း ၁၂၀တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲကို ဇွန် ၂ ရက် မှ ၇ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်ပါတီအား ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ စစ်ဆေး



**နေပြည်တော် ဇွန် ၇**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ ( ဌ ) တွင် ပြဋ္ဌာန်းထားသော နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ နိုင်ငံရေးပါတီများကို မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်း တာဝန်နှင့်အညီ နိုင်ငံရေးပါတီများ၏ပါတီဝင်အင်အား၊ ပါတီပိုင်ရန်ပုံငွေနှင့်ပစ္စည်းများ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စစ်ဆေးခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ပါတီဆိုင်ရာ လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ထားခြင်း ရှိ၊ မရှိတို့ကို စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မိုးမြင့် ဦးဆောင်ပြီး တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံး၊ ပြည်တွင်းအခွန်များ ဦးစီးဌာနနှင့် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနတို့မှ ဌာနဆိုင်ရာ ကိုယ်စားလှယ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့သည် ဇိုမီးဒီမိုကရေစီ အဖွဲ့ချုပ်ပါတီ (Zomi Congress for Democracy Party) ကို ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးတွင် ဇွန် ၇ ရက်မှ ၉ ရက်အထိ စစ်ဆေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် နွေစပါးစံကွက်ရိတ်သိမ်း



**ဇေယျာသီရိ ဇွန် ၇**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် နွေစပါးစံကွက် ရိတ်သိမ်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မအူတောကျေးရွာအုပ်စု စိမ်းစားပင်ကျေးရွာ တောင်သူ ဦးသိန်းဝင်း၏ ကွင်းအမှတ် ၁၅၉၆ ကွင်း၌ ကျင်းပသည်။

နွေစပါးစံကွက်ရိတ်သိမ်းပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန ဇေယျာသီရိမြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးမှူး ဦးပြေသိန်း၊ ဇေယျာသီရိမြို့နယ်နှင့် တပ်ကုန်းမြို့နယ်တို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ခဲ့ပြီး နွေစပါးစံကွက် ဧက ၀ ဒသမ ၀၁၀ ဧကနှင့် ၀ ဒသမ ၀၀၁ ဧကတို့ ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် စပါးအစိုထွက် ၁၃၇ တင်းနှင့် အခြောက်ထွက် စပါး ၁၂၇ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တောင်ကိုရီးယားနှင့် အမေရိကန် ပင်လယ်ဝါဝေဟောင်ထက်တွင် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်



ပင်လယ်ဝါ ဝေဟောင်ထက်တွင် စစ်ရေးလေ့ကျင့်နေသော တိုက်ခိုက်ရေး ဂျက်လေယာဉ်များကို တွေ့ရစဉ်။

ဆိုးလ် ဇွန် ၇

**မြောက်ကိုရီးယားနိုင်ငံက ဇွန် ၅ ရက်က ချူကလီးယားထိပ်ဖူးတပ် ဒုံးကျည်စမ်းသပ်ပစ်လွှတ်ပြီးနောက် တောင်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့သည် ပင်လယ်ဝါဝေဟောင်ထက်တွင် တိုက်ခိုက်ရေး ဂျက်လေယာဉ် အစင်း ၂၀ ပါဝင်သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ခုကို ပြုလုပ်ခဲ့သည်။ မြောက်ကိုရီးယား နိုင်ငံသည် ၎င်း၏ ခုနစ်ခုမြောက် နျူကလီးယားစမ်းသပ်မှုကို မကြာမီပြုလုပ်နိုင်ကြောင်း စိုးရိမ်ပူပန်မှုများ မြင့်တက်လာချိန်တွင် ယခုလို ပူးတွဲစစ်ရေးလေ့ကျင့်မှု ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။**

တောင်ကိုရီးယားနိုင်ငံမှ ပစ်မှတ်ကို တိကျစွာ ပစ်ခတ်နိုင်သည့် လက်နက်တပ်ဆင်ထားသော F-35As ရေဒါပျောက်ဂျက်လေယာဉ်များနှင့် F-15 Ks လေယာဉ်များအပါအဝင် စုစုပေါင်း လေယာဉ် ၁၆ စင်းသည် အမေရိကန်ဘက်မှ F-16s တိုက်ခိုက်ရေး လေယာဉ်လေးစင်းနှင့်အတူ ပူးတွဲစစ်ရေး လေ့ကျင့်ခဲ့သည်။

လွန်ခဲ့သော သီတင်းပတ်က တောင်ကိုရီးယား နိုင်ငံသည် အမေရိကန်ပြည်ထောင်စုနှင့်အတူ သုံးရက်ကြာရေတပ်ဆိုင်ရာ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ အဆိုပါလေ့ကျင့်မှုတွင် အမေရိကန် နျူကလီးယားစွမ်းအင်သုံး လေယာဉ်တင်သင်္ဘော တစ်စင်း ပါဝင်ခဲ့သည်။

ဇွန် ၆ ရက်က နှစ်နိုင်ငံတပ်ဖွဲ့များသည် ဂျပန် ပင်လယ်ကိုဖြတ်ကျော်ပြီး မြေပြင်မှ မြေပြင်ပစ် ဒုံးကျည် ရှစ်စင်းပစ်လွှတ်ခဲ့သည်။

ဂျပန်နိုင်ငံအပါအဝင် သုံးနိုင်ငံ ပူးပေါင်းဆောင်ရွက်ခြင်း၏အရေးပါပုံများကို အမေရိကန်ဒုတိယနိုင်ငံခြားရေးဝန်ကြီး ဝမ်ဒီရှာမန်က တောင်ကိုရီးယား ပထမအဆင့် ဒုတိယနိုင်ငံခြားရေးဝန်ကြီး ချိုဟွန်ဒွန် နှင့် ဇွန် ၇ ရက်က တွေ့ဆုံစဉ် ဆွေးနွေးခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## တောင်ကိုရီးယားနိုင်ငံ၌ နိုင်ငံခြားအရန်ငွေ မေလတွင် သုံးလဆက်တိုက်ကျဆင်းလာ

**ဆိုးလ် ဇွန် ၇**

တောင်ကိုရီးယားနိုင်ငံ အာဏာပိုင်များသည် နိုင်ငံခြားငွေလဲလှယ်နှုန်း ဈေးကွက်တည်ငြိမ်စေရန်အတွက် အရန်ငွေများသုံးစွဲခြင်းကြောင့် နိုင်ငံ၏ နိုင်ငံခြားအရန်ငွေ မေလတွင် သုံးလဆက်တိုက်ကျဆင်းခဲ့ခြင်း ဖြစ်ကြောင်း ဇွန် ၇ ရက်တွင် ထုတ်ပြန်သော ဗဟိုဘဏ်အချက်အလက်များ အရ သိရသည်။

နိုင်ငံခြားအရန်ငွေသည် မေလကုန်တွင် အမေရိကန်ဒေါ်လာ ၄၄၇ ဒသမ ၇၁ ဘီလီယံရှိပြီး ယခင်လကထက် ၁ ဒသမ ၅၉ ဘီလီယံ ကျဆင်း ခဲ့ကြောင်း တောင်ကိုရီးယားဘဏ်၏ ထုတ်ပြန်ချက်အရ သိရသည်။ အရန် ငွေများသည် မတ်လမှစတင်ကာ သုံးလဆက်ကျဆင်းလာခြင်း ဖြစ်သည်။

တောင်ကိုရီးယားနိုင်ငံသည် ဧပြီလကုန်၌ နိုင်ငံခြားအရန်ငွေ အများဆုံးပိုင်ဆိုင်သည့် ကမ္ဘာ့နဝမမြောက် နိုင်ငံတစ်နိုင်ငံဖြစ်ပြီး ယခင်လကထက် အဆင့်တစ်ဆင့်ကျဆင်းလာကြောင်း သိရသည်။

**ဆင်ဟွာ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ

### အာဖဂန်၌ မိသားစု ၂၀၀၀ ကျော် စားနပ်ရိက္ခာအကူအညီရရှိ

အာဖဂန်နစ္စတန်နိုင်ငံရှိ ပြည်နယ်လေးခုမှ ဆင်းရဲချို့တဲ့သော၊ သဘာဝဘေးဒဏ် ထိခိုက်ခံစားခဲ့ရသော စုစုပေါင်းမိသားစု ၂၀၈၆ စုသည် စားနပ်ရိက္ခာအကူအညီများ လက်ခံရရှိပြီဖြစ်ကြောင်း ဘေးအန္တရာယ်စီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာမှုဆိုင်ရာ ပြည်နယ် ဝန်ကြီးရုံးက အင်္ဂါနေ့တွင် ပြောသည်။

.......................

### အိန္ဒိယ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၇၁၄ ဦး ထပ်မံတွေ့ရှိ

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၇၁၄ ဦး ထပ်မံတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး ဌာနက ထုတ်ပြန်သော နောက်ဆုံးအချက်အလက်များအရ သိရ သည်။ ကိုဗစ်-၁၉ သေဆုံးသူ ခုနစ်ဦးရှိသည့်အတွက် အဆိုပါ ရောဂါဖြင့် သေဆုံးသူ စုစုပေါင်း ၅၂၄၇၀၈ ဦးအထိ ရှိလာပြီဖြစ်သည်။

.......................

### မလေးရှား ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၃၀ ထပ်မံတွေ့ရှိ

မလေးရှားနိုင်ငံသည် တနင်္လာနေ့ သန်းခေါင်ယံအထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၃၃၀ ထပ်မံတွေ့ရှိကြောင်း ကျန်းမာရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။ အဆိုပါ ကူးစက်ခံရသူ များထဲမှ လေးဦးမှာ ပြည်ပပြန်ကူးစက်မှုဖြစ်ပြီး ၁၃၂၆ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသော အချက်အလက်အရ သိရသည်။

## အမေရိကန်၌ သေနတ်ပစ်ခတ်မှုများကို အရေးယူဆောင်ရွက်ရန် တက်ကြွလှုပ်ရှားသူများ တောင်းဆို

**ဝါရှင်တန် ဇွန် ၇**

တက်ကြွလှုပ်ရှားသူ အဖွဲ့တစ်ဖွဲ့သည် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်ဒီစီတွင် ဇွန် ၆ ရက်က စုဝေးခဲ့ကြပြီး သေနတ် ပစ်ခတ်မှုများ မကြာခဏဖြစ်ပွားနေခြင်း အပေါ် တစ်စုံတစ်ရာ အရေးယူဆောင်ရွက်မှု ပြုလုပ်ရန် အမေရိကန်နိုင်ငံရေးသမားများကို တောင်းဆိုလိုက်သည်။

၎င်းတို့က အမေရိကန်လူမှုရေးအသိုင်း အဝိုင်းများတွင် သေနတ်ကိုင်အကြမ်းဖက်မှု များ ချုပ်ငြိမ်းပျောက်ကွယ် အဆုံးသတ်စေရန် တောင်းဆိုခဲ့ကြသည်။

ကျည်ကာအင်္ကျီများ ဝတ်ဆင်ထားသော ဆယ်ကျော်သက်လူငယ်များ စုဝေးခဲ့ပြီး လက်နက်ကိုင်အကြမ်းဖက်မှုများကို ဆွေးနွေး ခဲ့ကြသည်။

တက်ကြွလှုပ်ရှားသူများသည် လက်နက် ကိုင် အကြမ်းဖက်မှုများကို အရေးယူ ဆောင် ရွက်ပေးရန် လွှတ်တော်အမတ်များကို တောင်းဆိုခဲ့ကြသည်။

**ဆင်ဟွာ**

## မက္ကဆီကို ကမ်းလွန်တွင် လှေတိမ်းမှောက်မှုဖြစ်ပွားပြီး အနည်းဆုံး ရှစ်ဦး သေဆုံး

**မက္ကဆီကိုစီးတီး ဇွန် ၇**

ဆွန်နိုရာပြည်နယ် မက္ကဆီကိုကမ်းလွန်တွင် မိသားစုတစ်စု တင်ဆောင်လာသော လှေတစ်စင်း တိမ်းမှောက်မှုဖြစ်ပွားပြီး ကလေးငယ်နှစ်ဦး အပါအဝင် အနည်းဆုံးရှစ်ဦး သေဆုံးကြောင်း အရပ်သားကာကွယ်မှု ညှိနှိုင်းရေးအေဂျင်စီက တနင်္လာနေ့တွင် အတည်ပြုခဲ့သည်။

ပါရာဂျေး ဗီယေဂျိုဟု လူသိများသော ငါးဖမ်းရေိယာတစ်ခုရှေ့၌ တနင်္ဂနွေနေ့ မွန်းလွဲပိုင်းက အဆိုပါလှေတိမ်းမှောက်မှု ဖြစ်ပွားခြင်းဖြစ်သည်ဟု အေဂျင်စီမှ ညွှန်ကြားရေးမှူးဖြစ်သူ အယ်ဗာရာဒိုက ပြည်တွင်း မီဒီယာကို ပြောသည်။ ထို့အပြင် လူအနည်းငယ်သာစီးနိုင်သော လှေငယ် ကို လူ ၁၉ ဦး တင်ဆောင်လာကြောင်း၊ အားပါပြင်းထန်သော လှိုင်းတစ်ခု ကြောင့် လှေတိမ်းမှောက်ခြင်းဖြစ်ကြောင်း ၎င်းက ရှင်းပြသည်။

လှေတိမ်းမှောက်မှုဖြစ်ပွားပြီးနောက် ရေတပ်၊ မီးသတ်တပ်ဖွဲ့ဝင် များနှင့်အတူ ၎င်း၏အဖွဲ့သည် ၁၁ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး အခြားသူ များကို ရှာဖွေခဲ့ကြောင်း၊ တနင်္ဂနွေနေ့တွင် ခုနစ်ဦး၏ အလောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး တနင်္လာနေ့တွင် မိန်းကလေးတစ်ဦး၏ အလောင်းကို ထပ်မံတွေ့ရှိခဲ့ကြောင်း ပြောသည်။



**ဆင်ဟွာ**

## တရုတ်နိုင်ငံ ကျန်းရှီးပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒေသခံ လူ ၈၀၀၀၀ ကျော် ရေဘေးသင့်

**နန်ချောင် ဇွန် ၇**

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်းရှီး ပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံ မှုများ ဖြစ်ပေါ်ကာ ဒေသခံ ၈၀၀၀၀ ကျော် ရေဘေးကြုံတွေ့ ခဲ့ရကြောင်း ဒေသခံအာဏာပိုင် များ၏ ပြောကြားချက်အရ သိရ သည်။

မေ ၂၈ ရက် နောက်ပိုင်း အဆိုပါ မိုးသည်းထန်စွာရွာသွန်းမှု ကြောင့် ကျန်းရှီးပြည်နယ်ရှိ ဒေသ ၈၀ ကျော် အကြီးအကျယ်ထိခိုက် ခံစားခဲ့ရကြောင်း၊ ကောက်ပဲသီးနှံ စုစုပေါင်း ဟက်တာ ၇၆၃၀၀ ပျက်စီးခဲ့ကြောင်း၊ စီးပွားရေးဆုံးရှုံး မှုအနေဖြင့် ယွမ် ၁ ဒသမ ၁၆ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၇၄ သန်းခန့်) တိုက်ရိုက်ဆုံးရှုံးမှု ဖြစ်ပေါ်ခဲ့ကြောင်း ပြည်နယ် ရေကြီးမှု ထိန်းချုပ်ရေးနှင့်မိုးခေါင် ခြင်း လျော့ပါးရေးဌာနချုပ်၏ ထုတ်ပြန်ချက်အရ သိရသည်။



အဆိုပါပြည်နယ်သည် မိုး သည်းစွာ ရွာသွန်းမှုရပ်စဲပြီးနောက် ဇွန် ၇ ရက် နံနက် ၁၀ နာရီတွင် ရေကြီးထိန်းချုပ်မှု အရေးပေါ် တုံ့ပြန်ရေး အဆင့်-၄ ကို ရုပ်သိမ်း ခဲ့ကြောင်း သိရသည်။ အာဏာ ပိုင်များသည် ရာသီဥတုပြောင်းလဲ မှုဖြစ်စဉ်များကို အနီးကပ် စောင့်ကြည့်ရန် တောင်းဆိုထား ကြောင်းသိရသည်။

**ဆင်ဟွာ**

# ဇွန် ၇ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၀ ဦး တွေ့ရှိ

## ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၀ ဒသမ ၁၈ ရာခိုင်နှုန်းရှိ

(၇-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၆–၆–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၇–၆–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၄၄၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၀) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၄၇,၆၇၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၃၉၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၅) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၃၈၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ
(၇–၆–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၁၀) ခု | (၂)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၈) ခု | (၁)ဦး |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၇၅) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၈၇၅) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၅၇) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၃,၃၁၂) ခု | (၆)ဦး |
| စုစုပေါင်း | (၅,၄၄၇) ခု | (၁၀)ဦး |

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်–၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ် မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသူ/ကျောင်းသားများကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ခရမ်းမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကာကွယ်ရေး ဒီရေတောစိုက်ပျိုးပွဲ ကျင်းပ

**ခရမ်း ဇွန် ၇**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ရေကျော်–ဘိုကလေး ဒီရေတောကြိုးပြင်ကာကွယ်တော အတွင်း ဒီရေတော သစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲတွင် ခရိုင်သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဆောင်၍ သန်လျင်မြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများ၊ ရေကျော်နှင့် ဘိုကလေးကျေးရွာတို့မှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ စုပေါင်း၍ လမုနှင့် သမဲ့ ဒီရေတောသစ်ပင် ၁၅၀၀ ကို သတ်မှတ်နေရာများတွင် စုပေါင်းစိုက်ပျိုးကြသည်။

ရန်ကုန်တောင်ပိုင်းခရိုင် သစ်တောဦးစီးဌာနအနေဖြင့် ရေကျော်–ဘိုကလေး ကြိုးပြင်ကာကွယ်တောအတွင်း ဒီရေတောသစ်ပင်စိုက်ပွဲတော် ကျင်းပခြင်းသည် ပင်လယ်ကမ်းရိုးတန်းဒေသ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်၊ သဘာဝဘေးအန္တရာယ်များကို ကာကွယ်ပေးနိုင်သည့် အစိမ်းရောင် တံတိုင်းများ တည်ထောင် ဖွံ့ဖြိုးစေခြင်းဖြင့် ဒေသခံပြည်သူများအား သဘာဝဘေးအန္တရာယ်များမှ ကာကွယ်ပေးနိုင်ရန်၊ ပတ်ဝန်းကျင်နှင့် သဘာဝ အခြေအနေများ ပြုစုထိန်းသိမ်းခြင်းဖြင့် ပြည်သူများ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ ဖွံ့ဖြိုးရေးကိုအထောက်အကူဖြစ်စေရန် ရည်ရွယ်၍ စိုက်ပျိုးပေးခဲ့ခြင်းဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိထံမှ သိရသည်။ **ခရိုင်(ပြန်/ဆက်)**





# ၁-၆-၂၀၂၂ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၅)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၅) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ၂၀၂၂ ခုနှစ်၊ ဇွန် ၁ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားကြသည်။**

*(ယမန်နေ့မှ အဆက်)*

**သူရိယနေ့ဝန်းသတင်းဌာနမှ သတင်းထောက် ဒေါ်သဇင်ဦး**က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးကမ်းလှမ်းချက်အပေါ် အလေးအနက်ထားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ လာရောက်ဆွေးနွေးနေကြသည်မှာ လေးဖွဲ့မြောက်ရှိပြီဖြစ်ကြောင်း၊ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့ သုံးဖွဲ့ အပြင် ဆွေးနွေးဆဲ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးသည့် UWSA "ဝ" ပြည် သွေးစည်းညီညွတ်ရေးပါတီအဖွဲ့မှ ဆွေးနွေးနေသည်ကိုတွေ့ရကြောင်း၊ အဆိုပါအဖွဲ့အနေဖြင့် လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ကျော်မှ လက်ရှိအချိန်အထိ တစ်လျှောက်လုံး ငြိမ်းချမ်းရေးရရှိခဲ့သည့်အပြင် တပ်မတော်နှင့်လည်း စစ်ရေးပြဿနာများမရှိသည့် အဖွဲ့ဖြစ်ကာ အကြမ်းဖက် PDF များနှင့်လည်း ပတ်သက်ဆက်နွယ်ခြင်းမရှိသည့်အတွက် UWSA နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ငြိမ်းချမ်းရေးရလဒ်ကိုလည်း များစွာမျှော်လင့်မိပါကြောင်း၊ ဆွေးနွေးဆဲကာလတွင် UWSA အနေဖြင့် Statement တစ်စောင်ကို ထုတ်ပြန်ခဲ့သည်ကို တွေ့ရကြောင်း။

အဆိုပါ ထုတ်ပြန်ကြေညာချက်တွင် UWSA အနေဖြင့် ပြည်ထောင်စုပြိုကွဲရေးအတွက် ၎င်းတို့အနေဖြင့် လုပ်ဆောင်မည်မဟုတ်ကြောင်းနှင့် ပြည်ထောင်စုကြီးမှလည်း မည်သည့်အချိန်မျှ ခွဲထွက်မည်မဟုတ်ဟု ကတိပေးခဲ့ကြောင်း၊ သို့သော် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ကို တောင်းဆိုထားသည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် UWSA နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတို့ မည်သို့သော သဘောတူညီချက်များ ရရှိထားပြီဆိုသည့် အခြေအနေနှင့် ၎င်းတို့တောင်းဆိုချက်အပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဘက်မှ လိုက်လျောရန် အစီအစဉ် ရှိ/မရှိနှင့် အခြားအဖွဲ့များနှင့် မည်သို့သော သဘောတူညီချက်များ ရရှိပြီးဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

### ကြေညာချက်ထုတ်ထား

**ဗိုလ်ချုပ်ဇော်မင်းထွန်း** က UWSP နှင့် တွေ့ဆုံဆွေးနွေးမှုနှင့် ပတ်သက်ပြီး ကြေညာချက်ထုတ်ထားသည်ကိုလည်း မီဒီယာများသိပြီးဖြစ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် UWSP ဒုတိယဥက္ကဋ္ဌတို့တွေ့ဆုံရာတွင် "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်နှင့်ပတ်သက်ပြီး တင်ပြခဲ့သည်များရှိကြောင်း၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်နှင့်ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုနှင့်ဖွဲ့စည်းကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းများရှိကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဆိုပါက မည်မျှနှင့်ဖွဲ့စည်းရမည်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းများတွင် ခရိုင် မည်မျှပါရှိရမည်ဆိုသည့် ကန့်သတ်ချက်များပါရှိကြောင်း၊ ယင်းတို့သည် အခြေခံဥပဒေတွင်မပါသော်လည်း အခြေခံဥပဒေကို မူလ ရေးဆွဲစဉ်ကတည်းက အခြေခံဥပဒေရေးဆွဲချိန်တွင် ဆွေးနွေးခဲ့သည့် အခြေခံအချက်အလက်များတွင် ပါပြီးဖြစ်ကြောင်း၊ ယင်းအပေါ်မူတည်ပြီး မိမိတို့ကဆောင်ရွက်ရကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို သွားမည်ဖြစ်ကြောင်း၊ ထိုစနစ်ကိုသွားရာတွင် အခြေခံဥပဒေပြင်ဆင်စရာရှိသည်များကို ပြင်ဆင်ရမည်ဆိုသည်ကို မူဝါဒအနေဖြင့် တပ်မတော်ဘက်က သဘောတူပြီး ဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ မီဒီယာတစ်ခုကိုပြောကြားပြီးဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းရင်းသားများဘက်မှ ကိုယ်ပိုင်အုပ်ချုပ်ခွင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် တောင်းကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ဆိုလျှင် မိမိတို့နိုင်ငံသည် ယခင်ကတည်းက ပြည်ထောင်စုအနေဖြင့်တည်ရှိခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် Holding Together နိုင်ငံဖြစ်ပြီး Coming Together နိုင်ငံမဟုတ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ခွဲမထွက်ခွင့်ဆိုသည့် အာမခံချက်ကိုတောင်းဆိုခဲ့ကြောင်း၊ ခွဲမထွက်ဆိုသည့် အာမခံချက်ပေးပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိပြီဆိုလျှင် ဘာများထပ်တောင်းစရာလိုသေးသလဲဟု မိမိအနေဖြင့်ပြောခဲ့ကြောင်း၊ မိမိတို့အနေဖြင့် "ဝ"ကိစ္စနှင့် ပတ်သက်လာပြီး မူဝါဒအားဖြင့် ယခုလိုပုံစံမျိုး သို့မဟုတ် ယခုလိုပုံစံမျိုးထက်ပို၍မြင့်သည့် ပုံစံမျိုးပေးနိုင်ရန်အတွက် ယေဘုယျမူဝါဒအားဖြင့် ရှိပြီးဖြစ်ပါကြောင်း၊ ယင်းဒေသတစ်ခုတည်းမဟုတ်ဘဲ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်လည်း ယခုထက်ပိုမိုဆောင်ရွက်ခွင့်၊ ပြဋ္ဌာန်းခွင့်များကို မူဝါဒအားဖြင့် သဘောတူညီပြီးဖြစ်ကြောင်း၊ မိမိပြောခဲ့သည့် နိုင်ငံတိုင်း နိုင်ငံတိုင်းတွင် ဒီမိုကရေစီစနစ်/ဖက်ဒရယ်စနစ်ကျင့်သုံးရာတွင် တစ်ပုံစံတည်း တစ်ထပ်တည်းမရှိနိုင်ကြောင်း၊ မိမိတို့နိုင်ငံ၏ သမိုင်းကြောင်း၊ လူမျိုးရေး၊ ပြည်တွင်းရေးအခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေတို့နှင့် လိုက်လျောညီထွေရှိပြီး သင့်လျော်သည့် အကောင်းဆုံးဖြစ်သည့် ပုံစံလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ယင်းသို့လုပ်ဆောင်နိုင်ရန် ဆွေးနွေးညှိနှိုင်းအဖြေရှာခြင်း ဖြစ်ကြောင်း၊ ယခုလုပ်ဆောင်နေခြင်းသည် ယင်းသို့ လုပ်ဆောင်နိုင်ရန်အတွက် ဆွေးနွေးနေခြင်း ဖြစ်ကြောင်း၊ အခြေခံဥပဒေတွင်အဓိကပြဋ္ဌာန်းထားသည်မှာ ပုဒ်မ-၄၃၆ (က) (ခ)တွင် အခြေခံဥပဒေကို ပြင်ဆင်ရန်အတွက် ၇၅ ရာခိုင်နှုန်းကျော်က (က) တွင် သဘောတူရမည် ဖြစ်ကြောင်း။




### ပုဒ်မပေါင်း ၃၀၀ ခန့်ရှိမည်

ထို့နောက် ဆန္ဒခံယူပွဲပြုလုပ်ပြီး ၅၀ ရာခိုင်နှုန်းကျော်က သဘောတူညီလျှင် ရရှိရမည်ဖြစ်ကြောင်း၊ အဆိုပါပုဒ်မများသည် ပုဒ်မပေါင်း ၃၀၀ ခန့်ရှိမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်ဝန်ကြီးချုပ် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တစ်ဦးတည်းဖြစ်သောကြောင့် ယခုအချိန်တွင် တပ်မတော်နှင့် သဘောတူညီမှုရပြီးဆိုလျှင် နောင် လွှတ်တော်တွင် တိုင်းရင်းသားများ၏ အခွင့်အရေးနှင့်ပတ်သက်၍ တပ်မတော်က သဘောတူညီပြီးဖြစ်ကြောင်း၊ ထိုလွှတ်တော်အထဲရောက်ရှိလာမည့် လွှတ်တော်အမတ်များကလည်း သဘောတူကြမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံရေးပါတီများဖြင့်လည်း ဆွေးနွေးမှုများပြုလုပ်နေကြောင်း၊ နိုင်ငံရေးပါတီများနှင့်ဆွေးနွေးရခြင်းမှာ အဆိုပါ နိုင်ငံရေးပါတီများက နောင်တစ်ချိန်တွင် လွှတ်တော်ဖြစ်လာကြမည်ဖြစ်သောကြောင့် ၎င်းတို့၏ သဘောထားများကို ကြိုတင်စုစည်းခြင်းများ၊ ဆွေးနွေးခြင်းများ လုပ်ဆောင်ခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပတ်သက်ပြီး အနှစ်ချုပ်ပြောရလျှင် ပါတီစုံဒီမိုကရေစီစနစ်ကို အာမခံပြီးဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်တည်ဆောက်ရေးကို အာမခံပြီး ဖြစ်ကြောင်း၊ ယင်းမူဘောင်နှစ်ခုထဲမှ ညှိနှိုင်းဆွေးနွေးတိုင်ပင် အဖြေရှာပြီး လုပ်၍ရသမျှအရာများကို မူဝါဒသဘောထားအရ မိမိတို့အနေဖြင့် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**One News သတင်းဌာနမှ ဦးသွင်ထူးအောင်**က မကြာသေးခင်ကာလက အမေရိကန်သမ္မတသည် ဂျပန်နိုင်ငံနှင့် တောင်ကိုရီးယားနိုင်ငံသို့ သွားခဲ့သည်ကို တွေ့ရကြောင်း၊ ထိုခရီးစဉ်တွင် ဂျပန်နှင့် ကိုရီးယား ပြည်သူအချို့ ဆန္ဒပြကြသည်ကို တွေ့ရကြောင်း၊ ထိုခရီးစဉ်တွင် အမေရိကန် သမ္မတအနေဖြင့် ထိုင်ဝမ်ကိစ္စနှင့်ပတ်သက်၍ ထိုင်ဝမ်ကို အကာအကွယ်ပေးမည့်ပုံစံ ပြောကြားသွားသည်ကို တွေ့ရကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်ပြီး မြန်မာအစိုးရ၏ ရပ်တည်ချက်မည်ကဲ့သို့ရှိသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယင်းကိစ္စတွင် အမေရိကန်သမ္မတ၏ ပြောကြားချက်များကို အချို့သတင်းများတွင် တွေ့ရကြောင်း၊ ထိုင်ဝမ်နှင့်ပတ်သက်လျှင် ယူကရိန်းနိုင်ငံနှင့်မတူဘဲ ထိုင်ဝမ်ကို အကာအကွယ်ပေးမည့် ပုံစံပြောခဲ့ခြင်းရှိကြောင်း၊ အာရှပစိဖိတ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနှင့် ပတ်သက်ပြီး ပြောကြားခဲ့ခြင်းရှိကြောင်း၊ တရုတ်နိုင်ငံဘက်က အာရှပစိဖိတ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မဟာဗျူဟာသဘောတရားများနှင့် ပတ်သက်ပြီး အချို့စကားလုံးများသည် ထောင်ချောက်များဖြစ်သည်ဆိုသည့် သဘောမျိုး ပြောကြားသည်ကို တွေ့ရကြောင်း။

တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် မဟာဗျူဟာ ဆွေမျိုးပေါက်ဖော်နိုင်ငံများဖြစ်ကြောင်း၊ တစ်လျှောက်လုံး ထိုသို့ရပ်တည်မည်ဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံကို စတင်ထူထောင်ပြီး ကြေညာသည့်နေ့တွင် အစောဆုံးအသိအမှတ်ပြုသည့် နိုင်ငံများတွင် မြန်မာနိုင်ငံပါဝင်ကြောင်း၊ မိမိမှတ်မိသလောက် အစောဆုံးအသိအမှတ်ပြုသည့် နိုင်ငံများက ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံဖြစ်ကြောင်း၊ ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံသည် တစ်နေ့တည်းတွင် အချိန်ပိုင်းသာကွာပြီး အစောဆုံး အသိအမှတ်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ယခင်ကတည်းကတိုင် NLD လက်ထက်တွင် တရုတ်သမ္မတလာစဉ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တွေ့ဆုံခဲ့ကြောင်း၊ မိမိတို့ တပ်မတော်သည် ထိုစဉ်ကတည်းက One China Policy တရုတ် တစ်နိုင်ငံတည်းမူဝါဒအပေါ်တွင် ပြတ်ပြတ်သားသား ရပ်တည်ခဲ့ကြောင်း၊ ယခုအချိန်တွင်လည်း မိမိတို့မူဝါဒသည် မပြောင်းလဲကြောင်း၊ One China Policy တရုတ် တစ်နိုင်ငံတည်း မူဝါဒအပေါ်တွင် မိမိတို့ပြတ်ပြတ်သားသား ရပ်တည်မည်ဟု ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Bloomberg Myanmar သတင်းဌာနမှ သတင်းထောက်ဦးမြင့်ဇော်**က လက်ရှိတွင် စက်သုံးဆီဈေးနှုန်းများတက်နေပြီး လျှပ်စစ်မီးများကလည်း ပုံမှန်မရကြောင်း၊ မိမိတို့နေ့စဉ် အသုံးပြုနေသည့် အခြေခံစားသောက်ကုန် ပစ္စည်းများကဈေးများတက်နေကြောင်း၊ ယခုအချိန်တွင် ဘဲဥတစ်လုံး ၃၀၀ ကျပ်ခန့်ဖြစ်နေကြောင်း၊ ဝင်ငွေထွက်ငွေမမျှတမှုများ ကြီးမားလာကြောင်း၊ ထိုအခြေအနေများကို နိုင်ငံတော်အစိုးရအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်သွားမည်ကို သိလိုပါကြောင်း မေးမြန်းသည်။

### ဓာတ်ဆီ၊ ဒီဇယ်ဆီ ဈေးနှုန်း

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ဓာတ်ဆီ၊ ဒီဇယ်ဆီဈေးနှုန်းနှင့်ပတ်သက်ပြီး ဖြစ်ပေါ်နေခြင်း နှစ်မျိုးရှိကြောင်း၊ နံပါတ်တစ်အနေဖြင့် ဈေးနှုန်းနှင့်ပတ်သက်ပြီး ပြောကြကြောင်း၊ နံပါတ်နှစ်အနေဖြင့် ဝယ်လို့မရဘူးဆိုပြီး ပြောကြသည်များရှိကြောင်း၊ ဈေးနှုန်းများနှင့် ပတ်သက်ပြီး နှိုင်းယှဉ်ကြည့်လျှင် အိမ်နီးနားချင်းနိုင်ငံများနှင့် အာရှတွင်းနိုင်ငံများ၏ ဈေးနှုန်းများရှိကြောင်း၊ ဆီဈေးနှုန်းတက်ခြင်းသည် တစ်ကမ္ဘာလုံးတွင် ဖြစ်နေကြောင်း၊ အာဆီယံနိုင်ငံများ၏ ဆီဈေးနှုန်းနှင့် နှိုင်းယှဉ်ကြည့်လျှင် သိနိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် ဓာတ်ဆီတစ်လီတာ ၁ ဒသမ ၂ ဒေါ်လာရှိကြောင်း၊ ဗီယက်နမ်နိုင်ငံတွင် ၁ ဒသမ ၃ ဒေါ်လာ၊ ထိုင်းနိုင်ငံတွင် ၁ ဒသမ ၅ ဒေါ်လာ၊ စင်ကာပူနိုင်ငံတွင် ၂ ဒသမ ၂ ဒေါ်လာ၊ ဖိလစ်ပိုင်နိုင်ငံတွင် ၁ ဒသမ ၄ ဒေါ်လာ၊ မလေးရှားနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့တွင် ၀ ဒသမ ၄ ဒေါ်လာ၊ လာအိုနိုင်ငံတွင် ၁ ဒသမ ၆ ဒေါ်လာ၊ အင်ဒိုနီးရှားနိုင်ငံတွင် ၁ ဒသမ ၂ ဒေါ်လာ၊ ကမ္ဘောဒီးယား ၁ ဒသမ ၃ ဒေါ်လာ ထိုအာဆီယံ ၁၀ နိုင်ငံများထဲတွင် မြန်မာနိုင်ငံထက် ဈေးလျော့သည့်နိုင်ငံသည် မလေးရှားနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့ ဖြစ်ကြောင်း။

ကျန်သည့်နိုင်ငံများသည် မိမိတို့ နိုင်ငံထက် ဓာတ်ဆီဈေးနှုန်းကြီးကြောင်း၊ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများ၏ ဓာတ်ဆီဈေးနှုန်းကို နှိုင်းယှဉ်ကြည့်လျှင် တွေ့နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံနှင့် ဆီဈေးနှုန်း မတိမ်းမယိမ်းဖြစ်နေသည့်နိုင်ငံများ၊ ဆီဈေးကြီးသည့်နိုင်ငံများရှိကြောင်း၊ ယင်းသည် နိုင်ငံတကာတွင် ဖြစ်ပျက်နေသည့် ဆီဈေးနှုန်းများဖြစ်ကြောင်း၊ ဆီဈေးနှုန်းများကို အစိုးရအနေဖြင့် အတတ်နိုင်ဆုံးသက်သာအောင်လုပ်ပေးနိုင်သည့် နည်းလမ်းနှစ်လမ်းရှိကြောင်း၊ *စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

နံပါတ်တစ်နည်းလမ်းက ဆီနှင့်ပတ်သက်ပြီး အခွန်နှုန်းဖြစ်ကြောင်း၊ အစိုးရကလည်း ဓာတ်ဆီကိုမဝယ်ကြောင်း၊ ကုန်သည်များက ပဲဝယ်ယူပြီး တင်သွင်းကြောင်း၊ တင်သွင်းလာပြီး ခွင့်ပြုပေးခြင်းဖြစ်ကြောင်း၊ ဆီနှင့်ပတ်သက်ပြီး မိမိတို့အခွန်နှုန်းကို အနိမ့်ဆုံးဖြစ်အောင် လျှော့ချလုပ်ဆောင်ပေးထားကြောင်း၊ ဆီနှင့်ပတ်သက်ပြီး ကြိုက်သည့်နေရာတွင် ဝယ်၊ ဝယ်ပြီးလျှင် ဒေသအတွင်းတွင်ရှိသည့် စင်ကာပူက MOPE ဈေးနှုန်းကို အခြေခံပြီး တွက်ချက်ကြောင်း၊ နေ့စဉ်ဖြစ်နေသည့် အခြေခံဈေးနှုန်းအပေါ်တွင် နံပါတ်တစ်က အခွန်ထပ်ပေါင်းကြောင်း၊ နံပါတ်နှစ်က ပြည်တွင်းခရီးအကွာအဝေးကို ဆိုလိုခြင်းဖြစ်ကြောင်း၊ ရန်ကုန်တွင်ရှိသည့် ဆီဈေးနှုန်းနှင့် မန္တလေးတွင်ရှိသည့် ဆီဈေးနှုန်း မတူနိုင်ကြောင်း၊ ခရီးအကွာအဝေးကိုကြည့်ပြီး အနိမ့်ဆုံး၊ အမြင့်ဆုံး မည်သည့်ဈေးနှုန်းဖြင့် သတ်မှတ်ရမည်ဟူ၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့စွမ်းအင် ဆီဈေးနှုန်းမငြိမ်သက်သဖြင့် မြန်မာနိုင်ငံတွင်း ဆီဈေးနှုန်းသည် ကမ္ဘာ့စွမ်းအင် ဆီဈေးနှင့်အညီ ဖြစ်နေမည်ဖြစ်ကြောင်း။

ဓာတ်ဆီ၊ ဒီဇယ်လုံလောက်မှုသည် ၁၆ ရက်အထိ အပြည့်အစုံ တင်သွင်းပြီးပြီဖြစ်ကြောင်း၊ သို့သော် လမ်းခရီးနှောင့်နှေး ကြန့်ကြာနိုင်ခြင်းရှိကြောင်း၊ အချို့က အချင်းချင်းအပြစ်ပြောကြကြောင်း၊ ကုန်သည်အနေဖြင့် ယနေ့ပေါက်ဈေးအပေါ်မူတည်ပြီး တွက်ခြင်းဖြစ်ကြောင်း၊ တင်သွင်းလာသည့် ဈေးနှုန်းအပေါ်မယူဘဲ MOPE ပေါက်သည့် ဈေးပေါ်မူတည်ပြီး အခွန်နှင့်ပေါင်းပြီး ဈေးနှုန်းသတ်မှတ်ကြကြောင်း၊ အချို့နေရာများတွင် နောက်နေ့ဈေးနှုန်းတက်နိုင်သည့် အယူအဆဖြင့် လမ်းခရီးတွင် ကြန့်ကြာနေခြင်းမျိုးရှိကြောင်း၊ ပြည်တွင်းလမ်းခရီးတွင် ကြန့်ကြာနေခြင်းမျိုးလည်းရှိကြောင်း၊ ယင်းကိစ္စများကို ညှိနှိုင်းဆောင်ရွက်လျက် ရှိကြောင်း။

**ထိန်းညှိဆောင်ရွက်**

သို့သော် ကုန်သည်များသည် အမြဲရှုံးနေသည်လားဆိုလျှင် အမြဲမရှုံးကြောင်း၊ ၎င်းတို့ ဝယ်လာသည့်ဈေးနှုန်းသည် ယနေ့ပေါက်ဈေးထက်နည်းနေလျှင် မြတ်ခြင်း၊ ယနေ့ပေါက်ဈေးသည် ၎င်းတို့ဝယ်လာသည့် ဈေးနှုန်းနှင့် မကိုက်လျှင် ရှုံးခြင်းများလည်းရှိကြောင်း၊ ထိုအကွာအဟကြားထဲ၌ ရှုံးသည့်အချိန်တွင် အချို့ ရပ်တန့်နေခြင်းမျိုးရှိကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် ယင်းကိစ္စများကို မဖြစ်အောင် ထိန်းညှိဆောင်ရွက်ပေးလျက် ရှိကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်များတွင် ကမ္ဘာ့ကုန်ဈေးနှုန်းများကိုလိုက်ပြီး ဆောင်ရွက်ခြင်းဖြစ်သည့်အတွက် အစိုးရအနေဖြင့် အတတ်နိုင်ဆုံးအပိုင်းဖြစ်သည့် အခွန်အနည်းဆုံး လျှော့ကောက်ခံခြင်း၊ ထိန်းညှိပေးသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်ဟု မိမိပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

**Trend ဂျာနယ်မှ အယ်ဒီတာချုပ်ဦးဝဏ္ဏက** KIA ခေါင်းဆောင်ဗိုလ်ချုပ်ကြီး အင်ဘန်လကို လွန်ခဲ့သည့်နှစ်ပတ်က အွန်လိုင်းစာမျက်နှာ၌ နယ်စပ်တစ်နေရာတွင် တုတ်ကောက်ကြီးဖြင့် တွေ့ရကြောင်း၊KIA ခေါင်းဆောင်ထွက်လာသည့်အတွက် တုတ်ကောက်နှင့်လည်းဖြစ်နေပြီး ကျန်းမာရေး မကောင်းကြောင်း၊ ယင်းကြောင့် ဗိုလ်ချုပ်ဂွမ်မော်၊ ဗိုလ်ချုပ်ဂန်ရှောင်တို့က လွှဲယူတော့မည်လား၊ KIAသည် တပ်မတော်အစိုးရလက်ထက်ကတည်းက ငြိမ်းချမ်းရေးကိစ္စများ လုပ်ဆောင်သော်လည်း ယခုထိမပါဝင်ကြောင်း၊ PDF များကို သင်တန်းပေးခြင်း၊ လက်နက်ထောက်ပံ့ခြင်းမျိုးလည်းရှိကြောင်း၊ ၎င်းတို့နှင့် ပတ်သက်ပြီး ဗိုလ်ချုပ်တို့အနေဖြင့် မည်သို့လုပ်ဆောင်မည်လဲ ဆိုသည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**✳ တရားဥပဒေဆိုသည်မှာ အားလုံးကို ညီတူညီမျှ တရားစီရင်ရန်ဖြစ်ကြောင်း၊ နစ်နာသူများနှင့် နစ်နာဆုံးရှုံးအောင် ပြုလုပ်သူများ၏ကြားထဲတွင် မိမိတို့က မျှတသည့် တရားစီရင်ရေးဖြစ်ရန်၊ မျှတသည့်ပြစ်မှု၊ ပြစ်ဒဏ်များဖြစ်မှသာလျှင် တရားဥပဒေထိရောက်မှာဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေနှင့် အကြမ်းဖက်မှုများကို ထိရောက်စွာဟန့်တားစေနိုင်သည့် အပြစ်ပေးမှုမျိုးဖြစ်အောင် ဆောင်ရွက်လျက်ရှိ**

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** လူမှုကွန်ရက်စာမျက်နှာပေါ်မှ KIA ခေါင်းဆောင် အင်ဘန်လသည် တံတားတစ်ခုပေါ်တွင် တုတ်ကောက်ဖြင့် ရိုက်ထားသည့်ပုံကို အချို့တွေ့ရကြောင်း၊ အချို့က မှတ်ချက်အမျိုးမျိုးပေးကြကြောင်း၊ KIA တွင် ဂွမ်မော်တို့ကို နေရာလွှဲပြောင်းပေးမည်ဆိုသည့် သတင်းများလည်း ကြားရကြောင်း၊ ၎င်းတို့နှင့်ပတ်သက်ပြီး KIA ခေါင်းဆောင် ဓာတ်ပုံရိုက်ထားသည့် တံတားသည် တရားဝင်တံတားမဟုတ်ကြောင်း၊ နယ်စပ်ဒေသဖြတ်ကျော်မှုများတွင် တရားဝင်တံတားများရှိကြောင်း၊ ထိုသတင်းကို အများကြားနေကျအတိုင်း ကြားသိရကြောင်း၊ ခိုင်လုံသည့် သတင်းဟုတ်၊ မဟုတ် မိမိတို့စုံစမ်းလျက်ရှိကြောင်း၊ ခိုင်လုံသည့် သတင်းဖြစ်လျှင် မီဒီယာများကို အသိပေးသွားမည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် အားပေးအားမြှောက်လုပ်နေခြင်းများကိုလည်း တွေ့ရကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်း၊ မန္တလေးမြို့တို့တွင် တွေ့လိုက်သည့် လက်နက်များသည် ယင်းအဖွဲ့အစည်းက ထုတ်နေသည့် လက်နက်များဖြစ်ကြောင်း၊ ၎င်းတို့ ကိုယ်တိုင်ဝင်ရောက်ပတ်သက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မြောက်ဘက်၏ အောက်ပိုင်းအထိရောက်လာပြီး အကုန်လုံးက PDF များနှင့် ပူးပေါင်းကာ အဖျက်လုပ်ငန်းများလုပ်ဆောင်နေကြောင်း၊ သတင်းများကို ရရှိလာလျှင် ဆက်လက်ပြောပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**Voice of Myanmar သတင်းဌာနမှ သတင်းထောက် ဦးမောင်မောင်ထွန်းက** KNU အဖွဲ့မှ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး တက်လိုသည့်အဖွဲ့၊ မတက်လိုသည့်အဖွဲ့ဟု သဘောထားကွဲလွဲနေသည်ဟု ကြားသိရကြောင်း၊ ယင်းကိစ္စပေါ်တွင် KNU ဥက္ကဋ္ဌအနေနှင့် ကျန်သည့်အဖွဲ့ဝင်များနှင့်လည်း အငြင်းပွားမှုများရှိသည်ဟု ကြားသိရကြောင်း၊ KNU ကတက်ရောက်မည့် သူများရှိသည်ဟု ကြားသိရသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သဘောထားကို သိလိုကြောင်း၊ ကျောင်းပြန်ဖွင့်လျှင် CDM ဆရာ ဆရာမများ ပြန်လာမည်ဆိုပါက လစာဖြတ်မည်လား၊ ဖမ်းဆီးချုပ်နှောင်ထားမည်လားဆိုသည်ကို သိလိုပါကြောင်း၊ အစားထိုး ဆရာ ဆရာမများကို မည်သည့်အရည်အချင်းနှင့် ခန့်ထားသည်ကို သိလိုကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ လုံခြုံရေးအတွက် မည်သို့စီစဉ်ထားသည်ကိုသိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** KNU အဖွဲ့နှင့် ပတ်သက်ပြီး မိမိတို့ ငြိမ်းချမ်းရေးဆွေးနွေးမှု မတိုင်ခင်စတင် ဖိတ်ခေါ်ခဲ့စဉ်ကပင် သတင်းကြားသိရကြောင်း၊ ၎င်းတို့လည်း ကြေညာထားကြောင်း၊ KNU အဖွဲ့ထဲ၌ မဲခွဲဆုံးဖြတ်မှုများ၊ ဗဟိုကော်မတီမှ ဥက္ကဋ္ဌသာတက်ရောက်ရန် သဘောတူပြီး ကျန်သည့်သူများ တက်ရောက်ရန် သဘောထားတင်းမာပြီး တက်ရောက်ရန် သဘောထားမတူသည့်အတွက်ကြောင့် ထိုကိစ္စနှင့်ပတ်သက်ပြီး မတက်ရောက်ဖြစ်ဟု သတင်းကြား သိရကြောင်း၊ ယခုနောက်ပိုင်းတွင်လည်း ထပ်မံပြီး သဘောထားကွဲလွဲကြသည်ဟု ကြားသိရကြောင်း၊ ထိုသတင်းကို မိမိတို့အတည်မပြုနိုင်သေးကြောင်း၊ တက်လိုသည့် အဖွဲ့များလည်းရှိသည်ဟု ကြားသိရကြောင်း၊ မိမိတို့အနေဖြင့် KNU အဖွဲ့မှ မဟုတ်ဘဲ ကျန်သည့်အဖွဲ့များကိုလည်း သဘောထားတစ်ခုတည်း ဖြစ်ကြောင်း၊ မိမိတို့က ဖိတ်ခေါ်ထားသည့်အတိုင်း လာရောက်မည်ဆိုလျှင် မိမိတို့အနေဖြင့် ကြိုဆိုလျက်ရှိကြောင်း၊ မိမိတို့က နံပါတ်တစ် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်ဟု သတ်မှတ်ထားကြောင်း၊ နံပါတ်နှစ် ပြည်ထောင်စုအကျိုးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

**CDM ဆရာ ဆရာမများ**

CDM ဆရာ ဆရာမများနှင့် ပတ်သက်ပြီး မနေ့ကလည်းထပ်မံ၍ အချိန်တိုးမြှင့်ပေးထားကြောင်း၊ စာရင်းအရ ၅၀၀၀ ကျော် ပြန်လည်ပြီး အလုပ်ဝင်ရောက်ရန် စာရင်းတင်သွင်းထားသည်မှာ စာရင်းအရ ၅၀၀၀ ကျော်တွေ့ရကြောင်း၊ ထိုကိစ္စနှင့် ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဖြေကြားပေးမည်ဖြစ်ကြောင်း၊ အစားထိုး ဆရာ ဆရာမများနှင့် ပတ်သက်ပြီး မိမိတို့က နေ့စဉ်သတင်းလည်း ထုတ်ပြန်ထားကြောင်း၊ ၎င်းတို့ကို သင်တန်းများပေးခဲ့ကြောင်း၊ သင်တန်းများပေးခဲ့ပြီးမှ ဆောင်ရွက်ခဲ့ကြောင်း၊ ကျောင်းဝန်ထမ်းများ၊ ကျောင်းသူ ကျောင်းသားများ၊ ကျောင်းလုံခြုံရေးနှင့် ပတ်သက်ပြီး ယခင်နှစ်က ကျောင်းဖွင့်သည့်အချိန်၌ မိမိတို့ဆောင်ရွက်ခဲ့ကြောင်း၊ လုံခြုံရေးအဖွဲ့အစည်းများအပြင် ကျောင်းသားမိဘများ၊ ရပ်မိရပ်ဖများ၊ စစ်မှုထမ်းဟောင်းများလည်း ပါဝင်ဆောင်ရွက်ပေးခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ယခင်နှစ်ကထက် ပိုမိုလုံခြုံမှုရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ထို့နောက် CDM ဆရာ ဆရာမများနှင့်ပတ်သက်ပြီး ပြန်လည်ဝင်ရောက်မှု လုပ်ထုံးလုပ်နည်းများ အစားထိုး ဆရာ ဆရာမများကိစ္စကို ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက အသေးစိတ် ရှင်းပြမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက** CDM လုပ်ပြီးပြန်လည် ဝင်ရောက်လာသည့်ဆရာ ဆရာမများကို မိမိတို့က ပြန်လည်စစ်ဆေးပြီး ခန့်အပ်ထားသည်မှာ ၅၀ ကျော်ရှိပြီဖြစ်ကြောင်း၊ ၎င်းတို့အားလုံးလည်း အေးအေးချမ်းချမ်းနှင့် စာသင်ကြကြောင်း၊ လစာဖြတ်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ထားခြင်းတို့ မရှိကြောင်း၊ လိုအပ်သည့် ဆရာ ဆရာမများကို နေ့စဉ်သတင်းစာများတွင် ကြော်ငြာထည့်၍ ခေါ်ယူခဲ့ပြီး စာမေးပွဲစစ်ခဲ့ကြောင်း၊ မွမ်းမံသင်တန်းများ တက်ခိုင်းပြီးမှသာ ကျောင်းများသို့ စေလွှတ်ခဲ့ကြောင်း ဖြည့်စွက်ဖြေကြားသည်။

**Myanmar Nation Voices မှ သတင်းထောက် ရဲလင်းထွန်းက** ကျောင်းအပ်နှံရေးဆောင်ရွက်ရာတွင် အခက်အခဲပေါင်းစုံရှိနေပါကြောင်း၊ စာသင်ခန်းကို သွားချင်သည့် ကျောင်းသား ကျောင်းသူများကိုလည်း စာသင်ခန်းတွင်းမဝင်ရောက်နိုင်အောင် နည်းမျိုးစုံဖြင့် နှောင့်ယှက်နေကြပါကြောင်း၊ အကြမ်းဖက်ဟန့်တား နှောင့်ယှက်နေကြသူများကို ဖမ်းဆီးမိလျှင်စစ်ဆေးပြီး ပြစ်မှုများ ထင်ရှားလျှင် သေဒဏ်စီရင် ချမှတ်သည်ဟု သိရပါကြောင်း၊ ကျောင်းသား ကျောင်းသူများ ပညာသင်ခွင့်မရအောင် ဟန့်တားနှောင့်ယှက်နေခြင်းမှာ အနာဂတ်အတွက် ရင်လေးဖွယ်ရာဖြစ်ပါကြောင်း၊ အစိုးရနှင့် တပ်မတော်ကိုသာ မျက်နှာလွှဲပုတ်ချနေမည့် အစားဗိုလ်ချုပ်ပြောခဲ့သကဲ့သို့ ပြည်သူများကလည်း တစ်ဖက်တစ်လမ်းက ကူညီသင့်သည့်အရေးကိစ္စဖြစ်ကြောင်း၊ အကယ်၍ ပြည်သူများက ကူညီမည်ဆိုလျှင် အစိုးရနှင့် တပ်မတော်အနေဖြင့် မည်သို့မည်ပုံ စီစဉ်ပေးနိုင်မည်ဆိုသည်ကို သိလိုကြောင်း၊ ပြည်သူများ၏ ကူညီမှုကို လက်ခံနိုင်မည်လား ဆိုသည်ကို သိချင်ကြောင်း၊ သေဒဏ်စီရင်ချက်ချခံရသည့် အကြမ်းဖက်များကို သေဒဏ်အစား အမှန်တကယ် သေမိန့်ပေးစေလိုပါကြောင်း၊ မဟုတ်လျှင် လွတ်ငြိမ်းချမ်းသာခွင့် အဆက်ဆက်များနှင့် ပြစ်ဒဏ်များပေါ့လျော့လာပြီး အချိန်တန်လွတ်မည် ဆိုသည့် အတွေးများနှင့် သေဒဏ်ပြစ်မှုကို မကြောက်လန့်ဘဲ ဆက်လက်ပြီး အကြမ်းဖက် ဖျက်ဆီးကာ နိုင်ငံတော်နှင့် ပြည်သူကို ဆက်လက် နှောင့်ယှက်နေမည်ဖြစ်ကြောင်း၊ သေဒဏ်အစား သေမိန့်ကို အမှန်တကယ်ပေးမည်လား ဆိုသည်ကို သိလိုကြောင်း မေးမြန်းသည်။

**ကျောင်းများလုံခြုံရေး**

**ဗိုလ်ချုပ်ဇော်မင်းထွန်းက** မိမိတို့ ကျောင်းများလုံခြုံရေးနှင့်ပတ်သက်ပြီး ပြည်သူလူထုပါဝင်နိုင်မည်ဆိုလျှင် မည်သူမဆို လှိုက်လှဲစွာ ပါဝင်နိုင်သည်ဟု ပြောလိုကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ကျောင်းရပ်မိ၊ ရပ်ဖများလည်း ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုနောက်ပိုင်းတွင် ရာဇဝတ်မှုများကျူးလွန်ရာ၌ ရည်ရွယ်ချက်ရှိရှိ အစီအစဉ်တကျ ကျူးလွန်သည်များတွေ့ရကြောင်း၊ ရက်ရက်စက်စက် သတ်ဖြတ်သည်များတွေ့ရကြောင်း၊ ထို့ကြောင့် တရားဥပဒေဆိုသည်မှာ အားလုံးကို ညီတူညီမျှတရား စီရင်ရန်ဖြစ်ကြောင်း၊ နစ်နာသူများနှင့် နစ်နာဆုံးရှုံး အောင်ပြုလုပ်သူများ၏ကြားထဲတွင် မိမိတို့က မျှတသည့် တရားစီရင်ရေးဖြစ်ရန်၊ မျှတသည့်ပြစ်မှု၊ ပြစ်ဒဏ်များဖြစ်မှသာလျှင် တရားဥပဒေထိရောက်မှာဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေနှင့် အကြမ်းဖက်မှုများကို ထိရောက်စွာဟန့်တားစေနိုင်သည့် အပြစ်ပေးမှုမျိုးဖြစ်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ပါဝင်ဆောင်ရွက်၍ ရကြောင်း၊ ကျောင်းများ၏ လုံခြုံရေးနှင့်ပတ်သက်ပြီး ကူညီဆောင်ရွက်ခဲ့ခြင်း ရှိကြောင်း၊ ကျောင်းသား၊ ကျောင်းပြင်နှင့် ကျောင်းဝင်းလုံခြုံရေးတို့တွင် ပြည်သူလူထုများ ပါဝင်လာမည်ဆိုပါက မိမိတို့အနေဖြင့် အချိန်မရွေး လက်ကမ်းကြိုဆိုလျက်ရှိကြောင်း၊ မိမိတို့နှင့် ပူးပေါင်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ အချို့နေရာများ၌ ပြည်သူလူထုပါဝင်သည့်လုံခြုံရေးစနစ်နှင့် ကာကွယ်ရေးစနစ်ဟု ပြောခဲ့ကြောင်း၊ အချို့ဒေသတွင် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ လက်တွေ့အကောင်အထည်ဖော်ပြီး ပြည်သူ့စစ်များနှင့် လက်တွဲဆောင်ရွက်လျက်ရှိကြောင်း၊ နယ်တွင်ဖြစ်စေ၊ မြို့ပေါ်တွင်ဖြစ်စေ၊ လုံခြုံရေးအဖွဲ့များ၊ ပြည်သူ့စစ်အဖွဲ့များနှင့် ပူးပေါင်းပြီး ပါဝင်ဆောင်ရွက်သွားမည်ဆိုလျှင် အသိအမှတ်ပြုပါကြောင်းနှင့် တတ်နိုင်သည့်ဘက်မှ ပူးပေါင်းဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုကြောင်း ပြန်လည်ဖြေကြားသည်။

**မြန်မာသံတော်ဆင့် သတင်းဌာနမှ သတင်းထောက် ဦးကိုကိုကြီးက** တပ်မတော်အနေဖြင့် *စာမျက်နှာ ၁၈ သို့*



## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကျင်းပ

**နေပြည်တော် ဇွန် ၇**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပျဉ်းမပင်ကျေးရွာရှိ လှော်ကားရေဝေရေလဲဒေသအတွင်း၌ ပြုလုပ် ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကြည့်ရှုအားပေး**

ဦးစွာ ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ရတနာတန်းဝင်ပင်ဖြစ်သည့် မဟော်ဂနီပင်ကို ဦးဆောင်စိုက်ပျိုးပေးကာ ဌာနဆိုင်ရာများ၏ ပျိုးပင်များစိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ရှင်းလင်းဆောင်၌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဦးဗိုလ်ဌေးက မိုးရာသီ သစ်ပင်စိုက်ပျိုးမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြမှုအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ကျွန်း၊ ပျဉ်းကတိုးနှင့် မဟော်ဂနီ စိုက်ပျိုး**

ယနေ့ပြုလုပ်သည့် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုး ပွဲတော်၌ ရတနာတန်းဝင်ပင်ဖြစ်သည့် ကျွန်းပင် ၁၆၂၀၀၊ ပျဉ်းကတိုး ၅၄၀၀၊ မဟော်ဂနီ ၅၄၀၀ တို့ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ**

## တနင်္သာရီတိုင်းဒေသကြီးအတွင်း၌ မဂ္ဂါဝပ် ၄၀ ကျော်ထွက်ရှိမည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံစီမံကိန်းများ ဆောင်ရွက်

**ထားဝယ် ဇွန် ၇**



တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ဇဝဲ - ဘန်းလမွတ်ဒေသတွင် တည်ဆောက်မည့် ၁၀ မဂ္ဂါဝပ် ဆိုလာဓာတ်အားပေးစက်ရုံ စီမံကိန်း၊ မြိတ်ခရိုင် သမုတ် - လွတ်လွတ်ဒေသ၌ ဆောင်ရွက်မည့် ၂၆ မဂ္ဂါဝပ် ဓာတ်အားပေးစက်ရုံစီမံကိန်းနှင့် ပလောက်ချောင်းတွင် တည်ဆောက်မည့် ၁၀ မဂ္ဂါဝပ် ရေအားလျှပ်စစ် စီမံကိန်း၊ မြစ်ကြောင်းအတွင်း သဲသောင်တူးဖော်ခြင်း စီမံကိန်းနှင့် စက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ယမန်နေ့က ထားဝယ်မြို့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီးတွင် လျှပ်စစ်ဓာတ်အား ရရှိရေး၊ လျှပ်စစ်ဓာတ်အား အပြည့်အဝ သုံးစွဲနိုင်ရေးနှင့် ဈေးနှုန်းသက်သာစေရေးအတွက် တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်း လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်ပြီး လာရောက်ရင်းနှီးမြှုပ်နှံသူများကို ကော်မတီဝင်များအနေဖြင့် လက်ခံ၍ အမြန်ဆုံး စိစစ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကုမ္ပဏီများအနေဖြင့်လည်း လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများအား အပြည့်အဝ ကြိုးစားဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် Southern Power Grid Co.,Ltd မှ စီမံကိန်းများနှင့် ပတ်သက်၍ ကွင်းဆင်းစိစစ်ရေးနှင့် စာချုပ် (မူကြမ်း)များစိစစ်ရေးကော်မတီသို့ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ကော်မတီဝင်များက ဖြည့်စွက်ဆွေးနွေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆွေးနွေးချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရေဝတီတိုင်းဒေသကြီးကိုယ်စားပြု အားကစားအသင်းများအား အောင်နိုင်ရေးအလံ ပေးအပ်

**နေပြည်တော် ဇွန် ၇**

၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ရိုးရာခြင်းလုံးပြိုင်ပွဲ၊ တိုက်ကွမ်ဒိုပြိုင်ပွဲနှင့် ဘော်လီဘော ပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရေဝတီတိုင်းဒေသကြီး ကိုယ်စားပြုအားကစားအသင်းများအား အောင်နိုင်ရေးအလံ ပေးအပ်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ ရေဘွေဝါ ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများသို့ ဝင်ရောက် ယှဉ်ပြိုင်ကြမည့် ရေဝတီတိုင်းဒေသကြီး ကိုယ်စားပြု အသင်းများကိုယ်စား တိုက်ကွမ်ဒို အသင်းအုပ်ချုပ်သူက ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ၂၀၂၂ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲ များသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ရေဝတီ တိုင်းဒေသကြီး ကိုယ်စားပြု ရိုးရာခြင်းလုံးအသင်း၊ တိုက်ကွမ်ဒို အသင်းနှင့် ဘော်လီဘောအသင်း တို့ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က အောင်နိုင်ရေးအလံနှင့် ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၇ မှ*

တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးကို ငြိမ်းချမ်းရေးဖိတ်ခေါ် ဆွေးနွေးပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌကိုယ်တိုင် NCA လက်မှတ်ထိုးထားသော အဖွဲ့များ၊ မထိုးရသေးသောအဖွဲ့များနှင့် တွေ့ဆုံခြင်းများကို နိုင်ငံပိုင်သတင်းစာများတွင် တွေ့ရကြောင်း၊ တစ်ချိန်တည်းတွင် တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး ပြုလုပ်ထားသည်ကိုလည်း တွေ့ရကြောင်း၊ ထိုကဲ့သို့ ငြိမ်းချမ်းရေးဖိတ်ခေါ်၍ အပစ်အခတ်ရပ်စဲထားသည့်အချိန်တွင် ကရင်ပြည်နယ်၊ မြဝတီမြို့နယ်ရှိ သေဘော့ဘိုးစခန်းကို KNU နှင့် အပေါင်းအပါအဖွဲ့များက သိမ်းပိုက်ခဲ့သည်ဟု သိရပါကြောင်း၊ ယခုအခါ တပ်မတော်နှင့် နယ်ခြားစောင့် BGF တပ်ဖွဲ့များက ပြန်လည်တိုက်ခိုက်နေသည်ကိုလည်း သိရှိရကြောင်း၊ သေဘော့ဘိုးစခန်း၏ နောက်ဆုံးဖြစ်စဉ် အခြေအနေကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ်ဇော်မင်းထွန်း**က ယင်းစခန်းသည် ယခင်က တပ်စုအဆင့်အင်အား တပ်စွဲခဲ့သည့်စခန်းဖြစ်ကြောင်း၊ ရန်သူမှအင်အား အလုံးအရင်းဖြင့် တိုက်ခိုက်ခံခဲ့ရပြီး တပ်မတော်ဘက်မှလည်း ပြန်လည်ချေမှုန်းခဲ့ကြောင်း၊ ရန်သူဘက်တွင် တော်တော်များများ အထိနာကြောင်း၊ မိမိတို့ဘက်တွင်လည်း ဒဏ်ရာရရှိသူများ၊ ပျောက်ဆုံးသူများလည်းရှိပါကြောင်း၊ တပ်မတော်အနေဖြင့် လိုအပ်သည့်နေရာများတွင် စစ်ဆင်ရေးများ ဆောင်ရွက်နေကြောင်း၊ စစ်ဆင်ရေးကိစ္စဖြစ်သည့်အတွက် လိုအပ်သည့်နေရာများတွင် လိုအပ်သောလုံခြုံရေး ဆောင်ရွက်မှုများ၊ လိုအပ်သောစစ်ဆင်ရေး ဆောင်ရွက်မှုများ ပြုလုပ်နေကြောင်းကိုသာ မိမိအနေဖြင့် ဖြေလိုကြောင်း ပြန်လည်ဖြေကြားခဲ့သည်။

**နေပြည်တော် Online သတင်းဌာနမှ အယ်ဒီတာချုပ်ဦးမင်းမောင်**က မိမိအနေဖြင့် မေးခွန်းမမေးမီ အကြံပြုတင်ပြချက်တစ်ခု တင်ပြလိုကြောင်း၊ တရားဝင်စစ်ဆေးပြီး ဖွင့်လှစ်ခွင့်ရရှိထားသည့် ကိုယ်ပိုင်ကျောင်းများ အချိန်နှင့်တစ်ပြေးညီ ပြန်လည်ဖွင့်လှစ်ခွင့်ကို နိုင်ငံပိုင်သတင်းစာများမှ ထုတ်ပြန်ပေးစေလိုကြောင်း၊ ကျောင်းသားများ အချိန်မီအပ်နှံနိုင်ရေး၊ နယ်ဝေးနေရာမှနေပြည်တော်သို့ လာရောက်အပ်နှံမည့် ကျောင်းသားများသည် အဆောင်ငှားရမ်းခြင်းကိစ္စရပ်များနှင့် အခြားကိစ္စရပ်များ၌ အခက်အခဲများစွာ ကြုံတွေ့ရကြောင်း၊ အဆိုပါ အခက်အခဲများ အဆင်ပြေစေရေးအတွက် ကျောင်းဖွင့်လှစ်ခွင့်အား အမြန်ဆုံး ထုတ်ပြန်ကြေညာပေးစေလိုကြောင်း၊ ၂၀၂၁ ပညာသင်နှစ်တွင် CDM မပြုလုပ်ဘဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်အောက်တွင် စည်းကမ်းလိုက်နာပြီး တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဆရာ ဆရာမများသည် သင်တန်းတက်ရောက်ခွင့် မရရှိခဲ့ကြကြောင်း၊ အဆိုပါ ဝန်ထမ်းများသည် အလုပ်လက်မဲ့ဖြစ်သွားကြောင်း၊ ကျောင်းတစ်ကျောင်းတွင် ဆရာ ဆရာမ အနည်းဆုံး ၂၀ ဖြစ်ကြောင်း၊ ကျောင်း ၁၆ ကျောင်းတွင် ၃၂၀ ခန့် အလုပ်လက်မဲ့ဖြစ်သွားသည်ဟု သိရကြောင်း၊ အဆိုပါ ဆရာ ဆရာမများအား ဆက်လက် တာဝန်ထမ်းဆောင်နိုင်စေရန် ပညာရေးဝန်ကြီးဌာနအနေဖြင့် အမြန်ဆုံးပြန်လည်ခွင့်ပြုပေးနိုင်ပါရန် အကြံပြုတင်ပြအပ်ပါကြောင်း၊ မိမိမေးလိုသည်မှာ နေပြည်တော်ကောင်စီနယ်မြေတွင် ပိတ်သိမ်းရန်စိစစ် ဆောင်ရွက်နေသော ပုဂ္ဂလိကကျောင်းများ မည်မျှပိတ်သိမ်းပါမည်နည်း၊ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ပုဂ္ဂလိကကျောင်းအချို့ကို ပိတ်သိမ်းရန် ရှိ/မရှိ၊ ရှိပါကလည်း ထိုကျောင်းများ၏အမည်ကို နိုင်ငံပိုင်သတင်းစာ၊ မီဒီယာများမှ အချိန်နှင့်တစ်ပြေးညီ တရားဝင်ထုတ်ပြန်ပေးရန် ရှိ/မရှိနှင့် အဘယ့်ကြောင့်ပိတ်သိမ်းရသည့်အကြောင်းကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း**က မိမိသိရှိသရွေ့ပြောရလျှင် နေပြည်တော်ရှိ ပုဂ္ဂလိကကျောင်းတချို့ ပိတ်သိမ်းရခြင်းသည် နိုင်ငံရေးနှင့် မလွတ်ကင်းသည်များ ဆောင်ရွက်ခြင်းကြောင့်ဖြစ်ကြောင်း၊ အကြံပြုချက်များကိုလည်း ပညာရေးဝန်ကြီးဌာနမှ ဆက်လက် တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦး**က ကိုယ်ပိုင်ကျောင်းများဖွင့်မည်ဆိုပါက ဦးစွာ သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လျှောက်ထားရကြောင်း၊ သတ်မှတ်ချက်များနှင့် ညီ/မညီ ပညာရေးဝန်ကြီးဌာနက စစ်ဆေးပြီး သက်ဆိုင်ရာပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များက ထောက်ခံချက်ပေးရကြောင်း၊ ထို့နောက် အခြေခံပညာဦးစီးဌာနသို့ရောက်ရှိကြောင်း၊ ထိုမှ တစ်ဆင့်ဝန်ကြီးဌာန၏ ခွင့်ပြုချက်ကို ရယူ၍ ခွင့်ပြုပေးခြင်းဖြစ်ကြောင်း၊ ဆရာ ဆရာမများ ခန့်အပ်ခြင်း၊ မခန့်အပ်ခြင်းသည် သက်ဆိုင်ရာကိုယ်ပိုင်ကျောင်းများ၏ မူဝါဒပင်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် စွက်ဖက်ခြင်းမရှိကြောင်း ဖြည့်စွက်ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၆-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** ပေဋကသုတ်၊ ရတနသုတ်၊ မေတ္တာသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** ပြည်သူအားလုံးနှင့်သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
**၀၉:၁၀** မွေးမြူရေးရာအဖြာဖြာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၁:၃၀** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၃:၃၀** MRTV National News
**၁၆:၃၅** အသိပညာနှင့်အမှန်တရား 'နည်းစနစ်တကျဝဉ်းစားတွေးခေါ်ခြင်း' (အပိုင်း-၂)
**၁၇:၁၅** ခေတ်အလိုက်ကြေးမုံပြင်
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၂၀** 10th ASEAN Quiz Myanmar (National Level)(Part-3)
**၁၉:၁၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘဝစကက်ဘောအက်ဆေး' (အပိုင်း-၁၃)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
**၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
**၂၁:၂၀** (၁၈)ကြိမ်မြောက်အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ကွက်စိပ်ပြိုင်ပွဲ) 'ကုသမင်းဇာတ်'
**၂၂:၀၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၁၀)

**mitv**

**07:02** Myanmar Shu Khin Myanmar Sate Yinn (Seint Nay Chi)
**07:09** Myanmar Traditional Snacks: Popped Rice Ball
**07:14** The Lives of Stone Slab and Mortar Makers
**07:32** Discovering Tribes: Enn (Their Life and Customs)
**08:01** Myanmar Marionette
**08:29** Gardener: Rose Plantation
**08:36** Attractive New Destinations of Bagan
**09:01** News
**09:27** Global Partnership for Brighter Future: Cabo Verde Pavilion at Expo 2020 Dubai
**09:40** Artist Life: Designer May Myat Waso
**10:01** Tobacco Pipe Making Business (Ywar Lut Village)

**MRTV NRC**

**အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ကရင်စာပေစကားပြောကြရအောင်(အပိုင်း-၃)
**အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ဘိုးဘိုးကြီးနှင့်ယုံကြည်ကိုးကွယ်မှု
**ချင်း (လိုင်ဇို) (၀၈:၀၀ မှ ၀၉:၀၀)**
ချဉ်ပေါင်အချိုရည်ပြုလုပ်နည်း
**ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)**
မင်းတပ်မြို့ရဲ့မိုးရာသီအလုပ်ပုံရိပ်များ(အပိုင်း-၂)
**မွန် (၁၁:၀၀ မှ ၁၂:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၄)
**ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)**
မြန်မာပြည်တစ်လွှားလျှာထိအာထိရခိုင်ဟင်းလျာများ
**ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)**
အင်းသားလေ့လှော်ကမ္ဘာကျော်
**ဝ (၁၆:၀၀ မှ ၁၈:၀၀)**
ချင်း(ဂျင်း)နှင့်ကျန်းမာရေး
**ကချင် (၁၈:၀၀ မှ ၂၀:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့်ချစ်ကြည်စေမည် (အပိုင်း-၄)
**ကယား (၂၀:၀၀ မှ ၂၁:၀၀)**
စိတ်ဝင်စားဖွယ်ဒီးမော့ဆိုတောင်ရိုးရာဓလေ့
**ဝကကကရင် (၂၁:၀၀ မှ ၂၂:၀၀)**
အိမ်တွင်းဆပ်ပြာလုပ်နည်းအဆင့်ဆင့်

**MRTV NEWS**

**၀၆:၀၀** အဖွင့်၊ တေးသီချင်း
**၀၆:၄၀** အားကစားသတင်း
**၀၉:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၁:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၃:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၄:၀၀** MRTV National News
**၁၅:၀၀** ပြည်တွင်းသတင်း (LIVE)
**၁၇:၃၀** နိုင်ငံတကာသတင်း (LIVE)
**၁၉:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၀:၀၀** ပြည်တွင်းသတင်း (LIVE)
**၂၁:၀၀** ပြည်တွင်းသတင်း (LIVE)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊ အလံ
**၀၉:၃၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'အာဟာရ'
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၄)
**၁၁:၀၀** နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (သီရိလင်္ကာနိုင်ငံ)(အပိုင်း-၂)
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV FARMERS'**

**၀၆:၀၀** အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
**၀၆:၀၂** တောင်သူလယ်သမားရေးရာသတင်း
**၀၆:၃၀** ဖြူးချောင်းရေလှောင်တမံဘက်စုံစီမံကိန်း
**၀၇:၃၅** ကဏန်းပျော့မွေးမြူထုတ်လုပ်ရေး
**၀၈:၂၀** ခေတ်မီမီအရည်အသွေးကောင်းရောင်းပန်းလှ
**၀၈:၅၅** မိရိုးဖလာတောင်သူတစ်ဦးရဲ့တစ်နေ့တာ
**၀၉:၁၅** ယာဇက်မှာနည်းပညာ ဘယ်ဇက်မှာစာရင်း ဇယားသေချာတဲ့မိသားစုလယ်ယာစီးပွား
**၀၉:၄၀** မေးမြန်းလေ့လာပန်းအလှကမ္ဘာမှာ

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊
SCAN ME
www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ကရင်ပြည်နယ်အစိုးရအဖွဲ့က KNU/KNLA(PC)ဌာနချုပ် ထို့ကော်ကိုးဒေသရှိ ကျောင်းသား ကျောင်းသူများအတွက် ပုံနှိပ်စာအုပ်နှင့် ကျောင်းသုံးဗလာစာအုပ်များထောက်ပံ့

ဘားအံ ဇွန် ၇

ပညာရေးဝန်ကြီးဌာနမှ ထောက်ပံ့သည့် ပုံနှိပ်စာအုပ်နှင့် ကျောင်းသုံးဗလာစာအုပ်များကို ကရင်ပြည်နယ်အစိုးရအဖွဲ့က KNU/KNLA(PC) ဌာနချုပ် ထို့ကော်ကိုးဒေသရှိ ကျောင်းသား ကျောင်းသူများအတွက် ပုံနှိပ်စာအုပ်နှင့် ကျောင်းသုံး ဗလာစာအုပ်များ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။

အခမ်းအနားတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ငြိမ်းချမ်းရေး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်၏ ရင်သွေးငယ်များ ပညာရေးတို့နှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် KNU/KNLA(PC) ဌာနချုပ် ထို့ကော်ကိုးနှင့် ပတ်ဝန်းကျင်ဒေသရှိ အခြေခံပညာ စာသင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများအတွက် ပုံနှိပ်စာအုပ်များနှင့် ကျောင်းသုံး ဗလာစာအုပ်များကို ထောက်ပံ့ပေးအပ်ရာ ကရင်အမျိုးသား အစည်းအရုံး / ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော် (ငြိမ်းချမ်းရေးကောင်စီ)KNU/KNLA(PC) ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးက လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားသည်။

ယနေ့တွင် ကျောင်းသားကျောင်းသူများအား ဗလာစာအုပ် ဒါဇင် ၁၅၀၀ နှင့် KG တန်းမှ Grade-10 အထိ ကျောင်းသုံးပုံနှိပ်စာအုပ် ၅၃၀၃ စုံတို့ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သီပေါမြို့နယ် မန်ဟဲဒေသ ကျေးလက်ကွန်ကရစ်လမ်းဖွင့်ပွဲကျင်းပ

သီပေါ ဇွန် ၇

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ (၁၀) နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မန်ဟဲကျေးရွာအုပ်စု နားခဲကျေးရွာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စိုးဝင်း၊ နမ့်ဟူးနွဲ့အထက်ကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တပညာသာမိအရှင်သူမြတ်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးဦးဝင်းဆောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အဆိုပါ မန်ဟဲကျေးရွာအုပ်စု နားခဲကျေးရွာသည် မြစိမ်းရောင်စီမံကိန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်မှစ၍ ဆောင်ရွက်ခဲ့ရာ မူလလျာထားချက် မြစိမ်းရောင်စီမံကိန်းအတိုးရငွေကျပ် ၁၄ ဒသမ ၃ သန်းနှင့် ကျေးလက်ပြည်သူထည့်ဝင်ငွေ ၄ ဒသမ ၉ သန်းဖြင့် ကျေးရွာကွန်ကရစ်လမ်း ပေ ၂၀၀၀ အကျယ် ၁၂ ပေနှင့် ထု ၆လက်မ ဆောင်ရွက်ရန်ဖြစ်သော်လည်း အမှန်ဆောင်ရွက်ရာ၌ ကျေးရွာလူထုအပါအဝင် ရွာဦးကျောင်းဆရာတော်၏ ဩဝါဒခံယူကာ ကျေးရွာသားများ ပါဝင်မှုတို့ဖြင့် ကွန်ကရစ်လမ်း ၃၃၄၅ ပေ၊ အကျယ် ၁၂ ပေနှင့်ထု ၆ လက်မ ပခုံးသား ကွန်ကရစ်ခင်းခြင်း စသည့်လုပ်ငန်းများကို မြစိမ်းရောင်စီမံကိန်း အတိုးရငွေကျပ် ၁၆ ဒသမ ၃၄ သန်း စုစုပေါင်းငွေကျပ် ၄၀ ဒသမ ၆၄ သန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ကြောင်း မြို့နယ်ကျေးလက်ဦးစီးဌာနမှူး ဦးဝင်းဆောင် ပြောပြချက်အရ သိရသည်။

**စိုင်း(သီပေါ)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇-၆-၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၄၈၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၇၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၂၀၄၈၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၉၂၇၅၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၉၅ ကျပ် | ၂၅၄၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၂၀ ကျပ် | ၂၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၁၉၀ ကျပ် | ၂၂၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၂၇၅ ကျပ် | ၂၃၂၀ ကျပ် |

(SBP စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၈၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၉၇၇ . ၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၃၄၄ . ၆ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၃ . ၆၇၈ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၉၄ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၂၀ . ၈၈ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၇၇ . ၃၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၈၀၅ |

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇၅၀၀ | ၇၆၀၀ | ၄၅ | ၃၃၇၆၀၀ |
| MTSH | ၂၆၅၀ | ၂၇၀၀ | ၅၀၄၃ | ၁၃၃၆၄၄၅၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၁၇၅၀၀ | ၁၇၅၀၀ | ၁၀ | ၁၇၅၀၀၀ |
| TMH | ၂၅၀၀ | ၂၅၀၀ | ၅ | ၁၂၅၀၀ |
| EFR | ၂၅၅၀ | ၂၅၅၀ | ၁၄၀ | ၃၅၇၀၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့
**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၇**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄–က နှင့် ပုဒ်မ ၅၀၅–က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဆန်းချိုရပ်ကွက်နေ နိုလာသည် ၎င်းအသုံးပြုသည့် "Noe Lar" Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ရွာသစ်ကျေးရွာနေ ကိုကိုလင်းမောင်(ခ)ကိုလင်းမောင်သည် ၎င်းအသုံးပြုသည့် "Linn Mg" Facebook အကောင့်၊ ပခုက္ကူမြို့နယ် အမှတ်(၁၃)ရပ်ကွက် ပြည်တော်သာလမ်းနေ ချမ်းမြေ့ကိုသည် ၎င်းအသုံးပြုသည့် "Chan Myae Ko" Facebook အကောင့် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် အမှတ်(၁၁)ရပ်ကွက်နေ မနိုနိုအောင်မင်း(ခ) နိုနို(ခ)နိုရာသည် ၎င်းအသုံးပြုသည့် "Noe Yar" Facebook အကောင့်နှင့် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် အောင်မင်္ဂလာ(၁) ရပ်ကွက်နေ ဖြိုးသီဟန်(ခ)ဖြူနှင်းထွေး၊ အေးအေးသောင်း(ခ)ငယ်ငယ်နှင့် ခိုင်ဇော်မိုးတို့သည် ၎င်းတို့အသုံးပြုသည့် "Phyo Thi Han" Facebook အကောင့်၊ "Aye Aye Thaung" Facebook အကောင့်နှင့် "Khaing Zaw Moe" Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ *ကျောဖုံးမှ*

ဦးမြင့်သန်း (၁၁) ဦးစိန် (၆၉)နှစ်သည် မိသားစုဝင်ခြောက်ဦးနှင့်အတူ ညှော်လမ်းညွှန်တစ်ဦး လိုက်ပါ၍ ယနေ့နံနက် ၇ နာရီ မိနစ် ၄၀ ခန့်တွင် ညောင်ဦးမြို့နယ် တောင်ဘီကျေးရွာ ဖူးဘုရား စက်လှေဆိပ်မှ စက်လှေဖြင့် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ဘက်အခြမ်းရှိ တန့်ကြည်တောင်ဘုရားအား ဖူးမြော်ကြည်ညိုရန် သွားရောက်ခဲ့ကြောင်း၊ တန့်ကြည်တောင်ကျေးရွာဆိပ်ကမ်းသို့ ရောက်ရှိပြီး Hijet အမျိုးအစား မော်တော်ယာဉ်ဖြင့် ဘုရားကုန်းပေါ်သို့ ဆက်လက်ထွက်ခွာလာစဉ် နံနက် ၈ နာရီခွဲခန့်တွင် ဘုရားကုန်းလမ်းတစ်ဝက်သို့အရောက်၌ PDF အမည်ခံအကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ ပစ်ခတ်မှုများကြောင့် ဦးမြင့်သန်းတွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာများရရှိခဲ့သဖြင့် စက်လှေ၊ ပုဂံလူမှုကူညီရေးအသင်းမှ မော်တော်ယာဉ်တို့ဖြင့် ညောင်ဦးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေခဲ့သော်လည်း ရရှိဒဏ်ရာဖြင့် နံနက် ၁၀ နာရီခန့်တွင် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။



PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခံရသည့် ဘုရားဖူးယာဉ်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ဆင်ခြင်တုံတရားကင်းမဲ့စွာ ယခုကဲ့သို့ အကြောင်းမဲ့ ပစ်ခတ်မှုကြောင့် စိတ်အေးချမ်းသာစွာ ဘုရားဖူးလာရောက်သည့် အပြစ်မဲ့ပြည်သူတစ်ဦး သေဆုံးခဲ့ရမှုနှင့်ပတ်သက်၍ ကျန်ရစ်သူမိသားစုများနှင့်အတူ ဒေသခံပြည်သူများအနေဖြင့် ဝမ်းနည်းစိတ်မကောင်းမှုများ ဖြစ်ပေါ်လျက်ရှိပြီးယခုကဲ့သို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများအား ဝိုင်းဝန်းကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပခုက္ကူမြို့နယ် တန့်ကြည်တောင်ဘုရားသို့ ဘုရားဖူးလာရောက်သည့် ခရီးသွားများအား အကြမ်းဖက်များက ချောင်းမြောင်းတိုက်ခိုက်ခဲ့သည့်နေရာပြပုံ။

# နောင်ချိုမြို့နယ်တွင် ငွေကျပ်သိန်း ၃၂၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၁ ဒသမ ၆ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်တွင် ငွေကျပ်သိန်း ၃၂၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၁ ဒသမ ၆ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၃ ရက် မွန်းလွဲ ၂ နာရီတွင် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ် မန္တလေး–လားရှိုးသွားကားလမ်း နောင်ချိုမြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် သီပေါမှ မန္တလေးဘက်သို့ ရဲကျော်သူရ မောင်းနှင်လာသည့် FUSO ၁၂ ဘီး မော်တော်ယာဉ်ကို သတင်းအရ ရှာဖွေရာ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၃၂၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူ ၂၁ ဒသမ ၆ ကီလို သိမ်းဆည်းရမိခဲ့ပြီး **(ယာပုံ)** စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူများကို ရှမ်းပြည်နယ်မြောက်ပိုင်းမှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇွန် ၇**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

# NUG အမည်ခံအကြမ်းဖက်အဖွဲ့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်သမားများက အခြေခံပညာကျောင်းများအား လက်လုပ်မိုင်းများ / လက်ပစ်ဗုံးများဖြင့် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီး၊ ဝက်လက်မြို့နယ် ဘိုတဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီးနှင့် ၎င်း၏ညီမအား လက်နက်ငယ်များဖြင့် ပစ်ခတ်သတ်ဖြတ်

**နေပြည်တော် ဇွန် ၇**

NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အဦများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့် နည်းလမ်းမျိုးစုံ အသုံးပြုကာ နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဇွန် ၆ ရက် ညနေ ၆ နာရီ ၅၅ မိနစ်ခန့်တွင် ဝက်လက်မြို့နယ် ဘိုတဲကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မိုးမိုးခိုင် (ဘ) ဦးအေးနှင့် ၎င်း၏ညီမ ဒေါ်ကေဇာခိုင်တို့သည် နေအိမ်၌ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သမားများက ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ကျောင်းအုပ်ဆရာမကြီးဖြစ်သူနှင့် ၎င်း၏ညီမတို့တွင် ကျည်ထိမှန် ဒဏ်ရာများဖြင့် သေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

အလားတူ ညနေ ၆ နာရီခွဲခန့်တွင် စစ်ကိုင်းမြို့နယ် ဥသျှစ်ကြီးကျေးရွာနေ ဆားတောင် အခြေခံပညာအထက်တန်းကျောင်းမှ စာရေး ဒေါ်နိုင်နိုင်မော်(ဘ) ဦးတုတ်စံသည် ၎င်း၏နေအိမ်၌ ရှိနေစဉ် PDF အမည်ခံအကြမ်းဖက်သမားများက လာရောက်၍ ကျေးရွာ၏ တောင်ဘက်သို့ ဖမ်းဆီး ခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။



စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် နောင်ပါခါးမူလွန်ကျောင်းဝင်းအတွင်း၌ တွေ့ရှိသည့် လက်လုပ်မိုင်းနှစ်လုံး။

ထို့အတူ နံနက် ၉ နာရီခွဲခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ် နောင်ပိုအောင်ကျေးရွာ နောင်ပါခါးရပ်ကွက်ရှိ အခြေခံပညာ မူလတန်းလွန်ကျောင်းအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ထားကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေစစ်ဆေးခဲ့ရာ ကျောင်းဝင်းတံခါးအနီး ကျောပိုးအိတ်အတွင်းမှ လက်လုပ်မိုင်း တစ်လုံးနှင့် ကျောင်းဆောင်အောက်ခြေလှေကားအနီးမှ လက်လုပ်မိုင်းတစ်လုံး တွေ့ရှိခဲ့သဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့သည်။



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အခြေခံပညာအလယ်တန်းကျောင်းအနီး အမှိုက်ပုံ၌ အသံဗုံးတစ်လုံး ပေါက်ကွဲမှု ဖြစ်ပွားသည့်နေရာ။

အလားတူ မုံရွာမြို့နယ် ပြည်တော်သာရပ်ကွက်ရှိ အခြေခံပညာအလယ်တန်း ကျောင်းအနီးသို့ နံနက် ၁၀ နာရီခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဖောက်ခွဲခဲ့ရာ ပေါက်ကွဲမှုကြောင့် လူနှင့် အဆောက်အဦ ထိခိုက်ပျက်စီးမှု မရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ အနာဂတ်လူငယ်လူရွယ်များ ပညာသင်ကြားမှုများ မပြုလုပ်နိုင်စေရန် ရည်ရွယ်၍ ဆရာ ဆရာမများ အကြောင်းမဲ့ သတ်ဖြတ်ခြင်း၊ ကျောင်းအဆောက်အဦများနှင့် အခြားအုပ်ချုပ်မှု အဆောက်အဦများကို လက်လုပ်မိုင်းများဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့သူများအား အမြန်ဆုံးဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်ကိုင်းမြို့နယ်၌ ဒေသခံပြည်သူများအား ဆေးဝါးကုသပေးလျက်ရှိသည့် ကျေးလက်ကျန်းမာရေးဌာနမှ သားဖွားဆရာမတစ်ဦးကို PDF အမည်ခံ အကြမ်းဖက်သမားများက ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်

နေပြည်တော် ဇွန် ၇

**စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ဒေသခံပြည်သူများအား ဆေးဝါးကုသပေးလျက်ရှိသည့် ကျေးလက်ကျန်းမာရေးဌာနမှ သားဖွားဆရာမ တစ်ဦးကို PDF အမည်ခံ အကြမ်းဖက်သမားများက ဖမ်းဆီး ခေါ်ဆောင်သတ်ဖြတ်သွားခဲ့ကြောင်း သိရသည်။**



PDF အမည်ခံ အကြမ်းဖက်သမားများ၏ ဖမ်းဆီးခေါ်ဆောင်သတ်ဖြတ်ခြင်းခံရသည့် ကျေးလက်ကျန်းမာရေးဌာနမှ သားဖွားဆရာမအား ဓားဒဏ်ရာများဖြင့် တွေ့ရစဉ်။

ဖြစ်စဉ်မှာ ဇွန် ၃ ရက် မွန်းလွဲ ၃ နာရီ ၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် လင်းယဉ်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာနမှ သားဖွားဆရာမတစ်ဦးကို PDF အမည်ခံ အကြမ်းဖက်သမားများက ဖမ်းဆီး ခေါ်ဆောင်သတ်ဖြတ်သွားခဲ့ကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါကျေးရွာရှိ ကျေးလက်ကျန်းမာရေး ဌာနမှ သားဖွားဆရာမ ဒေါ်နွယ်နွယ်စိုး (၄၇) နှစ် (ဘ)ဦးဝင်းမောင်သည် ၎င်း၏နေအိမ်၌ တစ်ဦးတည်းရှိနေစဉ် PDF အကြမ်းဖက်အဖွဲ့ အင်အား ၂၀ ခန့်က Light Truck အဖြူရောင်ယာဉ်ဖြင့် ရောက်ရှိလာပြီး နေအိမ်အား ဖျက်ဆီးကာ ဒေါ်နွယ်နွယ်စိုးကို ဖမ်းဆီး ခေါ်ဆောင်၍ လင်းယဉ်ကျေးရွာ၏အရှေ့ဘက် ၄ မိုင်ခန့်အကွာ လင်းယဉ်-ပဒူသွားကားလမ်းဘေး အနီးအရောက်တွင် ဓားဖြင့် ရက်စက်စွာ ထိုးခုတ်သတ်ဖြတ်ခဲ့သဖြင့် ဒေါ်နွယ်နွယ်စိုးတွင် လည်ပင်းပြတ်ရှဒဏ်ရာ၊ ယာလက်ကောက်ဝတ်ပြတ်ရှဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ဒေသခံပြည်သူများအား ဆေးကုသပေးလျက်ရှိသည့် ကျေးလက် ကျန်းမာရေးဌာနမှ သားဖွားဆရာမအား ဖမ်းဆီးခေါ်ဆောင်၍ ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး နယ်မြေခံလုံခြုံရေး တပ်ဖွဲ့ဝင်များက လုံခြုံရေး လုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❍ *ကျောဖုံးမှ*

အုပ်စု ပထမနေ့အဖြစ် ကူဝိတ် နှင့် အင်ဒိုနီးရှား၊ ဂျော်ဒန်နှင့် နီပေါ၊ ဖိလစ်ပိုင်နှင့် ယီမင်၊ ပါလက်စတိုင်းနှင့် မွန်ဂိုလီးယား၊ ထိုင်းနှင့် မော်လ်ဒိုက်၊ ဥဇဘက်ကစ္စတန်နှင့် သီရိလင်္ကာ၊ ဟောင်ကောင်နှင့် အာဖဂန်နစ္စတန်၊ အိန္ဒိယနှင့် ကမ္ဘောဒီးယား၊ တာ့ခ်မင်နစ္စတန် နှင့် မလေးရှား၊ ဘာရိန်းနှင့် ဘင်္ဂလားဒေ့ရှ်၊ တာဂျစ်ကစ္စတန်နှင့် မြန်မာ၊ ကာဂျစ္စတန်နှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းနှင့် တာဂျစ်ကစ္စတန်အသင်းသည် ၂၀၂၃ အာရှဖလား ဒုတိယအဆင့်ခြေစစ်ပွဲတွင်လည်း တစ်အုပ်စုတည်း ကျရောက်ခဲ့ပြီး မြန်မာအသင်းသည် ပထမအကျော့တွင် လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရသော်လည်း ဒုတိယအကျော့တွင် လေးဂိုးပြတ် အရေးနိမ့်ခဲ့သည်။

မြန်မာအသင်းအနေဖြင့် ခြေစစ်ပွဲအောင်မြင်ရန် အုပ်စုသုံးပွဲစလုံး ရလဒ်ကောင်းရန် လိုအပ်နေသည်။ အာရှဘောလုံးအဖွဲ့ချုပ်သည် ပထမအဆင့်နှင့် ဒုတိယအဆင့် ခြေစစ်ပွဲများကို အိမ်ကွင်း၊ အဝေးကွင်း စနစ်ဖြင့် ကျင်းပခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အုပ်စုတစ်ခုကို အိမ်ရှင်နိုင်ငံ တစ်နိုင်ငံရွေးချယ်၍ တစ်ကျော့တည်း ပြုလုပ်သွားမည်ဖြစ်သည်။

အုပ်စုခွဲဝေထားမှုအရ **အုပ်စု (က)** တွင် ဂျော်ဒန်၊ ကူဝိတ်၊ အင်ဒိုနီးရှား၊ နီပေါ၊ **အုပ်စု (ခ)** တွင် ပါလက်စတိုင်း၊ ဖိလစ်ပိုင်၊ ယီမင်၊ မွန်ဂိုလီးယား၊ **အုပ်စု (ဂ)** တွင် ဥဇဘက်ကစ္စတန်၊ ထိုင်း၊ မော်လ်ဒိုက်၊ သီရိလင်္ကာ၊ **အုပ်စု (ဃ)** တွင် အိန္ဒိယ၊ ဟောင်ကောင်၊ အာဖဂန်နစ္စတန်၊ ကမ္ဘောဒီးယား၊ **အုပ်စု (င)** တွင် ဘာရိန်း၊ တာ့ခ်မင်နစ္စတန်၊ မလေးရှား၊ ဘင်္ဂလားဒေ့ရှ်၊ **အုပ်စု (စ)** တွင် ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်၊ မြန်မာနှင့် စင်ကာပူအသင်းတို့ ပါဝင်နေသည်။ တတိယအဆင့်ခြေစစ်ပွဲကို အုပ်စုခြောက်ခုခွဲ၍ ပြုလုပ်မည်ဖြစ်ပြီး အုပ်စုခြောက်ခုမှ ထိပ်ဆုံးခြောက်သင်းနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးငါးသင်း စုစုပေါင်း ၁၁ သင်း ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

**ရဲရင့်လွင်**

# အန်းဒရွိုက် ၁၃ စမ်းသပ်ဗားရှင်းသစ်ဖြစ်သည့် ဘီတာ ၂.၁ ထပ်မံထွက်ရှိလာ စမ်းသပ်အသုံးပြုနိုင်မည့်ဖုန်းများစာရင်းထုတ်ပြန်

**ရန်ကုန် ဇွန် ၇**

**အသစ်ထပ်ထွက်လာမည့် အန်းဒရွိုက်ဗားရှင်းသစ်ဖြစ်သော အန်းဒရွိုက် ၁၃ ၏ စမ်းသပ်ဗားရှင်းကို အသုံးပြုနိုင်မည့် ဖုန်းများစာရင်းကို နိုင်ငံတကာမှ Developer များစုစည်းသည့် နည်းပညာဖိုရမ်ကြီးတစ်ခုဖြစ်သော Xda developer က ထုတ်ပြန်ခဲ့ရာ Google ၏ Pixel ဖုန်းများနှင့်အတူ အခြားဖုန်းအမှတ်တံဆိပ်များမှ မော်ဒယ်အချို့လည်း စမ်းသပ်အသုံးပြုနိုင်မည်ဖြစ်ပြီး ပြည်တွင်း၌ ရောင်းချထားသော ဖုန်းမော်ဒယ်အချို့လည်း ပါဝင်နေသည်ကို တွေ့ရသည်။**




အန်းဒရွိုက် ၁၃ စမ်းသပ်ဗားရှင်း၏ ပထမဗားရှင်းဖြစ်သည့် ဗားရှင်း ၂ ကို မေ ၁၁ ရက်နှင့် ၁၂ ရက်က ကျင်းပခဲ့သော Google Developer များတွေ့ဆုံပွဲဖြစ်သည့် Google I/O တွင် စတင်မိတ်ဆက်ခဲ့ပြီးနောက် ဒုတိယမြောက်စမ်းသပ်ဗားရှင်းဖြစ်သည့် ဗားရှင်း ၂.၁ ကို မေ ၂၆ ရက်တွင် ထပ်မံထုတ်ပေးခဲ့ကာ ရက်အနည်းငယ်အကြာတွင် စမ်းသုံးနိုင်မည့်ဖုန်းများစာရင်းကို Xda developer က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

Google Pixel ဖုန်းများသည် အန်းဒရွိုက်စမ်းသပ်ဗားရှင်းအသစ်များကို အမြဲတမ်းအစောဆုံး ရရှိလေ့ရှိရာ ယခု စမ်းသပ်ဗားရှင်းကိုလည်း Pixel 4a, Pixel 4a 5G, Pixel 5, Pixel 5a, Pixel 6 နှင့် Pixel 6 Pro တို့တွင် အသုံးပြုနိုင်မည်ဖြစ်သည်။

အခြားအမှတ်တံဆိပ်များအနေဖြင့် ၂၀၂၁ နှစ်ကုန်ပိုင်းနှင့် ယခုနှစ်အတွင်း ထွက်ထားသည့် မော်ဒယ်သစ် စွမ်းဆောင်ရည်မြင့်ဖုန်းအချို့တွင် အန်းဒရွိုက် ၁၃ စမ်းသပ်ဗားရှင်းကို အသုံးပြုနိုင်မည်ဖြစ်ပြီး ဖုန်းအမျိုးအစားနှင့် မော်ဒယ်များမှာ အောက်ပါအတိုင်းဖြစ်သည်။

| ဖုန်းအမျိုးအစား | ဖုန်းမော်ဒယ် | ထွက်ရှိချိန် | Chipset |
|---|---|---|---|
| Xiaomi | Xiaomi 12 | ဒီဇင်ဘာ ၂၀၂၁ | SM8450 Snapdragon 8 Gen1(4nm) |
| Xiaomi | Xiaomi 12 Pro | ဒီဇင်ဘာ ၂၀၂၁ | SM8450 Snapdragon 8 Gen1(4nm) |
| Xiaomi | Xiaomi Pad 5 | ဩဂုတ် ၂၀၂၁ | Snapdragon 860 (7 nm) |
| Oppo | Find X5 Pro | မတ် ၂၀၂၂ | SM8450 Snapdragon 8 Gen1(4nm) |
| Oppo | Find N | ဒီဇင်ဘာ ၂၀၂၁ | SM8350 Snapdragon888 5G(5nm) |
| Asus | Zenfone 8 | မေ ၂၀၂၁ | SM8350 Snapdragon888 5G(5nm) |
| Lenovo | Tab P12 Pro | နိုဝင်ဘာ ၂၀၂၁ | SM8250–AC Snapdragon 870 5G |
| Nokia | X20 | မေ ၂၀၂၁ | SM4350 Snapdragon 480 5G(8nm) |
| OnePlus | 10 Pro | ဇန်နဝါရီ ၂၀၂၁ | SM8450 Snapdragon8 Gen1(4nm) |
| Realme | GT 2 Pro | ဇန်နဝါရီ ၂၀၂၁ | SM8450 Snapdragon8 Gen1(4nm) |
| Sharp | Aquos Sense 6 | စက်တင်ဘာ ၂၀၂၁ | Snapdragon 690 5G |
| Vivo | X80 Pro | ဧပြီ ၂၀၂၂ | SM8450 Snapdragon8 Gen1(4nm) |
| ZTE | Axon 40 Ultra | မေ ၂၀၂၂ | SM8450 Snapdragon8 Gen1(4nm) |
| Tecno | Camon 19 Pro 5G | ဇွန် ၁၄ ရက်တွင် စတင်မိတ်ဆက်မည် | |

အထက်ပါ ဖုန်းမော်ဒယ်များကို အသုံးပြုနေသူများသည် အန်းဒရွိုက် ၁၃ စမ်းသပ်ဗားရှင်းကို အသုံးပြုလိုပါက သုံးနိုင်သော်လည်း အဆိုပါစမ်းသပ်ဗားရှင်းများမှာ အမှားအယွင်းမကင်းသေးဘဲ တည်ငြိမ်ခြင်းလည်း မရှိသေးသောကြောင့် သာမန်သုံးစွဲသူများအနေဖြင့် သုံးစွဲရန်သင့်တော်ခြင်းမရှိပေ။ ဂူဂဲလ်အနေဖြင့်လည်း အဆိုပါစမ်းသပ်ဗားရှင်းကို မိုဘိုင်းဖုန်းများအတွက် အက်ပလီကေးရှင်းရေးသားသူများ၊ ဖုန်းပြုပြင်သူများနှင့် နည်းပညာကို စိတ်ပါဝင်စားပြီး အန်းဒရွိုက်စနစ်အကြောင်း ကျွမ်းကျင်မှုရှိသူများသာ စမ်းသပ်သုံးစွဲလိုက အသုံးပြုနိုင်ရန် ထုတ်ပေးထားခြင်းဖြစ်သည်။ စမ်းသုံးလိုသူများသည် စမ်းသပ်ဗားရှင်းကို https://www.google.com/android/beta ဝက်ဘ်ဆိုက်လိပ်စာတွင် စာရင်းသွင်း၍ ဒေါင်းလုပ်ရယူနိုင်မည်ဖြစ်ပြီး မိမိတို့ဖုန်းနှင့် သင့်တော်ခြင်းရှိမရှိနှင့် စမ်းသပ်ဗားရှင်းကို တင်သုံးရမည့် နည်းလမ်းများကိုလည်း ထိုလိပ်စာမှာပင် ကြည့်ရှုနိုင်မည်ဖြစ်သည်။

အန်းဒရွိုက် ၁၃ စမ်းသပ်ဗားရှင်းနှစ်ခုဖြစ်သည့် ဗားရှင်း ၂ နှင့် ၂.၁ တို့တွင် ဖုန်းများ၏ စွမ်းဆောင်ရည်၊ ဘက်ထရီသက်တမ်းနှင့် လုံခြုံရေးတို့ကို မြှင့်တင်ပေးရန် ပြောင်းလဲမှုများပါဝင်ကာ မျက်နှာပြင်အရွယ်အစားကြီးသော တက်ဘလက်များနှင့် ခေါက်နိုင်သောဖုန်းများအတွက်လည်း ပိုမိုကောင်းမွန်စေမည့် စွမ်းဆောင်ရည်အသစ်များ ပါဝင်လာမည်ဖြစ်သည်။ သို့သော် ယခင် အန်းဒရွိုက် ၁၁ မှ ၁၂ သို့ အပြောင်းအလဲတွင် ပါဝင်ခဲ့သည့် Material You ကဲ့သို့ ဒီဇိုင်းပိုင်းတွင် သိသာထင်ရှားသော ပြောင်းလဲမှုမျိုး ပါဝင်ခြင်းမရှိကြောင်း သိရသည်။

**ကိုစိုး**

**ကိုးကား – xda–developers.com**

## တယ်လီနောမြန်မာကို Atom Myanmar ဟု အမည်ပြောင်းလဲ၊ ပုံမှန်ဝန်ဆောင်မှုများ ဆက်ပေးမည်

**ရန်ကုန် ဇွန် ၇**

တယ်လီနောမြန်မာကို ပိုင်ရှင်အသစ်ထံ ရောင်းချပြီးစီးပြီးနောက် မေ ၃၀ ရက်မှစ၍ ယခင် Telenor Myanmar Limited ကုမ္ပဏီအမည်မှ ATOM Myanmar Limited အဖြစ် အမည်ပြောင်းလဲလိုက်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ကြေညာသည်။

ကုမ္ပဏီအမည်ပြောင်းလဲခြင်းကြောင့် ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို အသုံးပြုနေသူများအပေါ်တွင် အကျိုးသက်ရောက်မှုရှိမည်မဟုတ်ကြောင်း၊ တယ်လီနော၏ ကတိကဝတ်များနှင့် ကိုယ်စားပြုမှုများသည် သုံးစွဲသူများနှင့် မိတ်ဖက်များအတွက် မပြောင်းလဲဘဲ ဆက်လက်ရှိသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ကုမ္ပဏီအမည်ပြောင်းလဲခြင်းသည် ပိုင်ဆိုင်မှု အလွှဲအပြောင်းနောက်ပိုင်းအခြေအနေများကို ထင်ဟပ်မှုရှိစေရန်ဖြစ်ပြီး ဤပြောင်းလဲမှုနှင့်အတူ ပိုမိုကောင်းမွန်သော ဆက်သွယ်ရေးဝန်ဆောင်မှုများဖြင့် အဖွဲ့အစည်းများနှင့် သုံးစွဲသူတစ်ဦးချင်းစီအတွက် ပိုမိုများပြားသော စီးပွားရေးအခွင့်အလမ်းများကို ဆက်လက်ဖော်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုး**

## Tech Age Girls အစီအစဉ် ၂၀၂၂-၂၀၂၃ ကို အူရီဒူးမြန်မာက ဆက်လက်ပံ့ပိုး

**ရန်ကုန် ဇွန် ၇**

မြန်မာအမျိုးသမီးငယ်များအား ဒစ်ဂျစ်တယ်နည်းပညာဖြင့် အရည်အသွေး မြှင့်တင်ပေးနိုင်ရန်နှင့် ဒစ်ဂျစ်တယ်ပိုင်းဆိုင်ရာ ကျား/မ ကွာဟချက်များကို ပေါင်းကူးဖြည့်ဆည်းပေးနိုင်ရန် နှစ်စဉ်ဆောင်ရွက်နေသည့် Tech Age Girls (TAG)မြန်မာအစီအစဉ်၏ ၂၀၂၂-၂၀၂၃ အစီအစဉ်ကိုလည်း အူရီဒူးမြန်မာက ဆက်လက်ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ဇွန်လဆန်းက ကြေညာခဲ့ပြီး TAG ၂၀၂၂-၂၀၂၃ တွင် အသက် ၁၆ နှစ်မှ ၂၀ နှစ်အတွင်းရှိ အမျိုးသမီးငယ် ၂၂၀ အား ခေါင်းဆောင်မှုနှင့် လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နည်းပညာကျွမ်းကျင်မှု စွမ်းရည်များဖြင့် ပံ့ပိုးလေ့ကျင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

TAG အစီအစဉ်သည် အမျိုးသမီးများအား ခေါင်းဆောင်မှုနှင့် လူမှုဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာကို အကောင်းဆုံးအသုံးချဆောင်ရွက်နိုင်စေရန် ပံ့ပိုးကူညီပေးသည့် အစီအစဉ်ဖြစ်၍ အစီအစဉ်တွင်ပါဝင်သည့် အမျိုးသမီးငယ်များကိုသာမက ၎င်းတို့၏ လူမှုအသိုင်းအဝိုင်းများကိုပါ အကျိုးရစေနိုင်မည်ဖြစ်သည်။ TAG အစီအစဉ်သည် တစ်နှစ်တာကြာမြင့်ပြီး အပိုင်းသုံးပိုင်း ပါဝင်ကြောင်း၊ ပထမပိုင်းတွင် ICT စွမ်းရည်များ လေ့ကျင့်သင်ကြားပေးခြင်း၊ ဒုတိယပိုင်းတွင် ခေါင်းဆောင်မှုစွမ်းရည်၊ လုပ်ငန်းခွင်စွမ်းရည်နှင့် စီမံကိန်းများစီမံခန့်ခွဲမှုစွမ်းရည်များ လေ့ကျင့်သင်ကြားခြင်းနှင့် တတိယပိုင်းတွင် ခေါင်းဆောင်မှုထိပ်သီးအစည်းအဝေး၊ စီမံကိန်းအကောင်အထည်ဖော်မှု၊ အစီရင်ခံခြင်းနှင့် စိစစ်အကဲဖြတ်ခြင်း စသည်ဖြင့် ပါဝင်သည်။ ယခုနှစ်ဒုတိယပိုင်းတွင် အမျိုးသမီးအခွင့်အရေးဟူသောအမည်ဖြင့် ကဏ္ဍသစ်တစ်ခု ပါဝင်မည်ဖြစ်သည်။



အူရီဒူးမြန်မာသည် မြန်မာစာပေ ပံ့ပိုးကူညီမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု ပရဟိတအဖွဲ့(MBAPF)နှင့် ပူးပေါင်းပြီး TAG အစီအစဉ်ကို ၂၀၁၆ ခုနှစ်မှစတင်၍ အင်တာနက်ချိတ်ဆက်မှုနှင့် ဒစ်ဂျစ်တယ်ပစ္စည်းများဖြင့် ပံ့ပိုးပေးခဲ့ရာ အဆိုပါအစီအစဉ်၏ အကျိုးရှိမှုကို တွေ့မြင်ရသောကြောင့် အူရီဒူးမြန်မာသည် ၂၀၁၇ ခုနှစ်တွင် အဓိကထောက်ပံ့သူဖြစ်လာခဲ့ပြီး ၂၀၂၀-၂၀၂၁ တွင် ပါဝင်သူဦးရေ နှစ်ဆတိုးမြှင့်လက်ခံနိုင်ရန် ပိုမိုပံ့ပိုးပေးခဲ့သည်။

Tech Age Girls အစီအစဉ်တွင် ပါဝင်တက်ရောက်သူများသည် ကောင်းမွန်စွာပြင်ဆင်ထားသော လေ့ကျင့်မှုများမှတစ်ဆင့် အသင်းအဖွဲ့အလိုက် ပေါင်းစည်းလုပ်ဆောင်နိုင်မှု စွမ်းရည်များ၊ နည်းပညာနှင့် လုပ်ငန်းပိုင်းကျွမ်းကျင်မှုစွမ်းရည်များကို ရရှိမည်ဖြစ်ပြီး နောက်ဆုံးတွင် မိမိတို့၏ လူမှုဝန်းကျင်အသီးသီးတွင် ခေါင်းဆောင်များအဖြစ် တာဝန်ယူဆောင်ရွက်စေနိုင်ရန် ယုံကြည်မှုနှင့် စိတ်ခွန်အားတို့ကို မြှင့်တင်ပေးနိုင်ရန် မျှော်လင့်ထားကြောင်း၊ အစီအစဉ်တွင် ပါဝင်မည့် အမျိုးသမီးငယ်များကို MBAPF က ၎င်း၏ နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်ကွန်ရက်မှတစ်ဆင့် ဝင်ခွင့်လျှောက်လွှာများ လက်ခံရွေးချယ်ခဲ့ပြီး အစီအစဉ်တွင် ပါဝင်ရန် စံသတ်မှတ်ချက်များမှာ အသက် ၁၆ မှ ၂၀ ကြား၊ ပညာရေးနောက်ခံ အနည်းဆုံး နဝမတန်းအောင်၊ အစီအစဉ်တွင် တစ်နှစ်ပတ်လုံး တက်တက်ကြွကြွ ပါဝင်နိုင်ပြီး တစ်ပတ်လျှင် အနည်းဆုံး အချိန်လေးနာရီကြာ သင်တန်းများတက်ရောက်နိုင်သူ စသည့်အချက်များဖြစ်ကြောင်း သိရသည်။

**ကျော်ဇင်ဦး**

## ဒေါ်ချွန်ချွန်ယဉ် (ဘ) ဦးကျော်ရင်သန်းနှင့် အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ နယ်မြေ(၂)၊ ဗိုလ်ချုပ်လမ်းနေ ဒေါ်သန်းသန်းဦး ၁/မကန(နိုင်)၀၂၉၂၂၉၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်ချွန်ချွန်ယဉ်(ဘ)ဦးကျော်ရင်သန်းနှင့် အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ကွေ့ကြီးရပ်ကွက်၊ နယ်မြေ(၂)၊ ဗိုလ်ချုပ်လမ်းရှိ မြေကွက်အမှတ် (၃၃)၊ အောင်ချမ်းသာ၊ ဦးပိုင်အမှတ်(၇၁)၊ မြေ အမျိုးအစား (L)၊ ဧရိယာ( ၀.၁၁၂ )ဧကရှိ ဝင်းမြေကွက်သည် မုံရွာခရိုင်၊ ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ကော်လိတ္တော်အရာရှိမှ မြေဂရန်အမှတ်-၂၂/၁၉၉၅ဖြင့် ၈-၅- ၁၉၉၅ ရက်က ၈-၅-၁၉၉၅ ရက်မှ ၇-၁-၂၀၂၅ ရက်အထိ နှစ်(၃၀)မြေငှားဂရန် ချထားပေးသော ဝင်းမြေကွက်ဖြစ်ပါသည်။

ဒေါ်သန်းသန်းဦးမှ တူမဖြစ်သူ ဒေါ်ချွန်ချွန်ယဉ် ၅/မရန(နိုင်)၀၀၁၅၈၂ အား ဒေါ်သန်းသန်းဦး၏ ဂရန်အမည်ပေါက်ဝင်းမြေကွက်၏ မြောက်ဘက်ခြမ်း အလျား ၈၀'xအနံ ၂၀ ပေအကျယ်ရှိ ဝင်းမြေကွက်ကို ၇-၁-၂၁၂၁ ရက်စွဲပါ မိသားစု စီမံမှုကတိစာချုပ်ဖြင့် လက်ရောက်ပေးအပ်ခဲ့ပြီးလည်း ဖြစ်ပါသည်။ ဒေါ်သန်းသန်းဦး အမည်ပေါက်ဂရန်ဝင်းမြေကွက်ကို ရောင်းပြီးပါက ဒေါ်သန်းသန်းဦးမှ ဒေါ်ချွန်ချွန်ယဉ်အား ကျပ် ၃၀၀,၀၀,၀၀၀/ ( ကျပ်သိန်းသုံးရာတိတိ )ပေးအပ်မည်ကို နှစ်ဦးနှစ်ဖက်သဘောတူညီကြပြီးလည်း ဖြစ်ပါသည်။

ဒေါ်ချွန်ချွန်ယဉ်မှ ဒေါ်သန်းသန်းဦးအမည်ပေါက် ဂရန်မြေကွက်အား အရောင်းအဝယ်ပျက်စေရန်၊ ဒေါ်သန်းသန်းဦး စိတ်ဒုက္ခရောက်စေရန်အတွက် အမွေဆိုင် ဖြစ်ကြောင်း၊ မုံရွာမြို့ လယ်ယာမြေနှင့် စာရင်းအင်းဦးစီးဌာနသို့ ကန့်ကွက်စာပေးပို့ခြင်း၊ အမွေဆိုင်ဖြစ်ကြောင်း သတင်းစာမှ ကြေညာခြင်းတို့ကို ပြုလုပ်ခဲ့ပါသည်။

မြေဂရန်အမှတ် ၂၂/၁၉၉၅ သည် ဒေါ်သန်းသန်းဦးအမည်ဖြင့် ဂရန်ချထားပေးသော ဝင်းမြေကွက်ဖြစ်သည့်အတွက် ဒေါ်သန်းသန်းဦးတစ်ဦးတည်းသာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသော ဝင်းမြေကွက်ဖြစ်ကြောင်း ဒေါ်ချွန်ချွန်ယဉ်(ဘ) ဦးကျော်ရင်သန်းနှင့် အမွေဆိုင်မဟုတ်ကြောင်းပိုင်ဆိုင်ခွင့်အကျိုးခံစားခွင့်လုံးဝမရှိကြောင်း ဒေါ်ချွန်ချွန်ယဉ်(ဘ)ဦးကျော်ရင်သန်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ-** | **ဦးညွန့်ဝေ(မုံရွာ)** |
| **ဒေါ်သန်းသန်းဦး(ဘ) ဦးသိန်းဟန်** | **တရားလွှတ်တော်ရှေ့နေ** |
| **၁/မကန(နိုင်)၀၂၉၂၂၉** | **စဉ်-၆၇၆၃** |
| **နယ်မြေ(၂)၊ ဗိုလ်ချုပ်လမ်း၊ မုံရွာမြို့။** | **စိုက်ပျိုးရေးလမ်း၊ ဒေါနခြံရပ်၊** |
| **ဖုန်း-၀၉-၂၅၉၇၉၈၀၂၉** | **မုံရွာမြို့၊ ရက်စွဲ ၁၂-၇-၁၉၉၉** |
| | **ဖုန်း-၀၉-၇၉၄၀၀၄၅၃၉** |

## ဦးထွန်းအုံ၊ နော်စိန်မေ၊ ဒေါ်ရိုစီ (ယခုနေရပ်လိပ်စာမသိ) သိစေရန်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၅/ဒီ၊ မြေကွက်အမှတ်- ၇၉/အ-၄၊ ဧရိယာ ၂ ဒသမ ၃၉၆ ဧကအနက် တရားဝင်မခွဲမစိတ်ရသေးသည့် အစိတ်အပိုင်း အလျားxအနံ(၁၀၃'/၁၀၁'x ၅၀'/၅၀)ပေရှိ လ/န ၃၉ ရှိပြီး မြေပိုင် မြေကွက်ကို လူကြီးမင်းတို့မှ မြေကွက်အရောင်းအဝယ်ကတိစာချုပ်များဖြင့် ဦးအမ်ဒင်းဂျာ ၁၂/မရက(နိုင်)၀၅၅၀၆၀ သို့ ရောင်းချထားခဲ့ပြီး ယခုအခါ ဦးအမ်ဒင်းဂျာမှ မြေကွက်အရောင်းအဝယ်စာချုပ် မှတ်ပုံတင်ရန် လူကြီးမင်းတို့မှ ၁၃-၆-၂၀၂၂ ရက် နောက်ဆုံးထားပြီး လိုက်လံဆောင်ရွက်ပေးပါရန်နှင့် သတ်မှတ်ရက်အတွင်း လူကြီးမင်းတို့မှ ဆောင်ရွက်ပေးခြင်းမရှိပါက ဦးအမ်ဒင်းဂျာမှ သက်ဆိုင်ရာရုံးများသို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစောတာကပေါ် (LL.B, D.B.L D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၅၅၀၃)**
**တိုက် ၉/၁၁၊ မြေညီထပ်၊ ၃၆ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၄၄၈၀၀၃၃၂၄**

## အများသိစေရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်၊ ဆရာစံ(တောင်)စံပြရပ်ကွက်၊ ငွေလရောင်လမ်း၊ အမှတ်(၂၉)၊ (၃)လွှာနေ ဦးကိုကိုနိုင် ၈/ပဖန(နိုင်)၀၃၃၄၅၁ နှင့် ဒေါ်သွယ်သွယ်ခိုင် ၁၂/သကတ(နိုင်) ၁၅၁၃၈၉ တို့သည် အကြင်လင်မယားဖြစ်ပြီး ဦးကိုကိုနိုင် သိရှိလက်မှတ်ရေးထိုးသဘောတူခြင်းမရှိဘဲ အောက်ပါပစ္စည်းများကို မည်သူ့ကိုမျှရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းမှအစ အခြားနည်းတစ်စုံတစ်ရာ လွှဲပြောင်းခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ပါသည်။ ပစ္စည်းများမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ အေးစေတီလမ်း၊ အမှတ်(၂၅၄/က) ခေါင်းရင်းခြမ်း၊ မြေညီနှင့်ပထမထပ်တိုက်ခန်း (၂)ခန်း၊ 2008 Model Hondafit GE 6 (4H 8791) တို့ဖြစ်ပါသည်။ **ဦးကိုကိုနိုင် ၈/ပဖန(နိုင်)၁၃၃၄၅၁ ၏ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ညွှန်ကြားသူ ဦးကိုကိုနိုင်** | **ဦးမြအောင် (B.A, R.L)** | **ဒေါ်မြသီတာဖြိုးဝေ (LL.B, D.B.L)** |
| | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| | (စဉ်-၂၅၇၅/၂၁-၅-၁၉၈၄) | (စဉ်-၅၀၉၈၉/၃၀-၄-၂၀၁၉) |
| | အမှတ်(၅၅)၊ အခန်း(၁၈)၊ | အမှတ်(၅၅)၊ အခန်း(၁၈)၊ |
| | မဟာဗန္ဓုလပန်းခြံလမ်း | ဒုတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ |
| | ကျောက်တံတားမြို့နယ်၊ | ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ |
| | ရန်ကုန်မြို့။ ဖုန်း-၀၉-၄၃၁၄၀၃၉၀ | ဖုန်း- ၀၉- ၄၂၀၁၂၈၆၇၁ |

## အယူခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကိုအယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၁ ခုနှစ် တရားမပထမအယူခံမှုအမှတ်-၃၂

| | | |
|---|---|---|
| ရန်ကုန်နည်းပညာနှင့်ရောင်းဝယ်ရေးကုမ္ပဏီ လီမိတက်(၎င်းကိုယ်စား- ဒုတိယအထွေထွေမန်နေဂျာ ဦးဇေယျာညီညီလတ်) | နှင့် | ဦးခင်မောင်ဌေး |
| **(အယူခံတရားလို)** | | **(အယူခံတရားပြိုင်)** |

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၁၁၆/၂၀၂၀ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ရွှေတိဂုံဘုရားလမ်း၊ MWEA TOWER ၊ အမှတ်-(၂၈၈/၂၉၀)နေ အယူခံတရားပြိုင် ဦးခင်မောင်ဌေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်တင်သွင်း၍ ထိုအယူခံမှု ကို ၂၀၂၂ ခုနှစ် ဇွန် ၂၄ ရက်(၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော်(၁၁)ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ သင့်ရှေ့နေဖြစ်စေ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသောအချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာ တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၁ ရက်တွင် ဤရုံး တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မို့မို့အောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## အယူခံမှုကို ဆိုင်ရန်ချိန်းဆိုသည့် နေ့ရက်ကိုအယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၁ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်-၃၃

| | | |
|---|---|---|
| ရန်ကုန်နည်းပညာနှင့်ရောင်းဝယ်ရေးကုမ္ပဏီ လီမိတက်(၎င်းကိုယ်စား- ဒုတိယအထွေထွေမန်နေဂျာ ဦးဇေယျာညီညီလတ်) | နှင့် | ဦးခင်မောင်ဌေး |
| **(အယူခံတရားလို)** | | **(အယူခံတရားပြိုင်)** |

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၁၁၇/၂၀၂၀ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ရွှေတိဂုံဘုရားလမ်း၊ MWEA TOWER ၊ အမှတ်-(၂၈၈/၂၉၀)နေ အယူခံတရားပြိုင် ဦးခင်မောင်ဌေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်တင်သွင်း၍ ထိုအယူခံမှု ကို ၂၀၂၂ ခုနှစ်၊ ဇွန် လ ၂၄ ရက်( ၁၃၈၄ ခုနှစ်၊ နယုန်လဆုတ် (၁၁)ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေသင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၁ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မို့မို့အောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## အယူခံမှုကို ဆိုင်ရန်ချိန်းဆိုသည့် နေ့ရက်ကိုအယူခံတရားပြိုင်သို့ အကြောင်းကြားစာ
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၁ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ်-၃၄

| | | |
|---|---|---|
| ရန်ကုန်နည်းပညာနှင့်ရောင်းဝယ်ရေးကုမ္ပဏီ လီမိတက်(၎င်းကိုယ်စား- ဒုတိယအထွေထွေမန်နေဂျာ ဦးဇေယျာညီညီလတ်) | နှင့် | ဦးခင်မောင်ဌေး |
| **(အယူခံတရားလို)** | | **(အယူခံတရားပြိုင်)** |

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး တရားမကြီးမှုအမှတ် ၁၁၈/၂၀၂၀ အမှုတွင် ချမှတ်သောအမိန့်ကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ရွှေတိဂုံဘုရားလမ်း၊ MWEA TOWER ၊ အမှတ်-(၂၈၈/၂၉၀)နေ အယူခံတရားပြိုင် ဦးခင်မောင်ဌေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်ဒီကရီကို အယူခံတရားလိုမှ အယူခံမှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်တင်သွင်း၍ ထိုအယူခံမှု ကို ၂၀၂၂ ခုနှစ်၊ ဇွန် လ ၂၄ ရက်( ၁၃၈၄ ခုနှစ်၊ နယုန်လဆုတ် (၁၁)ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်မှချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေသင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးတော်သို့ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့အပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအယူခံမှုတွင် ဒီကရီကို တရားမကျင့်ထုံးဥပဒေ အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် ချိန်းဆိုထားသော အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။ ၂၀၂၂ ခုနှစ်၊ ဇွန် ၁ ရက်နေ့တွင် ဤရုံး တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**( မို့မို့အောင် )**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၁၊ မြေကွက်အမှတ်-၄၀၇၊ မြေကွက်တည်နေရာအမှတ်-၄၀၇၊ ဗိုလ်ဥဩဏလမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဦးသန်းဦး(MDN-၀၂၀၉၁၂)အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)အား ဂရန်အမည်ပေါက် ဦးသန်းဦးနှင့် ဦးသောင်းတင်တို့အား တရားပြိုင်ထားကာ ဦးဝင်းအောင်(၎င်း၏အခွင့်ရကိုယ်စားလှယ်ဒေါ်ထက်ထက်လင်း)မှ တရားလိုပြုလုပ်၍ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၏တရားမကြီးမှုအမှတ်-၂၀/၂၀၂၁ဖြင့် ကတိပဋိညာဉ်အတိုင်းမြေကွက်နှင့်နေအိမ်အား အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် စွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့ပါသဖြင့် တရားရုံးဦးသန်းဦးပါ(၂)ဦး(ကိုယ်စား) ဘီလစ်ဒေါ်လွဲလွဲခိုင်မှ တရားမကြီးမှုအမှတ်-၂၀/၂၀၂၁၏(၂၇-၁၂-၂၀၂၁)ရက်စွဲပါ စီရင်ချက်ဒီကရီ၊ ယင်းတရားရုံး၏တရားမဇာရီမှုအမှတ်-၆/၂၀၂၂ ၏နေ့စဉ်မှတ်တမ်း၊ ဘီလစ်ခန့်အပ်စာ၊ ဂရန်မူရင်းတင်ပြ၍အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားခြင်းအား တရားဝင်ခိုင်လုံသောထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/6332 လက်ဝယ်ရှိသူ ဦးထွန်းအောင်ကျော် ၁၄/ကခန(နိုင်) ၀၆၆၆၅၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၈ယ/၈၅၃၀၉ Honda Scoopy လက်ဝယ်ရှိသူ ဒေါ်စုစန္ဒာအောင် ၁၃/ကမန(နိုင်)၀၀၁၂၃၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/44001 Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ 24 Power High Co Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုဥပဒေအမိန့် -၅၊ နည်းဥပဒေ ၂၀)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
## ၂၀၂၂ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၁၁၆

| | | |
|---|---|---|
| NIPPON PAINT (MYANMAR) CO.LTD (ကုမ္ပဏီ၏တာဝန်ပေးအပ်ခြင်းခံရသူမန်နေဂျာ ဦးဖြိုးမောင်မောင်) | နှင့် | ၁။ PH GLOBAL CO.LTD<br>၂။ ဦးဝေဖြိုးဟန် (ဒါရိုက်တာ)<br>၃။ ဒေါ်နှင်းအေးခိုင် (ဒါရိုက်တာ) |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ် (၁၀၆) နေ (၁)တရားပြိုင် PH GLOBAL CO,LTD၊ (၂)တရားပြိုင် ဦးဝေဖြိုးဟန် (ဒါရိုက်တာ)နှင့် (၃) တရားပြိုင် ဒေါ်နှင်းအေးခိုင်(ဒါရိုက်တာ) (ယခုနေရပ်လိပ်စာမသိသူ) တို့သိစေရမည်။

သင်တို့အပေါ်၌ တရားလိုမှ သဘော်ဆေးနှင့် အိမ်သုတ်ဆေးပစ္စည်းဖိုးငွေ ၁၀၁,၆၂,၆၈၅ ကျပ် ၃၅ ပြားနှင့် နစ်နာကြေးငွေ ၅၀,၀၀,၀၀၀/- စုစုပေါင်းငွေ ၁၅၁,၆၂,၆၈၅ ကျပ် နှင့် ၃၅ပြား ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၂ ခုနှစ် ဇွန်လ ၁၅ ရက်(၁၃၈၄ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်)မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ်၊ မေလ ၃၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်မာသီ)**
**ဒုတိယခရိုင်တရားသူကြီး(၈)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
## ၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် -၅၆၃နှင့် ဆက်သွယ်သည့်
## ၂၀၁၉ ခုနှစ် တရားမဇာရီမှုအမှတ် -၂၅

| | | |
|---|---|---|
| ဒေါ်ယုမာဆွေ | နှင့် | ၁။ ဒေါ်ချောကေခိုင်<br>၂။ ဦးငြိမ်းချမ်း |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံးများ** |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၅ရပ်ကွက်၊ ၅/၇ ဖြူဟ္မစိုရ်လမ်း၊ အမှတ်(၁၂/က)တွင် နေထိုင်သည့် (၁)တရားရှုံး ဒေါ်ချောကေခိုင်၊ (၂)တရားရှုံး ဦးငြိမ်းချမ်း(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

၂၀၁၈ခုနှစ် တရားမကြီးမှုအမှတ် -၅၆၃တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် ဒီကရီကို အတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေဖြင့်ဖြစ်စေ၊ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇူလိုင် ၅ရက် (၁၃၈၄ ခုနှစ် ဝါဆိုလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးရှေ့ လာရောက်စေ။

၂၀၂၂ခုနှစ် ဇွန် ၃ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဝါဝါလွင်)**
**ဒုတိယခရိုင်တရားသူကြီး (၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၂၀ )
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၂၂ ခုနှစ် တရားမကြီးမှု အမှတ် - ၃၂၁

| | | |
|---|---|---|
| ဦးတင်မင်းဦး | နှင့် | ဦးအာရှုံး |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ မြစံပယ်လမ်း အမှတ်-၃၅ နေ တရားပြိုင် ဦးအာရှုံး (ယခု နေရပ်လိပ်စာ မသိသူ) သိစေရမည်။

သင့်အပေါ် တရားလိုက “ မြေကွက်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ ခုနှစ် ဇွန် ၁၅ ရက် ( ၁၃၈၄ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်၊ ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်း လိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(တင်မြ)**
**ခရိုင်တရားသူကြီး**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9W/38330 ယာဉ်လက်ဝယ်ရှိသူ ဦးနေမျိုးဝင်း ၁၃/ဆဆန(နိုင်)၀၀၀၃၃၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1M/3515 ယာဉ်အမည်ပေါက်သူ ဦးကျော်ညွှန့် ၇/ထတပ(နိုင်)၀၀၄၄၀၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ငူ)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 7D/4430 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**
**ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၂၅၅၅၉ Honda Dream 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရွှေဌေး ၃/ဘအန(နိုင်)၁၅၂၂၉၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5J/9419 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## တရားဝင် ဇနီးမယားဖြစ်ကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့၊ ကန္တားလမ်း၊ ၄၁/ခ နေ ဒေါ်မြမြဦး ၁၄/ကပန(နိုင်)၀၀၃၆၀၃ သည် ကွယ်လွန်သူ ဦးလှဦး ၁၄/ကပန(နိုင်)၀၀၃၆၀၂ ၏ တရားဝင်ဇနီးမယားဖြစ်ပြီး ကန္တားလမ်းရှိ နေအိမ်ကိုလည်း ၎င်းကသာ အမှန်တကယ် ပိုင်ဆိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြမြဦး**
**၁၄/ကပန(နိုင်)၀၀၃၆၀၃**

## အမှားပြင် အမှန်ဖတ်ရှုပါရန်

(၃-၆-၂၀၂၂) နေ့စွဲပါ မြန်မာ့အလင်း သတင်းစာ၊ စာမျက်နှာ (၂၈) ရှေ့နေ ဦးစောကျော်စွာထွဋ်၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာပါ ဒေါ်နီနီသန်း (ခ) နီနီ (၁၂/အလန(နိုင်)၀၁၈၀ရ၃) အစား ဒေါ်နီနီသိန်း (ခ) နီနီ (၁၂/အလန (နိုင်) ၀၁၈၀ရ၃)ဟု အမှန်ပြင်ဆင်ဖတ်ရှုပေးပါရန်

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/4669 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/83010, Honda Click 150, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီထွေး ၁၂/တမန(နိုင်)၀၂၃၂၇၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၁ယ/၃၂၂၃၈, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motor Bike Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၆၁ ဆူ | ၄၅၉ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၃၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၈)၊ သူရလမ်း၊ မြေကွက်အမှတ်( ၈၈ )၊ အကျယ်အဝန်း( ၄၀ပေ× ၆၀ပေ )( ၀.၀၅၅၈ဧက )ရှိ ဒေါ်ယဉ်ကြွေ (KYN – ၀၈၅၀၁၈ ) အမည်ပေါက်နှစ်( ၆၀ )ဂရန်မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်နွေးအိအိကြည် (၁၂/ကမရ(နိုင်)၀၅၃၆၁၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးကျော်ဇင်ထွန်း (၅/မမန(နိုင်)၀၅၈၄၃၈)က ဝယ်ယူရန်အတွက် စရံငွေများပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါကအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးထိန်လင်းသန်း
LL.B, D.B.L, D.I.L, D.M.L,
တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၈၂)
Hein Htet San Law Firm

ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.P.L,
တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၂၀၄)

ဖုန်း – ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၄)၊ လူနေရပ်ကွက်အမှတ်(–)၊ မြေကွက်အမှတ်(၄၃၆)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးသက်ဆွေ(IGO-၀၆၄၀၉၁) အမည်ပေါက် မြေရုပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အဆိုပြုသူ ဦးမင်းဇော်(၁၄/ဘကလ(နိုင်)၁၀၆၂၄၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ တရားဝင်နိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးဇော်မျိုးနိုင်
LL.B, D.B.L
အထက်တန်းရှေ့နေ(စဉ်–၄၅၆၅၃)

ဦးတင်ကိုလှိုင်
LL.B
အထက်တန်းရှေ့နေ(စဉ်–၅၀၅၈၂)

ဖုန်း – ၀၉၂၅၀၂၉၀၇၈၁ ၊ ၀၉၂၅၀၉၇၁၇၂၉

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3D/4172 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

### အမည်ပြောင်း

ရန်ကုန်မြို့၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ ဦးဇော်မျိုးအောင်၏သမီး အထက (လှည်းကူး)တွင် ပညာသင်ကြားနေသော တတိယတန်းကျောင်းသူ မချစ်သက်ဝတီအား မခင်ထိပ်ထားဇော်ဟု ပြောင်းလဲခေါ်ပါရန်။

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9J/9974 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9P/1953 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/44046, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နော်ကြည်သာ ၈/မမန(နိုင်)၁၃၂၀၈၀ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၂၆၇၁၉, Yinxing 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့် ၉/မရမ(နိုင်)၀၆၀၃၂၆ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ဥပဒေအမိန့် –၅၊ နည်းဥပဒေ –၂၀)
### စလင်းမြို့နယ်တရားမရုံးတော်၌
### ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် –၃၄

ဦးစိုးကိုကို **နှင့်** ဒေါ်မြ
**တရားလို** **တရားပြိုင်**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊စလင်းမြို့နယ်၊ ပေါင်းနားရပ်နေ ဒေါ်မြ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးစိုးကိုကိုက အိမ်ဝိုင်းမြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ်ပြုလုပ်ချုပ်ဆိုပေးစေလိုမှုရလိုကြောင်း လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်ရာ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေကဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ ခုနှစ် ဇွန် ၁၆ ရက် (၁၃၈၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထု ချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇွန် ၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ငြိမ်းချမ်းအောင်)**
**မြို့နယ်တရားသူကြီး**
**စလင်းမြို့နယ်တရားရုံး**

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ချိုလေး ၈/မလန(နိုင်)၁၁၂၀၆၆၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၂၅၈၀၀၃၈၉၉**

### ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဇေယျာမင်း ၈/တတက(နိုင်)၁၆၆၂၇၆၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း–၀၉–၂၅၈၀၀၃၈၉၉**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ မယ်တော်စုရပ်နေ ဦးသန်းအောင်၏သား ဦးချစ်လွင် ၉/အမရ(နိုင်) ၀၃၂၈၄၃ နှင့် အမရပူရမြို့နယ် နန်းတော်ရာ စံပြကွက်သစ် ကံကော်လမ်း (နယ်မြေ၁/ခ)နေ ဦး သန်းထွန်း၏သမီး ဒေါ်ဖြိုးဖြိုးသန်း ၉/အမရ(နိုင်) ၁၀၈၀၀၇ တို့သည် (၅–၆–၂၀၂၂) ရက်တွင် နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲသည့် ကတိစာချုပ်အား အသိသက်သေ(၁)ဦးသင်း (ဘ)ဦးဘထွန်း ၉/အမရ (နိုင်)၀၃၉၀၀၁ အမရပူရမြို့နယ် (၂) ဦးဝင်းဌေး(ဘ) ဦးမြဝေ ၈/နမန(နိုင်)၀၉၇၆၅၁ သံလျက်မှော် အနောက်ရပ်ကွက် မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရပ်မိရပ်ဖများ ရှေ့မှောက်တွင် နှစ်ဦးသဘောတူလက်မှတ်ရေးထိုး၍ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ သို့ပါ၍ နှစ်ဦးသဘောတူ လင်မယားကွာရှင်းပြတ်စဲပြီးဖြစ်သည့်အတွက် ဦးချစ်လွင်နှင့် ဒေါ်ဖြိုးဖြိုးသန်းတို့သည် တစ်ဦးနှင့်တစ်ဦး (လုံး၀)သက်ဆိုင်မှု မရှိတော့ပါကြောင်းနှင့် ဒေါ်ဖြိုးဖြိုးသန်း၏ လူမှုရေးစီးပွားရေး အစရှိသည့် ကိစ္စအဝဝတို့သည်လည်း ဦးချစ်လွင်နှင့် မည်သို့မျှ မပတ်သက်ပါကြောင်း၊ ထို့အတူ ဒေါ်ဖြိုးဖြိုးသန်းအား ကိုယ်စိတ်နှလုံးညှိုးနွမ်းစေရန် ဂုဏ်သိက္ခာကျဆင်းစေရန် အသက်အန္တရာယ်ထိခိုက်စေရန် ပြုမူဆောင်ရွက်ခြင်းများပြုလုပ်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးဖြိုးသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ဝတ်ရည်လင်း( LL.B) အထက်တန်းရှေ့နေ(စဉ်– ၄၉၉၁၁/၁၈)**
**ဖုန်း– ၀၉–၇၅၂၈၂၀၀၀၃**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၊ မဲကုန်းရပ်ကွက်ရှိ ကွင်း/အကွက်အမှတ်(၂)(ဃ) ဈေးရပ်၊ ဦးပိုင်အမှတ်(၅၇)၊ ဧရိယာ ၀ ဒသမ ၅၈ ဧကရှိ အိမ်ခြံမြေကို ဦးဝင်းရွှေ–ဒေါ်နီနီဝင်း ၇/အတန(နိုင်)၀၈၃၀၄၅ မှလူနေထိုင်ရန် မြေငှားဂရန်သစ်ရရှိရေးမြေပိုင်ဆိုင်မှုအထောက်အထားများတင်ပြပြီး သတင်းစာတွင် စတင်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားသူအား ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**တောင်ငူခရိုင်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9G/7840, Toyota Alphard MNH15, Micro Bus(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇေမင်း ၁၂/ဗဟန(နိုင်)၀၈၄၁၉၉ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## အဆောက်အဦဦးစီးဌာန
## အဆောက်အဦအထူးအဖွဲ့ (၆/၁၀)
## စစ်ကိုင်းတိုင်းဒေသကြီး၊မုံရွာ
## တင်ဒါမှတ်စဉ် ( ၂/၂၀၂၂–၂၀၂၃)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

